


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


ထုတ်ဝေသူ

ဦးဘုန်းဇော်

အရှေ့ဘက်ကောင်းကင်

စာပေထုတ်လုပ်ဖြန့်ချိရေး

(မြဲ-၀၁၂၃၉)

ပုံနှိပ်သူ

ဦးသိန်းဦး

မြတ်ရတနာပုံနှိပ်တိုက်

(မြဲ-၁၉၁၃၁)

အုပ်ရေ - ၁၁၀၀ အုပ်

တန်ဖိုး - ၁၃၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း

ယနံ့စိုး

အတွင်းသရုပ်ဖော်

ကေလတ်

ကွန်ပြူတာစာစီ

ဇာနည်မော်

မျက်နှာဖုံးဖလင်

EAGLE

အတွင်းဖလင်

ရာဇာမျိုးဝင်း

စာအုပ်ချုပ်

ဇာနည်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄


# သွေးစုပ်ကျား

## သစ်ထူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| အခန်း(၁) | မှော်ရှင်း၊ မှော်မြင်ကွင်း |
| အခန်း(၂) | ဝမ္ဘီရကျား၊ နတ်ကျား၊ အရှင်ကြီးကျားလား |
| အခန်း(၃) | သွေးစုပ်ကျားကြီး |
| အခန်း(၄) | လွှစင်ပေါ်ကကျား |
| အခန်း(၅) | ကျားရဲကြမ္မာမယိုးသာ |
| အခန်း(၆) | သွေးစုပ်သောကျားဆိုးကြီးသတင်း |
| အခန်း(၇) | သွားရှိသော်လည်း ခါးချည့်နေသောကျား |
| အခန်း(၈) | ဖုန်းဆိုးတောမှသွေးစုပ်ကျား |
| အခန်း(၉) | ကျားဆိုးကြီးဇာတ်သိမ်း |




# သွေးစုပ်ကျားအတွက် အမှာစာ

ဤ ‘သွေးစုပ်ကျား’ ဝတ္ထုသည် စိတ်ကူးယဉ် ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်ဝတ္ထု လုံးဝမဟုတ်ပါ။ ‘သွေးစုပ်ကျား’ ဝတ္ထုသည် စာရေးသူ၏ ဖြစ်ရပ်မှန်ရသ ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

‘သွေးစုပ်ကျား’ ဝတ္ထုမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကျောက်စိမ်းမှော်တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ ည (၈)နာရီခန့်တွင် တာမခန်ကျေးရွာအုပ်စု၌ စတင်ဖြစ်ပွားခဲ့၍ ဇန်နဝါရီလ (၉)ရက်နေ့ (၁၂)နာရီတွင် အဆုံးသတ်ဇာတ်သိမ်းခဲ့သော ‘ကျားဆိုး၊ ကျားနာကြီး’ တစ်ကောင်၏ အံ့မခန်းဆန်းကြယ်လှသည့် ဇာတ်လမ်းဖြစ်ပါသည်။ ဤ ‘သွေးစုပ်ကျား’ ဝတ္ထုကြီးအား ရေးသားရာတွင် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များများစွာရှိပါသည်။

ပထမဦးစွာ ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ပေလင်းကျေးရွာမှ မိဘများဖြစ်သော ဖခင်ဦးချစ်ပို (ကလေးဝ)နှင့် မိခင်ဒေါ်ဘိုအိုးတို့အား



www.burmeseclassic.com

www.burmeseclassic.com



လက်ဦးဆရာကျေးဇူးရှင်များအဖြစ် ကန်တော့ရပါသည်။

ထို့နောက် မိမိအား ကူညီစောင့်ရှောက်ပေးပါသော အဘိုးဆရာတော်ဘဒ္ဒန္တတိက္ခဉာဏ(ဓမ္မရူတစာပေဆု၊ ဓမ္မဂုဏ်ရည် စာပေဆု၊ စာရေးဆရာစိတ်မိုး)၊ မိမိအား စင်တင်ပေးသော ဆရာဖြစ်သည့် စာရေးဆရာကြီးယောဂီစောလွင်နှင့် ဆရာမကြီး ဒေါ်မြမြစိန်တို့အားလည်းကောင်း၊

'သွေးစုပ်ကျားကြီး' အကြောင်းအား ရေးရန်အားပေးသော စာရေးဆရာမောင်စန်းလွင်(ကသာ)အားလည်းကောင်း၊ ဓာတ်ပုံများကို ကိုယ်တိုင်ကိုယ်ကျ စာရေးသူထံလာရောက်ပေးအပ်၍ ကူညီခဲ့သော ဓာတ်ပုံဥယျာဉ်မှူး(တာမခန်)အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

စာရေးဆရာမောင်စန်းလွင်(ကသာ)မှ မိမိထံစာရေး၍ 'ဆရာကျော် ရေးလျှင်ပိုကောင်းပါတယ်။ ကျားကြီးမှာ ရှစ်ပေမဟုတ်ပါ။ ရှစ်တောင်ခွဲရှည်လျားသော ကိုးတောင်ကျားစာရင်းဝင်ကျားကြီးမျိုးဖြစ်ပါသည်။ မြတ်ကြေးမုံမဂ္ဂဇင်းတွင် ရေးသားစဉ်က ရှစ်တောင်ဟု မှားယွင်းဖော်ပြခဲ့ပါသည်'ဟူ၍ တိုက်တွန်းခဲ့သည်။

သို့ဖြစ်၍ 'ကျားကြီး'အကြောင်းအား သုတစွယ်စုံမဂ္ဂဇင်း၌ ရေးသားခဲ့ရာ ဖော်ပြပေးကြသော ဆရာဒေါက်တာတင်ထွန်းဦး၊ ဆရာမဒေါက်တာခင်မိုးမိုး၊ ဆရာကြီးမြင့်သူရ၊





ဆရာမောင်မျိုးဆင့်(မြန်မာစာ)တို့ကိုလည်း ကျေးဇူးတင်ပါသည်။

'သွေးစုပ်ကျားကြီး' ဝတ္ထုရှည်အား အပိုင်းခွဲ၍ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၀ ခုနှစ် ဧပြီလထိ (၅)လတိုင်တိုင် အခန်းဆက်ဝတ္ထုအဖြစ် ခွဖောင်ရောင်စုံ ပန်းချီများဖြင့် ဖော်ပြစင်တင်ပေးခဲ့သော သူရဲ့မဂ္ဂဇင်းနှင့် အယ်ဒီတာချုပ် ဆရာဦးအောင်မြတ်၊ ဆရာတက္ကသိုလ်တင်ဟန်ကျော်တို့အားလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ထို့ပြင် မိမိအား အစစအရာရာ ကူညီပေးခဲ့ကြသော ဖားကန့်မြို့ပေါ်မှ ဦးခင်မောင်အေး (စပယ်ဖြူစာပေနှင့် အလှကုန် ဆိုင်) ဦးဇော်ဦး(တရားရုံးချုပ်ရှေ့နေကြီး)၊ ဗိုလ်မှူးခင်စိုး (မထသ ဥက္ကဋ္ဌ)တို့အားလည်းကောင်း၊

ဆိပ်မူကျေးရွာ (ယခင်ဆိုင်းတောင် ရွာသစ်)မှ ဓေဒညာရှင်ဦးသန်းဝင်း (စာရေးဆရာနောင်ဘွား၊ မနောမြေ)နှင့်ဇနီး ဒေါ်နန်းနုနု(ကုဋေထိုက်စာပေ) ဦးမြဝင်း၊ ဦးမောင်ဦး၊ ဦးသက်ဦး တို့အားလည်းကောင်း၊ တောင်ဆန်ကျေးရွာမှကိုမြင့်အောင်+မသန်းညွန့်(ဆိုင်ကယ်ဆိုင်)၊ ဦးစိုင်းလုံကွမ်၊ ဦးကျော်စွာနှင့် ဒေါ်အားရောင် ကိုနဂါးနှင့်မငယ်(သစ်ဆိုင်)တို့အားလည်းကောင်း၊

တောင်းကာရွာ(အထက်စဗွေမော်)မှ ဦးရွှေတိုးဝင်း+ဒေါ်နန်းနှင်းပု(တိုးနှင်းထက်ဟောမာန်၊ အိမ်သုံးလျှပ်စစ်လုပ်ငန်း)၊ ဦးညွန့်ဌေး+ဒေါ်အားနန်၊ ဦးခင်မောင်ညွန့်(စာရေးဆရာကြည်သစ်အိမ်၊ ကျွန်းလှ)၊ ကိုနိုင်ထွန်း(ပုလဲ)နှင့်ဇနီးမခန်းမာ(ပလော်င်)၊



www.burmeseclassic.com

www.burmeseclassic.com



ကိုချို၀င်းနှင့်မမကြီး၊ ကိုဘအောင်နှင့်ဇနီးဆရာမ၊ ကိုမိုးလွင်အောင်၊ ကိုကျော်လွင်ဦး (ပွားကြီး)၊ ဦးကျော်ဟန်(လောပန်း)၊ ကိုသိန်းလင်း(ဥက္ကဋ္ဌဟောင်း) ကိုမောင်မြင့်+မအားဖိန်း(ပြည့်စုံအောင်ကုန်စုံဆိုင်)တို့အားလည်းကောင်း၊

ကရင်ချောင်းရွာ(အောက်စဗွေမော်)မှ အမေဒေါ်စောကြည် ကုန်စုံဆိုင်က ကိုကျော်ဦး+မခင်ဖုန်း မိသားစု ဥက္ကဋ္ဌဟောင်း ကိုရဲဇော်အောင်နှင့်မမြင့်မြင့်စန်း၊ ကိုငွေးကြီးနှင့် ကိုကျော်ခိုင်၊ လောပန်းကို၀င်းမောင်နှင့် လောပန်း ကိုကျော်လင်း(ဟင်းတင့်)၊ ကိုချိုနန်းနှင့်မခင်မာသင်းတို့အားလည်းကောင်း၊

နမ့်မော်ရွာမှ ဦး၀င်းဗိုလ်+ဒေါ်တင်တင်ရီ၊ ကိုမင်းဇော်ထွေး+မမီးမီး၊ ကိုရေခဲ(အငြိမ်းကဖေး)တို့အားလည်းကောင်း၊

အောင်သာရွာမှ ကိုကျော်ဦး၊ ကိုတိုးအောင်၊ ကိုမောင်တိုး၊ ကိုနိုင်စိုးတို့အားလည်းကောင်း၊

ထို့ပြင် ဤ 'သွေးစုပ်ကျား' စာအုပ်ကို ထုတ်ဝေပေးသော ကိုဘုန်းဇော်(အရှေ့ဘက်ကောင်းကင်စာပေ)နှင့်အဖွဲ့ အား ပြောပြ၍မရလောက်အောင် ကျေးဇူးတင်ရှိပါသည်။

စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

**သစ်ထူးအိမ် (စာရေးသူ)**

၂၁-၁၀-၂၀၁၄





အချို့သော တကယ်အဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ဇာတ်လမ်းတို့ထက် ပိုမို၍ ထူးခြားဆန်းကြယ်စွာ ဖြစ်တတ်လွန်းပါသည်။

ယခုဖော်ပြပါ အဖြစ်အပျက်မှာ ရှာမှရှားသော အံ့မခန်းဖြစ်ရပ်ဆန်းဖြစ်၍ ကျောက်စိမ်းမြေမော် ဒေသဖြစ်သော ဖားကန့်မြို့နယ်အတွင်း အမှန်တကယ် ကြုံတွေ့ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ တကယ်အဖြစ်အပျက်အား အခြေခံ၍ ဂမ္ဘီရဆန်ဆန်ဖြင့် ဇာတ်လမ်းပမာ ဖတ်ရှုနိုင်စေရန် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)
## မော်ရွှေခင်း၊ မော်မြင်ကွင်း

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်။

သည်နေ့ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး ပျော်ပွဲ၊ ရွှင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြ၊ ခင်းကျင်းကြသလို၊ ကျောက်စိမ်းရတနာမြေမော်ဒေသဖြစ်သည့် ဖားကန့်မြို့တွင်လည်း ပျော်ပွဲရွှင်ပွဲ အားကစားပွဲများဖြင့် စည်ကားလျက်ရှိပါသည်။ ကျောက်စိမ်းတူးဖော်ရာ မော်ဒေသ၊ မော်ရွာများတွင်လည်း အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် စည်ပင်သိုက်မြိုက်နေတော့သည်။ ထို့အတူ တာမခန် ကျေးရွာတွင်လည်း လွတ်လပ်ရေးနေ့ဖြစ်သဖြင့် ကျောက်တူး ကျောက်ရှာ၊ ရွှေကျင် ရွှေရှာ၊ သစ်ခုတ်ဝါးခုတ်၊ ကြိမ်ခတ်လျှော်စွာ၊ လုပ်ငန်းများ၊ ထုံးဖုတ်၊ မီးသွေးဖုတ်၊ တောအလုပ်၊ တောင်ယာအလုပ်များလည်း ရပ်နားထားကြသည်။ မော်သူမော်သား အားလုံးနီးနီးမှာ အလုပ်မဆင်းကြဘဲ ပျော်ပါးလျှက်ရှိကြသည်။





အားကစားဝါသနာပါသူများကား တာမခန်ရွာရှိ အားကစားကွင်းတွင် ကျင်းပလျက်ရှိသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ အားကစားပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုကြ၊ ယှဉ်ပြိုင်ကြနှင့်ဖြစ်နေသည်။ တချို့ကား ဝါသနာတူရာများ စုဝေး၍ သောက်စားပျော်ပါးမူးယစ်နေကြသည်။ ငွေပိုငွေလျှံများရှိနေကြသဖြင့် ဝယ်ကြခြမ်းကြနှင့် ဈေးဆိုင်၊ စတိုးဆိုင်များ အထူးစည်ကား၍ ရောင်းကောင်းလျက်ရှိသည်။ ကျောက်ကျင်းများ မွေကျင်းများရှိရာ ဥရုချောင်းကမ်းပါးတွင် အလုပ်ဆင်းသူများမရှိသဖြင့် တိတ်ဆိတ်ခြောက်သွေ့၍ပင် နေတော့သည်။ လူသံ၊ စက်သံများ၊ ဆိတ်သုဉ်းနေလေသည်။

တာမခန်ရွာမှာ ကျောက်စိမ်းထွက်ရှိရာ ရတနာမြေဖြစ်သဖြင့် မြို့ကြီးတမျှ စည်ကားလှသည်။ မြန်မာပြည်အနှံ့မှ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ စီးပွားရှာ စုရုံးပေါင်းစည်းရာ မော်ဒေသတစ်ခုဖြစ်သည်။ ငွေကြေးဖောဖောသီသီသုံးစွဲနိုင်သောနေရာဖြစ်သဖြင့် အစားအသောက်၊ အသုံးအဆောင်ပစ္စည်း အကောင်းတကာ့ အကောင်းစားများကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်။

ကျောက်စိမ်းနှင့် ရွှေများထွက်ရှိရာ ဆယ်စင်း၊ ရွှေတောင်ကျော်၊ ကွန်ဟဲ၊ ဟောင်ပါး၊ ခါက်ခေါ၊ ဝေဆိုင်း၊ တာတော်၊ နမ်းရေတောင်၊ ခိုမ၊ တာမခန်၊ တာပဲ၊ ကုဋ္ဌေမော်၊ နန့်နှင်းလိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



တာဆန့်ကား၊ နမ့်စဘိန်း၊ မော်လုံ၊ ချောပြင်၊ ကျေးသီး၊ ကွန်းခါ၊ ရှင်တစ်ထောင်၊ ပေါက်ဝ၊ နမ့်မော်၊ ရေအိုးစင်၊ ဆင်ဆကောင်၊ ဘုရားတောင်၊ နမ့်လယ်ကွင်း၊ သစ်မြစ်တောင်၊ ရွာဟောင်း၊ ညိုမှိုင်း၊ ရေပင်၊ နမ့်မွန်းကျဲ၊ ကျောင်းတော်ရာ၊ ကသိုင်းတောင်၊ ရေပေါ်မီး၊ ပါဟုတ်ကြီး စသော ရွာတို့မှာ စည်ကားသော မော်ဒေသများနှင့် ဈေးစခန်းများသာ ဖြစ်ပါသည်။ ဒေသမော်အားလုံးအနက် တာမခန်ရွာမှာ ကျောက်စိမ်းလောပန်များ၊ ပွဲစားများ၊ ကျောက်တူးသမားများ၊ ရွှေရှာသမားများနှင့် ပို၍စည်ကားသည်။

တာမခန်ရွာမှာ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စုဝင် ရွာကြီးဖြစ်သော်လည်း ဟောင်ပါးရွာထက် စည်ကားသည်။ ကျေးရွာအုပ်စုခွဲအဖြစ် ထားရှိသဖြင့် လက်အောက်ခံမော်ကျေးရွာများ၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်များ၊ ရွှေကျင်းများ၊ ရွှေမျောများဖြင့် နေရာဒေသ ကျယ်ပြန့်သည်။ လူနေအိမ်ခြေများ၊ တဖြည်းဖြည်း တိုးတက်လာသည်နှင့်အမျှ ကျောက်စိမ်းတွင်မော်ရွာများ၊ ရွှေကျင်းမော်ရွာများ၊ ဈေးစခန်းရွာကလေးများမှာ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ယခင်က ဤမော်မြေမှာ ကာမိုင်းမြို့နယ်အဖြစ် တည်ရှိခဲ့သော်လည်း ၁၉၉၆ ခုနှစ်၊ ဇွန်လ လလယ်လောက်မှစ၍ ဖားကန့်မြို့နယ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ဖားကန့်ကား သာမန်ကျေးရွာကလေးမှသည် မြို့ပြအဖြစ်သို့





ရောက်ရှိလာသလို ကမ္ဘာကျော် ကျောက်စိမ်းမြို့တော်အဖြစ်လည်း သတ်မှတ်ခြင်းခံရသည်။

ဥရုမြစ်သည် မြောက်မှတောင်သို့ ဦးတည်၍ ဖားကန့်မြို့အား ရစ်ခွေလျက်ကျောက်စိမ်းမြေကို ကွေ့ကောက်တွန့်လိမ်ကာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ဥရုမြစ်သည် လှိုင်းထန်၍ ရေစီးသန်လှသည်။ ဟုမ္မလင်းမြို့အောက်ဘက် ချင်းတွင်းမြစ်တွင်းသို့ စီးဝင်သော မြစ်လက်တက်ကြီးလည်းဖြစ်သည်။ ကချင်ပြည်နယ်ကိုဖြတ်၍ စစ်ကိုင်းတိုင်းအတွင်း စီးဝင်အဆုံးသတ်သော ဥရုမြစ်သည် အဖိုးတန်ရတနာများနှင့် ပြည့်နှက်နေသည်။ ဥရုမြစ်၏ ဝဲယာကမ်းပါးတို့တွင် ကျောက်စိမ်း၊ ကျောက်နီ(ပတ္တမြား)၊ ရွှေ၊ ရွှေဖြူ၊ သစ်မွှေး၊ ကြိမ်၊ ဝါး၊ သစ်တို့ အလျှံပယ်ထွက်ရှိသည်။

ဥရုမြစ်တွင်း စုန်ဆန်သွားလာနေသော ခရီးသည်နှင့် ကုန်စည် ပို့ဆောင်သည့် မော်တော်၊ စက်လှေများသာမက ရေထဲတွင် ရွှေရှာနေသော ရွှေဖောင်များလည်း ခုတ်မောင်းသွားလာလျက်ရှိသည်။ မြစ်ကမ်းပါးဝဲယာတို့တွင် ရွှေကျင်၊ ကျောက်တူးလုပ်ငန်းကြောင့် လူသံ၊ စက်သံများနှင့်စည်ကားသလို ၄င်းလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်မြေစာများကြောင့် ဥရုမြစ်ရေပြင်မှာ ရဲရဲနီ၍နေတော့သည်။ လုပ်ငန်းများမှ ယိုစိမ့်လာသော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်ဆီများကြောင့် မြစ်ရေအတွင်း ဆီငွေများ



www.burmeseclassic.com

www.burmeseclassic.com



အကွင်း အကွင်းဖြစ်နေသည်။

ဖားကန့်မြို့နယ်သည်ကား တောတောင်ထူထပ်၍ သစ်ကြီး ဝါးကြီးပေါက်ရာ သစ်တောထွက်ပစ္စည်းများ ပေါများစွာ ထွက်ရှိသကဲ့သို့ မြေနှင့်ရေရရှိသော နေရာတိုင်း၌ အဖိုးတန်ရွှေ နှင့် ကျောက်စိမ်းရတနာများလည်း အနည်းနှင့်အများ ထွက်ရှိ သည်။ သို့ဖြစ်၍ ဖားကန့်ရတနာမြေကို အဓိကဒေသငါးခု သတ်မှတ်ထားရှိသည်။

၁။ ရွှေနှင့် ကျောက်စိမ်း၊ ကျောက်နီထွက်ရှိသော နမ့်ယားဒေသ။

၂။ ကျောက်စိမ်း ငုတ်ကြီးများနှင့် ရွှေများထွက်ရှိရာ လုံးခင်းတောမှော် ဒေသ။

၃။ ကျောက်စိမ်းများစွာထွက်သော ဖားကန့်ကြီး၊ ဆန်းကြွယ်ဒေသ၊

၄။ အရည်ကောင်း ကျောက်စိမ်းများ ထွက်ရှိသော ဆိုင်းတောင်နှင့် ဝေခါဒေသ၊

၅။ ရွှေနှင့် ကျောက်စိမ်းထွက်ရာ ဟောင်ပါးနှင့် တာမခန်ဒေသတို့ဖြစ်သည်။

ဆက်စပ်မှော်များကား များစွာရှိ၍ အမည်အမျိုးမျိုးဖြင့် ကျယ်ပြန့်လှသည်။





## ရွှေမှော် ရွှေကျင်လုပ်ခန်းခွင်

ရွှေနှင့် ကျောက်စိမ်းထွက်ရှိရာ ဟောင်ပါး၊ တာမခန် ဒေသမှာ ဖားကန့်မြို့နှင့်မိုင်(၂၀)ခန့် ဝေးသကဲ့သို့ ကသိုင်းတောင် ဟူသော ရောမသံတောင်ကြီးက မည်းမည်းပြောင်ပြောင်နှင့် ကြားခံဖြစ်နေသဖြင့် ပို၍ဝေးသကဲ့သို့ ထင်ရသည်။ လုံးခင်း၊ ဖားကန့်၊ ဆန်းကြွယ်၊ ဆိုင်းတောင်ဒေသများကဲ့သို့ ဥရုမြစ်ကမ်း ဘေး၌ တည်ရှိသော်လည်း ကောက်ကောက်ကွေ့ကွေ့မြစ်ကြောင်း ကြောင့် သီးသီးသန့်သန့်ဖြစ်၍နေသည်။ တာမခန်ရွာအောက်တွင် ဟောင်ပါးရွာရှိ၍ ဆယ်စင်းရွာအထိ ကချင်ပြည်နယ် ဖားကန့် မြို့နယ်ပိုင်ဖြစ်သည်။ ဥရုချောင်းဘေးရွာများဖြစ်၍ ရွှေကျင်သူ များက ပို၍များသည်။

ရေထဲမှ မြေစာ၊ သဲစာများကို ကော်၍ ကျုံး၍ စကာချ ရသည်။ ကော်ဇောစ၊ ဂုန်နီစတို့ခံ၍ ရွှေကိုဖမ်းရသည်။ စစ်ယူ ရသည်။ ကော်ဇော၊ ဂုန်နီအိတ်စများမရှိပါက ငှက်ပျောခွံကို ပါးပါးလွှာ၍ ရွှေဖမ်းရသည်။ ရလာသည့် ရွှေပါသော သဲစာများ ကို ဒယ်အိုးပြားနှင့် သဏ္ဍာန်တူသော အင်ဝိုင်းနှင့်ကျင်ယူရသည်။ အင်ဝိုင်းတွင် ကျန်ရှိသော သဲစာကို ပြဒါးရည်ဖြင့် ရောနှောကာ ရွှေကိုဖမ်း ယူရသည်။ ရဆောရွှေကို မီးဖုတ်လိုက်လျှင် ပြဒါးစင် သော ရွှေလုံး၊ ရွှေဥရသဖြင့် ရောင်းချရန်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကား တစ်ပိုင်တစ်နိုင်အဖြစ် လူအင်အား တစ်ယောက်၊ နှစ်ယောက်ဖြင့် လုပ်ကိုင်နိုင်သည်။

လူအင်အားများများ၊ စက်များများ သုံးနိုင်လျှင်တော့ တောင်ကမ်းပါးများကို ရေနှင့်ပန်း၍ မြေစာများကို အရည်ဖျော်ခြင်း၊ မှန်စုပ်စက်နှင့် ဖမ်းယူခြင်းဖြင့် ရွှေကို ရှာကြသည်။ ရွှေရှာရသည်မှာ ရေစိမ်၍ နေပူကျဲကျဲတွင် လုပ်ကိုင်ရသဖြင့် အလွန်ပင်ပန်းသည်။ ကျန်းမာရေးအထူးဂရုစိုက်ရသည်။ ကျောက်စိမ်းတူးသကဲ့သို့ သံတိုင်၊ ပေါက်ပြားကိုင်၍ သုံးရသလို တစ်ခါတစ်ရံတွင် ကံကောင်းပါက ကျောက်စိမ်းတုံးများပါ ရတတ်သည်။ ရွှေလုပ်သူများမှာ ပင်ပန်းသလို ငွေနှင့်မပြတ် အသုံးမပြတ် ရှိတတ်သည်။ ကျောက်တူးသူများကား ရောင်းစားကျောက် မရမချင်း အသုံးပြတ်တတ်သည်။ ကျောက်တူးသမားကျင်းသမားများအဖို့ကား ရွှေကျင်သမားများထက် သာသည်မှာ ကျောက်အောင်လျှင် သိန်းဆယ်ချီ၍ ရတတ်ခြင်းပင်ဖြစ်သည်။ သူပ်ငန်းကွာသလို ဂုဏ်ချင်းလည်း မတူကြချေ။

ခွန်ကျော်အောင်မှာ ကျောက်တူးသမား ကျင်းသားမဟုတ်ပါ။ ရွှေကျင်၊ ရွှေရှာသူသာ ဖြစ်သည်။ မော်ထဲတွင် ရွှေသမားမော်သားအဖြစ် သုံးနှစ်သုံးမိုးမက လုပ်ကိုင်နေသော်လည်း ကံခလိုက်သေး၍ထင့်၊ သောင်းကြီးသိန်းငွေကို ကိုင်နိုင်စွမ်းမရှိသေးချေ။ အခြားသူများက ရွှေကြောရွှေမြေကို စမ်းမိ၍ သူဌေးဖြစ်





သွားသူ၊ ပြေလည်သွားကြသူများ ရှိကြသည်။ ကံမလိုက်၍ အဆင်မပြေရသည့်ကြားထဲ ပြီးခဲ့သောလက တစ်လလုံး ငှက်ဖျားမိ၍ အကြီးအကျယ် ဖျားနာနေခဲ့သည်။ သည့်အတွက် စားကြွေးသာမက ဆေးကြွေးများပါ တင်ရှိနေခဲ့သည်။ ဖျားနေသည့် အထဲ အကြွေးပေးမည့်သူ ကူညီမည့်သူရှိ၍ပင် ဝမ်းသာရသေးသည်။ နေကောင်းပြီဖြစ်၍ အကြွေးဆပ်ရန်ကြိုးစားရဦးမည်။

သို့ဖြစ်၍ ခွန်ကျော်အောင်သည် လွတ်လပ်ရေးနေ့ဖြစ်သော်လည်း ကြွေးအပူ၊ စားဖို့အပူကြောင့် အလုပ်ပျက်မခံရဲဘဲ ရေထဲဆင်း၍ ရွှေကျင်နေရလေသည်။

"ခွန်ကျော်အောင်ရေ ပြန်ဖို့အချိန်သင့်ပြီ ထင်တယ်ကွ"

ဟိုဟိုသည်သည် တွေးရင်းမှ ကျောက်ခဲသလဲများကို အဆက်မပြတ် ရောမွှေနေသည့် ခွန်ကျော်အောင်အား လုပ်ဖော်ကိုင်ဖက် စိုင်းရွှေထူးက* လှမ်းအော်၍ အသိပေးလိုက်သည်။ ခွန်ကျော်အောင်နှင့် စိုင်းရွှေထူးမှာ တစ်ရွာတည်းသားချင်းများဖြစ်၍ အိမ်ချင်းလည်း နီးနီးကပ်ကပ်ရှိသည်။

စိုင်းရွှေထူးမှာ ရှမ်းတိုင်းရင်းသားဖြစ်၍ သိန္နီဇာတိ မြောက်ပိုင်းရှမ်းပြည်နယ်သားဖြစ်သည်။ ခွန်ကျော်အောင်မှာ ပအိုဝ့်တိုင်းရင်းသားဖြစ်၍ ရှမ်းပြည်နယ်တောင်ပိုင်းသား ဖြစ်သည်။ မော်ဒေသသို့ ရောက်ရှိ၍ လုပ်ရင်းကိုင်ရင်း သိကျွမ်းခင်မင်လာကြ ခြင်းဖြစ်သည်။ ယခုတော့ တာမခန်ကျေးဇက်နယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘစ် ဆောင်ရွာတွင် အခြေချနေထိုင်ရင်း ပို၍ခင်မင်ရင်းနှီးထောက်ကြသည်။ စိုင်းရွှေထူးမှာ ခွန်ကျော်အောင်ကဲ့သို့ လူပျိုလူလွတ်ဆေးတံသော်ဖြင့် ကလေးများ တစ်ပြုံတစ်မကြီးနှင့် စားဝတ်နေမှုချက်တည်းသူ ဖြစ်သည်။ ရွှေရှာ၍ ဘဝကို ရုန်းကန်နေရသည်။

"ငါးနာရီတောင် မထိုးသေးပါဘူးဗျာ။ စောပါသေးတယ်"

ခွန်ကျော်အောင်က ကျောက်ခဲများကို သဲ့၍ ထုတ်ပစ်ရင်း ရွှေသဲစာများကို အင်းဝိုင်းဖြင့် ဝိုင်း၍ သဲ့ယူနေသော စိုင်းရွှေထူးကို တုံ့ပြန်အဖြေပေးလိုက်သည်။ ညနေစောင်းပြီဆိုသော်လည်း နေရောင်က ကောင်းစွာရနေသေးသည်။

"ခါတိုင်းနေ့ဆိုရင်တော့ စောသေးတာပေါ့ကွာ၊ ဒီနေ့က လွတ်လပ်ရေးနေ့ဆိုတော့ ကလေးတွေက တာမခန်သွားပြီး ပွဲကြည့်ရင်း ဈေးတန်းလျှောက်ချင်ကြသေးတယ်ကွ။ ဒါကြောင့်ပါ"

တစ်နေကုန် ရေစိမ်၍ သဲကောက်လိုက်၊ ကျောက်ခဲပစ်လိုက်၊ ရွှေကျင်လိုက်နှင့် ခါးရော ခြေသလုံးတွေပါ တောင့်နေပြီကို သတိရလိုက်သော ခွန်ကျော်အောင်က သက်ပြင်းရှုံ့ချလိုက်ရင်းမှ-

"အဲ့ဒါဆိုရင်တော့ သိမ်းကြတာပေါ့ဗျာ။ ညောင်းလည်းညောင်းပါပြီ"





ခွန်ကျော်အောင်က ပြောပြောဆိုဆို ရေထဲမှထကာ ပေါက်ပြား၊ ဂေါ်ပြားများကို ဆေးကြောနေလိုက်သည်။ လက်ရှိစုစည်းထားသော ရွှေမြေစာများအား ယခုအတိုင်း စုပုံ၍ထားရတော့မည်။ မျောကျရွှေသဲစာနှင့် ပစ္စည်းကိရိယာများကိုတော့နေထိုင်သည့် ရှင်တထောင်မော်ထိ သယ်ဆောင်သွားရမည်ဖြစ်သည်။

"မင်းကော တာမခန်ကို ပွဲကြည့်မလိုက်ဘူးလား"

"လိုက်ချင်စိတ် မရှိသေးပါဘူးဗျာ။ အိပ်ရေးပျက်လို့မဖြစ်သေးသလို အလုပ်ပျက်လို့လည်း မဖြစ်သေးဘူးဗျ။"

စိုင်းရွှေထူးက တန်ဆာပလာများကို စုစည်း၍ ထမ်းလိုက်ရင်း

"ဒါတော့ ဒါပေါ့ကွာ။ တစ်ရက်လောက်နားလိုက်ရင်မကောင်းပေဘူးလားကွာ။ စိတ်လွတ်ကိုယ်လွတ် နေကြည့်တော့ပေါ့ပါးသွားတာပေါ့။"

"အင်း ... စိတ်လည်းမပါသေးပါဘူးဗျာ"

ပြောရင်းဆိုရင်း လုပ်ကိုင်ရင်းမှ ခွန်ကျော်အောင်နှင့် စိုင်းရွှေထူးတို့နှစ်ယောက်သား ရှင်တထောင်ရွာသို့ ပြန်ခဲ့ကြသည်။ ရွာနှင့် ရွှေကျင်သည့် ဥရုချောင်းမှာ မဝေးကွာလှသောမြစ်ကမ်းအနီးမို့ ခဏနှင့် ရောက်ခဲ့ကြသည်။

ကျောက်တူး၊ ရွှေကျင်ကြသောသူအများစုသည်



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်း သစ်ခက်တို့ဖြင့် တဲအိမ်ကို ဖြစ်သလိုဆောက်၍ ယာယီနေထိုင်ကြလေသည်။ ပလတ်စတစ်များ၊ ပီနန်အိတ်ခွံများဖြင့် ရသလို ကြုံသလိုကာရံကြရသည်။ သူ့အစု ကိုယ့်အစုဖြင့် ဇာတိနေရပ်တူချင်း၊ ဝါသနာတူချင်းစုဝေး၍ ဖြစ်သာရုံ တဲဆောက်ကာ နေထိုင်ကြသည်။

တဲစုလေးများကို ဖြတ်၍အလာတွင်-

''ဟင် ... ကိုခွန်ကျော် အလုပ်သိမ်းခဲ့ပြီးလား''

ရုတ်တရက် နှုတ်ဆက်လိုက်သော အသံကြောင့် ခွန်ကျော်အောင် တန့်သွားသည်။

နှုတ်ဆက်လိုက်သူကတော့ လုမိုင်နှင့် အဘောက်ဆိုတဲ့ ကချင်မလေးနှစ်ယောက်ပါ။ လုမိုင်နှင့် အဘောက်မှာ ညီအစ်မဖြစ်၍ ရှင်ဘာထောင်မှော်တွင် ကုန်စိမ်းရောင်းနေကြသူလေးများဖြစ်သည်။ တစ်ယောက်တစ်လဲစီ ဉရုမြစ်တွင်းဆင်း၍ ရွှေကျင်လေ့လည်းရှိသည်။ လုပ်ရင်းကိုင်ရင်း တစ်ရွာတည်းသားချင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးကြသည်။ အစ်မဖြစ်သူ လုမိုင်က မိမိကို သံယောဇဉ်တွယ်နေကြောင်းလည်း ခွန်ကျော်အောင်က ရိပ်မိနေသည်။

သို့သော် ခွန်ကျော်အောင်မှာ ကချင်မလေး လုမိုင်ကို စိတ်မဝင်စားအား။ ရှမ်းပြည်နယ် တောင်ပိုင်းတွင်ကျန်ရှိခဲ့သော ဖခင်ဖြစ်သူ ခွန်ထွေးအောင်ကို ငွေကြေးများ ရှာကြံ၍ ပို့နေ





သေးသည်။ ဖခင်ကြီးမှာ အသက်သာ (၆၀)နေသော်လည်း အဘောက်အစားက မပြတ်သေး။ တောင်ပေါ်ရှမ်းအရက်ကို နေ့စဉ်နှင့်အမျှ ပြတ်သည်ဟု မရှိပါ။ အသက်ကြီးလာသော်လည်း ဖခင်ခွန်ထွေးအောင်မှာ အသူရာအရက်ကို ပြတ်တော့မည် မထင်။

''ကိုခွန်ကျော် တာမခန်ကို ပွဲကြည့်လိုက်ခဲ့ပါလား''

''မလိုက်နိုင်သေးပါဘူးဟာ''

ဖခင်အကြောင်း စဉ်းစားမိရင်း ကမန်းကတန်း ဖြေလိုက်သည်။

''ကိုခွန်ကျော်က ဒီလိုပဲ ပြောတာပဲ။ ဒါဖြင့်လည်း ကျွန်မတို့တဲအိမ်ကို ကြည့်ပေးပါဦး။ ဘကြီးအောင်နဲ့ ဒေါ်ကြီးဆေးတို့လည်း မသွားဘူးပြောတယ်။ အဲဒါအသံလေးဘာလေး နားထောင်ပေးဦးနော်''

''အင်း ... အင်း''

ခွန်ကျော်အောင်က စိတ်မပါလက်မပါ အင်းရှည်ဆွဲ၍ ပြန်ခဲ့ရင်း မိမိတဲအိမ်ဘက်သို့ ထွက်ခဲ့သည်။ တဲမှာ ခွန်ကျော်အောင် တစ်ကိုယ်စာအတွက်သာ ဆောက်ထားသော တဲပေါက်စလေးသာဖြစ်သည်။ တဲနံရံကို ပီနန်အိတ်ဖြူ ပလတ်စတစ်တို့ဖြင့် ရရာကာထားသည်။ တဲအတွင်း၌ ကွပ်ပျစ်ကလေးတစ်ခုသာ တစ်ယောက်အိပ်စာ ဆောက်ထားသည်။ အိပ်စင်ကွပ်ပျစ်နှင့် ခြေရင်းမှာ တစ်ဆက်တည်းဖြစ်၍ မီးဖိုတွင် ဒန်အိုးတစ်လုံး ဒယ်အိုး

www.burmeseclassic.com

www.burmeseclassic.com



[illegible] အိမ်တန်ပြားနှစ်ချပ်၊ ခွန်းတစ်ချောင်းဖြင့်သာ ခွန်ကျော်အောင်က အဝတ်ကို ရင်ဆိုင်နေရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း နောင်လိုင်ရွာလေးတွင် ကျန်ရစ်ခဲ့သော ဖခင်ကြီးကို သတိရ၍နေသည်။ ဖခင်ကြီးထံသို့ ငွေမပို့နိုင်သည်မှာ တစ်လကျော်မျှ ကြာမြင့်ခဲ့ပြီ။ အဖေဘယ်လိုနေသလဲ၊ နေများမှ ကောင်းရဲ့လား၊ အရက်တွေများသိပ်ပြီး သောက်လွန်းနေပြီလား စသည့် အတွေးများစွာသည် ခွန်ကျော်အောင်အတွက် မတွေးမဖြစ် တွေးနေမိရင်း တစ်နေကုန် ပင်ပန်းသည့်ဒဏ်ကြောင့် အိပ်မောကျ၍ပင် သွားပါတော့သည်။

## ဆန်းကြယ်သော ဖြစ်ရပ်နှင့် ကြောက်စရာည

"တောင်ကြီးသားကွ။ ရှောင်ပြီးမသွားနဲ့ အချောင်တီးခံရမဟုတ်နော်။ ဘေးမရှောင်တဲ့ ထွေးအောင်တဲ့ဟေ့"

ညမိုးချုပ်စဖြစ်သည်။ ဖခင်ခွန်ထွေးအောင်၏ မူး၍ အော်ဟစ်သံကို ကြားသည်နှင့် လူမှန်းမသိဖြစ်နေပြီဖြစ်ကြောင်း ခွန်ကျော်အောင် သိလိုက်ရပြီ။ အသံကြားသည်နှင့် အိမ်ပေါ်မှ အပြေးဆင်း၍ ကြိုရသည်။ ဒါက နေ့စဉ်ပင်။

"အဖေ … အဖေ … သတိထားပါဦးဗျာ"

"သားကြီး ခွန်ကျော်လားကွ"





"ဟုတ်ပါတယ် အဖေရာ၊ အဖေကလည်း ပုဆိုးမနိုင် ဘာမနိုင် သောက်လာရတယ်လို့ဗျာ။ ရှက်စရာကြီး"

"ဟား … ဟား … ဟား သိပ်မများပါဘူးကွ။ နော့သင်းစတားအရက်က အလျှော့အတင်းထားလို့ မခက်ပါဘူး သားကြီးရ။ ခွန်ထွေးအောင်က အထင်သေးစရာရှောင်ပြီး တောင်ကြီးမှာ ပြောင်တီးလာတဲ့ အကောင်မါ ဟဲဟဲ"

ဖခင်ခွန်ထွေးအောင်မှာ သူပြောချင်ရာပြောပြီး ဆိုချင်ရာဆိုကာ ယိမ်းထိုးကခုန်လျက်ရှိသည်။ နော့သင်းစတားမှာ အရက်ကန်ထရိုက်ဆိုင်အမည်ဖြစ်၍ ခွန်ကျော်အောင်မှာ မျက်နှာ ရှုံ့လိုက်မိ၏။ မိမိတို့ရွာကို အရက်သမား မများ များအောင် လုပ်ဆောင်နေသော ဆိုင့်အမည်ဟု မှတ်ထင်ထားသည်။

တွေးတောရင်းဖြင့် ဖခင်ကြီးအား မနိုင်မနင်းဆွဲကာ အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ လှေကားငါးထစ်သာ ရှိသော အိမ်မှာ မမြင့်လှသော်လည်း ဝရန်တာ ကာလကြာသလို မိုးရေကြောင့် ဆွေးနေသဖြင့် ခနော်ခနဲ့ဖြစ်နေသည်။ သို့ဖြစ်၍ သတိထားကာ တက်ရသည်။ သတိထားနေသည့်ကြားမှ ခနော်ခနဲ့ဖြစ်နေသော ဝရန်တာသည် လှုပ်ယမ်းသွားသဖြင့် နှစ်ယောက်သား ဟန်ချက်ပျက်သွားသည်။ တရွတ်ဆွဲ၍ တွဲထားသော ဖခင်ခွန်ထွေးအောင်မှာ ခြေချော်ကျသွားသည်။ ဖခင်ကြီး၏ ခန္ဓာကိုယ် အလေးချိန်ကြောင့် ခွန်ကျော်အောင်လည်း ဟပ်ထိုးသကျကာ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှင့်လှေကားထစ်တို့ ပြင်းထန်စွာ ရိုက်မိသဖြင့် နာနာကြည်းကြည်း အော်ဟစ်လိုက်မိသည်။

"အောင်မလေးဗျ"

အောင်မလေးဗျဟူသော ငယ်သံပါအောင် အော်ဟစ်လိုက်သော အသံသည် ညည့်ဦးယံ၌ နက်နက်နဲနဲထွက်ပေါ်လာသည်။ ခွန်ကျော်အောင်၏ တဲကလေးမှာ ဝရုန်းသုန်းကားဖြစ်ကာ ဝုန်းဒိုင်းကြဲနေတော့သည်။ "ဂူး ... ဂဲ ... ဂရား ... ဂရား" ဟူသော သတ္တဝါတစ်ကောင်၏ မာန်ဖီသံကို ကြောက်လန့်ဖွယ်ရာ ကြားလိုက်ကြသည်။ အသံများမှာ ထိတ်လန့်တကြားတစ်ပြိုင်နက်တည်း ထွက်ပေါ်လာသဖြင့် ပွဲကြည့်မသွားဖြစ်ကြသော တဲနီးအချို့ အပြေးအလွှား ရောက်လာကြသည်။

"ခွန်ကျော်အောင် ... ခွန်ကျော်အောင် ဘာဖြစ်တာလဲ"

ဆူညံသော အမေးစကားမဆုံးခင် ဝုန်း ... ဂလုံးဟူသော အသံကြီးနှင့်အတူ တဲအိမ်ကလေးသည် အမိုးအကာ များပွင့်ထွက်ကာ အဝါနှင့်အနက်စင်း ကျားကြီးတစ်ကောင် ရုတ်တရက် ပေါ်ထွက်လာသည်။ ကျားကြီး၏ ပါးစပ်မှလည်း လူတစ်ဦး၏ ပခုံးကို မိမိရရ ခဲထားသည်ကို တွေ့ကြရသည်။ ပခုံးကို ကျားကြီးကိုက်ခဲခဲထားရသူကား ခွန်ကျော်အောင်ပင်ဖြစ်သည်။





"အမလေး ... ကျားကြီးဗျ"

"ဟာ ... ကျားကြီးဟေ့ ... ကျားကြီး ... ခွန်ကျော်အောင်ကို ကိုက်ထားတယ်"

"ဝိုင်းပါဟ ... ခြောက်ပါဟ ... ရရာနဲ့ချကွာ။ ပစ်ဟေ့ ပစ်ကွ"

အသံများ မျိုးစုံပေါ်ထွက်လာသည်။ တစ်ခဏချင်းမှာပင် လူအများစုရုံးရောက်ရှိလာတော့သည်။ ဓာတ်မီးရောင်များ၊ လူသံများကြောင့် ကျားကြီးမှာ မှောင်ရိပ်ခို၍ မာန်ဖီနေသည်။

"ဓာတ်မီးနဲ့ ဝိုင်းထိုး၊ ဝိုင်းထိုး"

"ရရာနဲ့ပစ်ဟေ့ ... တွေ့ရာနဲ့ ထိုးကွာ"

"ဝါးချွန်နဲ့ ထိုးကြဟေ့"

"ဟေး ... ဟေး .. ဟိုး .. ဟိုး ... သွား ... သွား"

ရှင်တုထောင်မှော်ကျေးရွာလေးတွင် နေထိုင်၍ လွှတ်လပ်ရေးနေ့ည ကပွဲသို့မသွားကြသော ရွှေကျင်၊ ကျောက်ရွာသမားများ၊ မော်သူမော်သား၊ မိန်းမ၊ ယောကျ်ားအားလုံး စုရုံးလာကာ ဝိုင်းအုံမောင်းထုတ်ကြသည်။ တွေ့ရာ ကျောက်တုံး၊ ကျောက်ခဲ၊ ဝါးချွန်တို့ဖြင့် ပစ်ပေါက်ကြသည်။ လူအများ စုဝေးနေထိုင်ရာ တဲအိမ်စုရွာလေးဖြစ်၍ အရေးတကြီးစုစည်းမိကြသောအခါ ကြောက်ရွံ့စိတ်များ မရှိကြတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးမှာ လူအများဝိုင်းအုံ၍ မောင်းထုတ်သံများ၊ လက်နှိပ်ဓာတ်မီးရောင်များကြောင့်ထင်သည် ခွန်ကျော်အောင်ကို ခဲထားရာမှ မြေပြင်သို့ လွှတ်ချကာ လူအများဆီသို့ ပါးစပ်ကြီးကို ဟလျက် ဟိန်းဟောက်လိုက်၊ မာန်ဖီလိုက်ရှိသည်။ လူအများ၏ ကြုံရာ ရရာနှင့် ပစ်ပေါက်ကြသော တုတ်၊ ခဲနှင့် ပစ္စည်းများကို ညာလက်ကြီးတစ်ဖက်ဖြင့် ပြန်လည်ပုတ်ချနေသော်လည်း ကျားကြီး၏ ခန္ဓာကိုယ်သို့ ကျောက်ခဲများ အရာဝတ္ထုများ တရစပ် ထိမှန်နေတော့သည်။ ကျားကြီးမှာ နောက်ဆုတ်နောက်ဆုတ်နှင့် မှောင်ရိပ်ခိုကာ ဒေါသတကြီး ဖြစ်နေသည်။

ထိုစဉ်

"သံတိုင်နဲ့ပစ်မယ်ဟေ့ ... ဖယ်ကြ ဖယ်ကြ"

လူတစ်ဦးက ကျောက်တူးရာတွင် အသုံးပြုသည့် တစ်လံခန့်ရှိ နှစ်ဖက်ချွန်သံတိုင်ခေါ် သံချွန်ကြီးဖြင့် အပြေးအလွှားရောက်ရှိလာသည်။ ဝါးနှစ်ပြန်ခန့် ဝေးသောကျားကြီးအား သံတိုင်ကြီးဖြင့် လှံတံပစ်သကဲ့သို့ အားကုန်လွှဲ၍ ပစ်လိုက်သည်။ သံတိုင်မှာ ကျားကြီးကို မထိုးစိုက်မိသော်လည်း နောက်ပိုင်းတင်ပါးအား ရှပ်ပွတ်၍ သွားသည်။

အတန်ကြာ ကျားကြီးမှာ လူအုပ်၏ ခြိမ်းခြောက်ခြင်းအရှိန်ကို မခံနိုင်တော့ဘဲ နောက်ပြန်တစ်ပတ်ကျွမ်းပစ်၍ ခုန်ထွက်သွားလေသည်။ လူထုမှာ အော်ဟစ်မောင်းထုတ်နိုင်ကြသော်





လည်း တောစပ်မှောင်မည်းမည်းတွင် ပျောက်ကွယ်သွားသော ကျားကြီးနောက်သို့ မလိုက်နိုင်တော့ချေ။

ခွန်ကျော်အောင်မှာ နာကျင်စွာ အော်ဟစ်ညည်းညူနေသည်။ သွေးများကား ခွန်ကျော်အောင် တစ်ကိုယ်လုံးသာမက မြေပြင်အနှံ့မှာပင် ရွှဲရွှဲစို အိုင်ထွန်းနေတော့သည်။ တဲနီးချင်းများက ခွန်ကျော်အောင်အား ပွေ့ချီလျက် နီးစပ်ရာတဲတစ်ခုသို့ ခေါ်ဆောင်သွားကြသည်။ ခွန်ကျော်အောင်တဲမှာ နေ၍မရအောင် လုံးဝဥဿုံ ပျက်စီးသွားပြီဖြစ်သည်။

ကျားကိုက်သော ပခုံးဒဏ်ရာမှာ သွေးအလွန်ထွက်နေသဖြင့် ညတွင်းချင်း တာမခန်ဆေးခန်းသို့ သွားရောက်ရန် စီစဉ်ကြသည်။ ခွန်ကျော်အောင်ကား ကျားကိုက်ခဲသော ဒဏ်ရာအရှိန်ကြောင့် သတိမေ့နေဆဲပင်။ စောင်ကို ထမ်းပိုးနှင့်သိုင်းကာ ပုခက်လုပ်၍ လူနာသယ်ဆောင်ရန်ပြင်ဆင်နေကြစဉ် -

"အမလေးတော် ... သေပါပြီ"

"လာကြပါဦးဗျ ... ကျားကြီး ... ကျားကြီး ကျုပ်မိန်းမကို ကျားကြီးဆွဲနေပြီဗျ"

ရှုံးစူးရှရှနှင့် အော်ဟစ်လိုက်သည့် အသံ၊ အသံနက်ကြီးနှင့် ဟစ်အော်လိုက်သည့် အသံ တစ်ပြိုင်နက်တည်း ထိတ်လန့်စွာ ကြားလိုက်ရသည်။ ခွန်ကျော်အောင်ကို ပြုစုနေသော လူအများသည် ရုတ်ခြည်း လန့်ဖျပ်၍ သွားကြသည်။ ယောကျ်ားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ငယ်သံပါအောင် တစ်ပြိုင်နက် ထွက်ပေါ်လာသော အသံကြောင့် မှော်သူမှော်သားများမှာ အံ့ဩတကြီးနှင့် စုရုံးမိကြပြန်သည်။ ညမှောင်မှောင်တွင် မီးအလင်းရောင်များဖြင့် ရှုပ်ယှက်ခတ်သွားသည်။

''ဟိုဘက်တဲ ကျားဝင်ဆွဲနေပြီတဲ့။ လာကြဟေ့ ... လာကြ''

တစ်ဦးတစ်ယောက် သတိပေးနှိုးဆော်လိုက်သဖြင့် အော်ဟစ်သံ ထွက်ပေါ်ရာတဲဆီသို့ အပြေးအလွှားသွားရောက်ကြရပြန်သည်။ ဓာတ်မီးရောင် တဝင်းဝင်းဖြင့် တုတ်များ၊ ဓားများ ကျောက်ခဲများ၊ ကိုင်ဆောင်၍ ကျားဝင်သော တဲအိမ်ကို ဝိုင်းလိုက်ကြသည်။

''ဘယ်သူလဲဟေ့ .. ဘယ်သူလဲ''

''ကျားဆွဲခံရတာ ဘယ်သူလဲ''

''လက်သမားဆရာ ဘကြီးအောင်အိမ်ကဗျ။ သူ့မိန်းမ ဒေါ်နန်းဆေးရဲ့ အော်သံလည်း ကြားလိုက်တယ်''

''ဗျို့ ဘကြီးအောင် ... ဘကြီးအောင်။ မဆေး ... မဆေး''

တဲအိမ်ခြေများနှင့်ပြည့်နေသော ရှင်တထောင်ရွာကလေးမှာ ရုတ်ခြည်း ကမ္ဘာပျက်သကဲ့သို့ ဖြစ်ရပြန်၏။ မြန်မာ၊ ရှမ်းကြီး၊ ရှမ်းလေး၊ ယော၊ ကချင်တိုင်းရင်းသားမျိုးစုံ စုဝေးရာဖြစ်သဖြင့်



အသံမျိုးစုံ၊ ဘာသာစကားမျိုးစုံမှာ လေယူလေသိမ်းအမျိုးမျိုးဖြင့် စီစီညံ၍ နေတော့သည်။

''ဝိုင်းဟ၊ ချဟ ပစ်ပါဟ၊ မီးထိုးပါဟ ''

ဆိုသော အသံနှင့်အတူ–

''မကြောက်ကြနဲ့၊ မကြောက်ကြနဲ့၊ သတိထား... သတိထား''

ဟူသောအသံမှာ ဆူညံနေသလို မြင်ကွင်းကလည်း အကျည်းတန်လှ၏။

ကျားကြီးတစ်ကောင်မှာ ဒေါ်နန်းဆေး၏ခြေသလုံးကို ကိုက်ခဲ၍ တဲပြင်သို့ဖွတ်တရွတ် ဆွဲယူနေ၏။ ဘကြီးအောင်ကလည်း ဇနီးဖြစ်သူဒေါ်နန်းဆေး၏ခေါင်းကို စုံကိုင်ကာ ပြန်ဆွဲနေသည်။ ကျားကြီးနှင့် ဘကြီးအောင်တို့မှာ အားချင်းပြိုင်၍ ဒေါ်နန်းဆေးကို လုယူနေကြသလို ဖြစ်နေသည်။ မီးအလင်းရောင်အောင်တွင် သွေးသံရဲရဲနှင့် ကိုက်ခဲနေသောကျားကြီးမှာ ရှည်လျားသော ခန္ဓာကိုယ်နှင့် မျက်လုံးနီနီကြီးနှစ်လုံးကို ဝင်းဝင်းတောက် မြင်နေရသည်။ ဘကြီးအောင်ကလည်း ခြေစုံကိုင်၍ ဒေါ်နန်းဆေး၏ ခေါင်းကိုကိုင်ကာ အံကြိတ်၍ ဆွဲယူနေသည်။ ဒေါ်နန်းဆေးက အော်ဟစ်ငိုယိုရင်း သတိမေ့သွားလေသည်။

အမှန်မှာ တစ်ပြိုင်နက်တည်း ဆက်တိုက်လိုလို ဖြစ်သွားခြင်းသာ။ ခွန်ကျော်အောင်အား ကိုက်ခဲထားရာမှ မေ့မေ့းထုတ်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော ကျားကြီးသည် အမှောင်ထဲ တိုးဝင်ပျောက်ကွယ်ကာ ရွာစပ်ရှိ ဘကြီးအောင်နှင့် ဒေါ်နန်းဆေးတို့ တဲအိမ်အနီးတွင် မှောင်ရိပ်ခိုနေပြန်ဟန်တူ၏။ တစ်ဖက်တဲများဆီမှ 'ကျား ကျား' ဟု အော်ဟစ်ချိန်တွင် ဘကြီးအောင်က အိပ်ရာမှထကာ ကူညီရန်ပြေးထွက်သွားစဉ် ကလေးများနှင့်အတူ အိပ်နေသော ဒေါ်နန်းဆေးက လန့်ဖျပ်ကာ ငုပ်တုတ်ထထိုင်နေခဲ့သည်။ တော်တော်ကြာ၍ 'ကျား ကျား' ဟု အော်သံဆူညံသံများ ငြိမ်းအေးသလောက်ရှိစဉ် ကလေးများအားစောင်များဖြင့်ထပ်ခြုံ၍အငယ်ဆုံးကလေးအနီးတွင် မြှောင်၍ အိပ်နေလိုက်သည်။ စိုးရိမ်စိတ်ကြောင့် အိပ်၍တော့ မပျော်သေးချေ။

ခွန်ကျော်အောင်တဲအိမ်မှ ကျားကို ဝိုင်း၍မောင်းထုတ်ရာတွင် ကျားကြီးထွက်ပြေးသွားသဖြင့် လူစုကွဲသောအခါ ဘကြီးအောင်သည် ဇနီး၊ ကလေးများနှင့် အိမ်ကို စိတ်မချသဖြင့် ခပ်သုတ်သုတ် ပြန်လာခဲ့သည်။ ထိုနည်းအတူ လူများရန်ကြောင့် ခုန်ပေါက်ထွက်ပြေးလာသော ကျားကလည်း တောစပ်အတိုင်း ထွက်ပြေးလာစဉ် လက်သမားဆရာကြီး ဘကြီးအောင်၏ တဲအတွင်းမှ လှုပ်ရှားသံနှင့်အတူ လူနံ့ကို ထပ်မံသတိပြုမိဟန်ရှိသည်။ ပီနန်အိတ်ခေါ် မြွေရေခွံအိတ်ဖြူ ကာထားသဖြင့် တဲအတွင်းလှုပ်ရှားနေပုံ မှုန်ဝါးဝါးအရိပ်ကို မြင်ဟန်တူသော ကျားမှာ ဒေါ်နန်းဆေးရှိရာ တဲအိမ်အတွင်းသို့ အတင်းတိုးဝင်လေ





တော့သည်။

ထို့နောက် တဲနံရံ ပီနံအိတ်အကာများကို လက်နှင့်ပုတ်၍ ဖျက်ဆီးပြီး အပြေးအလွှားဝင်ရောက်ကာ တွေ့ရာလူကို ကိုက်ဆွဲခြင်းဖြစ်သည်။

တဲနံရံကို ဖောက်သံနှင့်အတူ ကျားခေါင်းပိုင်း တဲအတွင်း တစ်ပြိုင်နက်တည်း ရောက်လာသည်နှင့် ဒေါ်နန်းဆေးမှာ ငယ်သံပါအောင် အော်ဟစ်လိုက်သည်။ သွေးရဲရဲ ပါးစပ်ပြဲပြဲ ကျားခေါင်းကြီးကို မြင်သည်နှင့် တစောင်းအနေအထားမှ ကြောက်ရွံ့ ထိတ်လန့်စွာ လူးလဲ၍ ထထိုင်လိုက်သည်။

ဘကြီးအောင်မှာ အိမ်ကိုစိတ်မချ၍ ခပ်သုတ်သုတ်အလာ ဇနီးသည်အော်သံကြောင့် 'ဘာဖြစ်နေတာလဲဟ' ဟု ရေရွတ်ရင်း ပြောပြောဆိုဆို တဲအိမ်အတွင်းဝင်လိုက်စဉ် ကျားကြီးမျက်နှာအား အနီးကပ်မြင်လိုက်ရသည်။

ကျားကြီးမှာ ဝင်ရောက်လာသော ဘကြီးအောင်ကို မြင်လိုက်သည်နှင့် နီးစပ်ရာ ဒေါ်နန်းဆေး၏ ခြေသလုံးကို ကိုက်ခွဲပါတော့သည်။ ဒီတော့မှ ဘကြီးအောင်လည်း ''ဟာ ... ကျားကြီး'' ဟု အော်ဟစ်ရင်း ဒေါ်နန်းဆေးအား ခုန်အုပ်၍ မီရာခေါင်းဆွဲ လိုက်သည်။ ဒေါ်နန်းဆေးခေါင်းကို ဆွဲမိလိုက်သည်။ ကျားကလည်း ခြေထောက်ကို ကိုက်ဆွဲလျက် တဲနံရံအပေါက်မှ ထွက်ခွာဖို့ ကြိုးစားသည်။ ကျားဆွဲအားကြောင့် ဘကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



လက်မှ ဒေါ်နန်းဆေးဦးခေါင်းမှာ လွတ်ထွက်သွားပြန်သဖြင့် ဆွဲမိဆွဲရာ ဆံပင်များကို ရစ်ပတ်ဆွဲယူရင်း "ကျား ...ကျား"ဟု ပါးစပ်မှ စိုးရိမ်တကြီး အော်ဟစ်နေမိသည်။

အိပ်ပျော်နေသော ကလေးသုံးယောက်မှာ ဆူညံသော အသံ၊ ကြောက်ရွံ့ဖွယ်ရာမြင်ကွင်းကြောင့် တဝါးဝါးနှင့် အော်ငို ကြတော့သည်။ ကျားဆွဲအားကြောင့် တဲအိမ်နံရံပြိုပျက်ကာ ဘကြီးအောင်နှင့် ဒေါ်နန်းဆေးရော ကျားကြီးပါ တဲအပြင် မြေပေါ်သို့ ဝရုန်းသုန်းကား ရောက်ရှိနေတော့သည်။ တဲလည်းပြို ကျသွားတော့သည်။

လူနှင့်ကျား လုံးလားထွေးလား အော်ဟစ်သံ၊ မာန်ဖီသံ များသည် ညဉ့်ယံကို ထိုးဖောက်၍ ကမ္ဘာပျက်မျှ ဆူညံသွားတော့ သည်။ တစ်ချိန်တည်းလိုလို လူအများရောက်ရှိလာကာ ကျားကြီး ကို ရရာ တုတ်၊ ဓားများဖြင့် ပစ်ခတ်မောင်းထုတ်ကြရပြန်သည်။ အတုန်ကြာသောအခါ ကျားကြီးမှာ လူအုပ်အား အနာခံ၍ ရင်မ ဆိုင်တော့ဘဲ ရှောင်ဖယ်သွားသဖြင့် ဘကြီးအောင်နှင့် ဒေါ်နန်း ဆေးတို့မှာလွတ်မြောက်သွားတော့သည်။ လူအများကား ကျားကြီး ကို ပစ်ခတ်မောင်းထုတ်ဆဲဖြစ်သော်လည်း အနီးကပ်တော့ ရင်မဆိုင်ရဲကြချေ။ ကျားကြီးမှာ ပါးစပ်ကြီး အားကုန်ဟလျက် တဝုန်းဝုန်းတဝေါင်းဝေါင်းနှင့် အသံပြု၍သာ နေတော့သည်။

လူအများမှာ ဘကြီးအောင်နှင့် ဒေါ်နန်းဆေးတို့ကို





သယ်မ၍ ပြုစုနေကြသော်လည်း ကျားကြီးမှာ ရှည်လျား လှပသော အဝါ၊ အနက်စင်းခန္ဓာကိုယ်ကြီးကို လှုပ်ယမ်း၍ ခြိမ်းခြောက်နေဆဲ၊ မာန်ဖီဟိန်းဟောက်နေဆဲ ဖြစ်သည်။ လူအများ ၏ လက်နှိပ်ဓာတ်မီးအလင်းရောင်သည် အမှောင်ထုနှင့် တောစပ် တဲအိမ်များကို ထိရောက်စွာ အလင်းရောင်မပေးနိုင်ပေ။ ကျားကြီး မှာ မျက်လုံးရဲရဲ၊ ပါးစပ်ပြဲပြဲကြီးနှင့် လူအုပ်ကို ရှေ့မတိုးနိုင်အောင် ဟန့်တားနေဆဲဖြစ်သည်။ လူများလည်း အော်ဟစ်ပတ်ခတ်နေဆဲ ပင်။

ထိုအခိုက် "ဂူး .. ဝေါ"ဟူသော ဂျပန်ယာမဟာဒီတီ ဆိုင်ကယ်သံ ရုတ်တရက် ပေါ်ထွက်လာ၏။ ဆိုင်ကယ်သံကြောင့် ကျားကြီးမှာ ဝေါင်းခနဲ ဟိန်းဟောက်ကာ နောက်ပြန်တစ်ပတ် ကျွမ်းဖြင့် တောအုပ်အမှောင်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။ လူအုပ်ကြားသို့ ဆိုင်ကယ်ဝင်ရောက်၍ စက်ရပ် လိုက်သည်။

"ဘာဖြစ်နေကြတာလဲဗျ"

မေးသံနှင့်အတူ ဆိုင်ကယ်ပေါ်မှ လူလတ်ပိုင်း နှစ်ယောက် ဆင်းလာသည်။ ရှင်တထောင်မော်ဥက္ကဋ္ဌ ဆလိုင်း ရွှေလွန်းမောင်နှင့် အတွင်းရေးမှူး ဆရာသက်တို့ဖြစ်သည်။ မော်ဥက္ကဋ္ဌနှင့် မော်အတွင်းရေးမှူးကို မြင်တွေ့ရသောအခါ လူအများမှာ တစ်ယောက်တစ်ပေါက် ကျားကြီးအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘင်ဖြဲ့ ပြောဆိုကြသည်။ ပြောရှိသာ သိရသလို လက်တွေ့မြင်၍သာ ယုံရသည်။ ကျောက်စိမ်းမော်တွင် ကျားရှိကြောင်း၊ ကျားသောင်းကျန်းကြောင်းကို မကြုံဖူးသဖြင့် အံ့သြစရာကြီးဖြစ်ရသည်။ အမှန်လည်း ဖားကန့်မြို့နယ် ကျောက်စိမ်းမြေ မော်ဒေသတွင် ကျား၊ ကျားသစ်၊ သားရဲများ လုံးဝမရှိသလောက်ပင်။ မကြားဘူးကြ၊ မကြုံဘူးကြချေ။ အများအားဖြင့် တောဆင်၊ ဝက်ဝံ၊ ချေ၊ တောဝက်နှင့် မျောက်များသာရှိသည်။

မော်ဥက္ကဋ္ဌဆလိုင်းရွှေလွန်းမောင်မှာ ဖားကန့်မော်အကြောင်း သိရသလောက် ကျားသောင်းကျန်းသည်၊ ကျားသစ်ဝင်ဆွဲသည်၊ မြွေမျိုသည်၊ ပြောင်ခတ်သည်။ စိုင်ဝှေ့သည်ဟု မကြားဘူး၊ မကြုံဘူးခဲ့ချေ။ ရှေးယခင် အတိတ်ကပင် သတင်းပျပျမျှ မကြားဘူးချေ။ သားရဲကြီးများမှာ ကျောက်စိမ်း၊ ရွှေ၊ သစ်မွှေးစသည့် ရတနာရှာသူများရှိရာ လူ့ဝန်းကျင်တွင်းသို့ ဝင်ရောက်ခဲ့ခြင်း မရှိချေ။ ယခုအခါ ကြုံဖူး၍ ယုံရချေတော့သည်။

မော်အတွင်းရေးမှူး ဆရာသက်က လိုအပ်သည်များကို ချက်ချင်းစီစဉ်ရတော့သည်။ ညဉ့်ဦး(၈)နာရီခန့်က ဖြစ်ပွားခဲ့သော ကျားသောင်းကျန်းမှုမှာ ည (၁၂)နာရီထိုးသော်လည်း စိတ်အေးရခြင်း မရှိနိုင်သေးပေ။

"ကဲကဲ ... အချိန်ဖြုန်းမနေကြနဲ့။ လူနှာနှစ်ယောက်ကို တာမခန်ဆေးခန်းကို ချက်ချင်းပို့မယ်။ အဲဒါ ကူညီပါ။ ရပ်ကွက်မှူး ကိုရန်းရွှေနဲ့ ကိုသန်းဝင်းအောင်တို့က ယောကျ်ားကြီးဆယ်ယောက်လောက်စုပြီး တုတ်၊ ဓား၊ လက်နက်ကိုင်ပြီး စောင့်ရှောက်သွားပါ။ ကိုရန်းရွှေနဲ့ ကိုသန်းဝင်းအောင်တို့ပဲ အထူးဂရုစိုက်ပြီး ခေါင်းဆောင်သွားပါ။ ကိုအေးဝင်းရှိသလား"

"ရှိပါတယ်"

"ရှိရင် ခင်ဗျားက ကိုတင်စိုး၊ ကိုသက်နိုင်၊ ဦးစိန်မောင်၊ ကိုကျော်မင်းဦး၊ ကိုဌေး၊ ကိုလွမ်းမိန် အဲဒီလူတွေစုပြီး လေးဖက်လေးတန် အလှည့်ကျ ကင်းစောင့်ခိုင်းပါ။ ယောကျ်ားတွေမှန်သမျှကင်းသမားအဖွဲ့ဝင်အဖြစ် အားလုံးထည့်ပါ။ ကလေးနဲ့မိန်းမတွေအသက်အရွယ်ကြီးသူတွေမှန်သမျှ ငါးပွင့်တစ်ခိုင် ဗီဒီယိုရုံမှာ စုစည်းပြီး နေရာချထားပါ။ မဆုံရပ် မန္တလာကဖီးထဲမှာ နေရာပေးပါ။ ဒီည ဒီလိုပဲ စုပေါင်းပြီး ဖြစ်သလို အိပ်ရမှာပဲ"

လူအုပ်ကြားမှ အသံတစ်သံထွက်လာသည်။

"ကျားကြီးကို လိုက်မရှာဘူးလားဗျ"

ဥက္ကဋ္ဌဆလိုင်းရွှေလွန်းမောင်က သည်းမခံနိုင်စွာဖြင့်-

"ညမှောင်မှောင် ကျားကိုလိုက်ရှာရင်တော့ မသာဘယ်ချေးလဲ မေးရတော့မှာပဲပေါ့။ စဉ်းစားပါဦး"

ဝါးခနဲ လူအုပ်ကြီးထံမှ ရယ်သံများထွက်လာကြသည်။

အတွင်းရေးမှူးဆရာသက်က







www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ ...နာမည်အခေါ်ခံရတဲ့သူတွေက ခေါင်းဆောင်တွေပဲ၊ ချက်ချင်းဦးစီးပြီး အလုပ်စ,ကြတော့။ ကျွားကိုတော့ အထူးဂရုစိုက်ပြီး သတိထားကြပါ။ (ဥက္ကဋ္ဌထံ တီးတိုးတိုင်ပင်၍) မနက်ဖြန်မနက်မှာ တောစပ်နဲ့နီးတဲ့ တဲအိမ်တွေ ရွာနဲ့အလှမ်းဝေးတဲ့ တဲအိမ်တွေ ရှင်တထောင်ရွာထဲကို အားလုံးပြောင်းမယ်။ အားလုံး အလုပ်မဆင်းကြပါနဲ့။ ဒါစည်းကမ်းပဲ။ အားလုံး လိုက်နာဆောင်ရွက်ကြပါ"

မော်ဥက္ကဋ္ဌနှင့် မော်အတွင်းရေးမှူးတို့မှာ လူလတ်ပိုင်းများဖြစ်သလို တိကျပြတ်သားစွာ လုပ်တတ်သူများ ဖြစ်ကြသည်။ ကျွားကိုက်ခြင်း၊ ရွာကျွားမွေခြင်းကြောင့် ဖရိုဖရဲမြင်ကွင်းကို အနိဋ္ဌာရုံကျကျ မြင်နေရသဖြင့် အုပ်ချုပ်သူ မော်လူကြီးများပီပီ တစ်မုဟုတ်ချင်း လုံခြုံရေးနှင့်ကိစ္စအဝဝကို စီစဉ်ကြရလေသည်။

ဆလိုင်းရွှေလွန်းမောင် ကိုယ်တိုင်လည်း ယခုအဖြစ်အပျက်အာ နယ်မြေခံတပ်မတော်နှင့် ကျေးရွာအုပ်စု ကယက (ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)အဖွဲ့သို့ အကြောင်းကြားတင်ပြရန် ဆိုင်ကယ်စီး၍ ထွက်ခွာသည်။ ဗီဒီယိုရုံနှင့် လက်ဖက်ရည်ဆိုင်အတွင်း၌ကား ရှင်တစ်ထောင်တစ်ရွာလုံးမှ ကလေးများက ငိုသူငို၊ အော်သူအော်ဖြင့် ဆူညံနေသလို မိန်းမများက ကလေးများကို ချော့သူချော့၊ ငေါက်သူငေါက်နှင့် ကျွားအကြောင်းကိုသိသည့်ထက် ပိုမိုရဲ့ကား ပြောဆို





ရှင်း ကျွက်ကျွက်ညံနေတော့သည်။

ဆရာသက်က နားမခံသာဟန်ဖြင့် -

"တော်ကြပါတော့ ... အိပ်ကြပါတော့။ ကျေးဇူးပြုပြီး ဘကြီးအောင်မိုင်နဲ့ ကြီးကြီး ဒေါ်စံပယ်တို့ပဲ ကလေးတွေနဲ့ မိန်းမတွေကို အုပ်ချုပ်ပေးကြပါဦး။ အိပ်ရေးပျက်ရင် ဖျားနာကုန်ပါလိမ့်မယ်"

လွတ်လပ်ရေးနေ့ညကား ရှင်တထောင်ရွာလေးအတွက် ကျွားသောင်းကျန်းမှုကြောင့် မလွတ်မလပ်ဖြစ်ရချေသည်။ ိုးတထိတ်ထိတ်ဖြစ်ရချေသည်။ ရုတ်တရက် ဘယ်ကပေါက်၍ ဘယ်ဆီက ရောက်လာလေသည့်ကို တွေးဆ၍ မရနိုင်သော ကျွားဆိုးကြီးအား တစ်ညတာလုံး သတိရမှန်းဆနေကြရတော့၏။ ကြောက်စိတ်၊ စိုးရိမ်စိတ်တို့ကြောင့် အတွေးရှည်ရှည် တွေးလေ တွေးလေ အိပ်၍မရလေဖြင့် ချောက်ချားရသော ညဖြစ်ကြရလေတော့သည်။

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## ဂမ္ဘီရကျား၊ နတ်ကျား၊ အရှင်ကြီးကျားလား

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်။

ကျားသောင်းကျန်းသည့် သတင်းဆိုးသည် တာမခန်းကျေးရွာစုရှိ ကျောက်စိမ်းမှော် တစ်ခုလုံးသို့ ပျံ့နှံ့သွားတော့သည်။ တာမခန်းရွာနှင့် (၄)မိုင်ခန့်ဝေးသော ရှင်တထောင်ရွာမှ အဖြစ်အပျက်သည် တာမခန်နံနက် ဈေးမကွဲမီပင် အားလုံးသိရှိသွားကြသည်။ နေ့လယ် (၁၂)နာရီမထိုးမီအတွင်း ဟောင်ပါးအုပ်စုတစ်စုလုံး သိရှိ၍ ထိတ်လန့်ကုန်တော့သည်။ ညနေမတိုင်မီပင် မိုင်(၂၀)ခန့်ဝေးသော ဖားကန့်မြို့သို့ သတင်းစကားရောက်ရှိသွားကာ ဖားကန့်၊ လုံးခင်း၊ ဆိုင်းတောင်ရှိ မှော်ဒေသများသည် သတိနှင့်သွားလာနေထိုင် လုပ်ကိုင်ကြရင်း ရင်တထိတ်ထိတ်နှင့် ရှိနေကြတော့သည်။

သတင်းစကားချဲ့ကား၍ ပျံ့နှံ့လာတော့သည်။ ရှင်တစ်ထောင်မှော်နှင့် အနီးစပ်ဆုံးဖြစ်သော တာမခန်ကျေးရွာကြီးကားပို၍ လှုပ်လှုပ်ရှားရှားဖြစ်နေတော့သည်။ ကျားဆိုးကြီးကို အထိတ်တလန့်တွေးရင်း နေ့ဝင်မလား။ ညဝင်မလား ဆိုသည့် ထင်မြင်





မှုများနှင့် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည်။

တာမခန်ကျေးရွာသည် လူနေအိမ်ခြေ စည်ကားသောရွာကြီးသာဖြစ်သော်လည်း မြေပြန့်မြို့ကလေးတစ်မြို့ထက်များစွာပို၍ စည်ကားသည်ဟုဆိုက ယုံနိုင်အံ့မထင်ပါ။ တိုက်တာအိမ်ကြီးရခိုင်နှင့် စတိုးဆိုင်၊ အထည်ဆိုင်၊ စက်ပစ္စည်းဆိုင်၊ ကုန်စုံဆိုင်ကြီးများ ဟီးနေအောင်ရှိသည်။ တီဗွီဂြိုဟ်တုစလောင်းနှင့်လက်ဖက်ရည်ဆိုင်များ၊ ကာရာအိုကေခန်းများ၊ မြူတီပါလာဆိုင်များ၊ ဗွီဒီယိုရုံများ၊ တီဗွီဂိမ်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ဘီယာဆိုင်များနှင့် မြိုင်ဆိုင်စည်ကားလှသည်။ ကျောက်လောပန်း၊ ကျောက်ပွဲစား၊ ကျောက်တွင်းပိုင်၊ ကျောက်တူးသမားများသာမကရွှေကျင်၊ ရွှေရှာ၊ ရွှေရောင်း၊ ရွှေဝယ်သူများ၊ ကုန်သည်များ၊ ဈေးသည်များ၊ ကားသမား၊ စက်လှေသမားများ စသည့် မှော်သူမှော်သားများနှင့် ခြေချင်းလိမ်မျှ စည်ကားသည်။

တိုင်းရင်းသားပေါင်းစုံ စုံလင်စွာ နေထိုင်ကြသည်။ ဟောင်ပါးကျေးရွာမှာ သမိုင်းဝင်ရွာကြီးဖြစ်သော်လည်း တာမခန်ရွာလောက် မစည်ကားပေ။ နေ့စဉ်ညတိုင်း လူသံ၊ စက်သံနှင့်အဆက်မပြတ်သောသော ညံလျက်ရှိသော ဒေသဖြစ်သည်။ တာမခန်ကျေးရွာနှင့် အနည်းဆုံး မိုင် (၂၀)ပတ်လည်တွင် ရွှေနှင့် ကျောက်စိမ်းများထွက်ရှိသဖြင့် ရွှေမှော်၊ ကျောက်စိမ်းမှော်များ များစွာတည်ရှိနေသည်။ ဥရုမြစ်သည် ရစ်ခွေ၍ပတ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လည် စီးဆင်းနေသဖြင့် သစ်တောနှင့် တောင်ပေါ်ရှုခင်းများ လှပသည်။ နီရဲနောက်ကျိ၍ ဆီများဝေ့ဝေ့ထနေသော ရေပြင် ဖြစ်ပေါ်နေသလို မြစ်ကမ်းပါးဝန်းကျင်တွင် ကျောက်စိမ်းတူးဖော် သော လုပ်ကွက်များ၊ ရွှေမျောများဖြင့် ပြည့်သိပ်နေသည်။ လုပ်ငန်းများ အဆမတန် ဖြစ်ထွန်းနေကြောင်း သိသာသည်။

"ဥရုချောင်းရေ နောက်ကျိကျိသောက်မိတော့ မပြန်ချင်" ဟူ၍ပင် ဆိုရိုးရှိခဲ့သည်။

ယခင်က ရွှေရှာ၊ ကျောက်တူးသမားများ၊ သစ်မွေးရှာ သူ၊ ကြိမ်ခုတ်၊ ဝါးခုတ်၊ သစ်မျောခုတ်၊ ထင်းခုတ်သူများ၊ မီးသွေးဖုတ်၊ ထုံးဖုတ်သူများ စသည့်တောတောင်လုပ်ငန်းနှင့် မကင်းကြသူများသည် ကျား၊ ကျားသစ်၊ သားရဲအန္တရာယ်တို့မှ ကင်းဝေးခဲ့ကြသည်။ ဒေသအနေဖြင့် ရရှိတတ်သော ငှက်ဖျား၊ မတ်ကလောင်၊ ထုံနာဖျား၊ ယားနာ၊ သဲဝဲရောဂါများ၏ ဒဏ်သာ ခါးစည်းခံခဲ့ကြရသည်။ ကျားဆွဲသည် ကျားကိုက်သည်ဟု မရှိခဲ့ ဘူးပေ။

ယခုအခါ ကျောက်လုပ်ငန်းလုပ်ကွက်တွေ၊ ရွှေမျော တွေ များကြလာသည်နှင့်အမျှ မှော်မြေဒေသသည်လည်း ကျယ် ပြန့်လာသည်။ တောင်ယာစိုက်ခင်းတွေ ခုတ်ထွင်မှုများလာခြင်း၊ လူနေထူထပ်၍ အိမ်ခြေများပြားလာခြင်းတို့နှင့်အတူ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်သူများလည်း များပြားလာသဖြင့် သစ်ပင်





တောတောင်များ ပြုန်းတီးလာကြသည်။ သစ်တော်များကျဲပါး၍ တောင်ကတုံးများဖြစ်လာသဖြင့် သားရဲတိရစ္ဆာန်တို့ မနေသာ လူသားများ ဝန်းကျင်သို့ ချဲ့ထွင်ရန်လာနေကြပြီလား။ သားရဲ တိရစ္ဆာန်တို့အတွက် နေစရာတောတောင်များ ကျဉ်းကျပ်လာပြီ လား။ တွေးစရာများဖြစ်လာရ၏။ ကျေးရွာလူ အများကြားသို့ ကျားဝင်သည်မှာ ဟုတ်မှဟုတ်ပါလေစ။ ကေန္ဒ တစ်စုံတစ်ရာ သော ပယောဂကြောင့်ပေလားဟု တွေးစရာဖြစ်လာသည်။

၁၉၉၉ ခုနှစ် ဇန်နဝါရီလ (၅)ရက်နေ့ နံနက်ခင်းဈေး ခကွဲမီပင် ရှင်တခေါင်မှော် ကျားတစ်ကောင်ဝင်ရောက် သောင်းကျန်းသောသတင်းသည် ကောလာဟလ အတင်းအဖျင်း များနှင့်အတူ ကျယ်ပြန့်ပျံ့နှံ့လျက်ရှိတော့သည်။

တာမခံန်ဈေးအလယ် သဇင်ရွှေပန်းတိမ်ဆိုင်ရှေ့တွင် လူလေး၊ ငါးဦးစုဝေး စကားပြောနေကြသည်။ ရွှေဖြင့် ကြီးပွား ချမ်းသာလျက်ရှိသော ဆိုင်ပိုင်ရှင် ကိုဝင်းဗိုနှင့် မသဇင်တို့က လက်ဖက်ရည်၊ ကော်ဖီတို့ဖြင့် သဘောကောင်းစွာ ဧည့်ခံ ဘည်ခင်းနေလေသည်။ ငှင်းလက်ဖက်ရည်အချိုဝိုင်းတွင် စကား များ ဖောင်ဖွဲ့ပြောဆိုနေသဖြင့် ဈေးဝယ်သူများစောင်ငဲ့ကြည့်ရှု ၍ နားထောင်နေတတ်ကြသည်။

ဆိုင်ရှင်ကိုဝင်းဗိုက

"ညက ရှင်တခေါင်မှော်မှာ ကျားဝင်သောင်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



တာအတော်ဆိုးဆိုပဲဗျ”

“ဘာကျားလဲဗျ။ ရိုးရိုးကျားမှ ဟုတ်ရဲ့လား”

“ဒါက အလကားစကားတွေပါ။ ကျားက တကယ့်ကျားကွ။ ကျားမကြီးတဲ့။ သူ့သားကျားပေါက်လေးကို လူတွေက ဖမ်းဆီးသွားလို့ လိုက်ရှာရင်း။ လူတောထဲ ဝင်ရှာရင်း လူကို ကိုက်မိသွားတာတဲ့။ လူနံ့ရလို့လည်း ဖြစ်မှာပေါ့”

ဤတွင် လူတစ်ယောက်က မတ်တတ်ထ နားထောင်ရင်းမှ-

“မင်း ဘယ်သူပြောလဲ ...ကျားကြီးက လာပြောတာလား။ ဟား ဟား ဟား”

အပြောခံရသူက ထိုင်နေရင်းမှ စိတ်ဆိုးစွာဖြင့်

“ဘယ်သူပြောပြောဗျာ။ ခင်ဗျားအလုပ်လား။ ခင်ဗျားဘာကျောင်လဲ”

“ငါက ဟောင်ပါးမီးသတ်တပ်ဖွဲ့မှူး သံချောင်းတဲ့ကွ မှတ်ထားပေါ့။ ရှင်တထောင်မှာ သောင်းကျန်းတဲ့ ကျားက တကယ့်ကျားအစစ်ပါ။ ခြသေ့၊ တောင်ခြသေ့၊ ကျား၊ ကျားဖြူ၊ သစ်နက်၊ ကျားသစ်၊ ကျားမင်း၊ တောကြောင်၊ အိမ်ကြောင်လိုပဲ ကြောင်မျိုးနွယ်ဝင် ကျားသတ္တဝါအစစ်ပဲ၊ ကျားက ကျားကြီးမျိုးပဲ။ ရှည်လျားကြီးမားသလောက် ရောဂါကြောင့်လား၊ ဒဏ်ရာကြောင့်လား မသိဘူး။ ပိန်ကပ်ပြီးနေသတဲ့။ ကျားကြီးပေမယ့်





လူကို မချီနိုင်တော့ဘူးတဲ့။ ဒါက သတင်းအရပြောတာ။ ကောလဟာလအတင်းအဖျင်း မဟုတ်ဘူး”

“အေးဗျာ ... ဒီကောင် ရမ်းသန်းဖမ်းတုတ်တော့တာပဲ။ အစာတော်ပြီး ဒဏ်ရာရတဲ့ ကျား နယ်ကျွံလာတာလည်း ဖြစ်နိုင်တာပဲ။ ကျားကြီးကို ညမှောင်မှောင် အထီးရယ်၊ အမရယ် ဘယ်သူခွဲနိုင်မှာလဲ”

“အဲအဲ ငါလည်း သူများပြောတာ ပြန်ပြောတာပဲကွ”

အဘိုးကြီးတစ်ဦးက

“ဟေ့ ... ဘာပဲဖြစ်ဖြစ် ဒီကျားက တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးက စောင့်ရှောက်တဲ့ကျား ဖြစ်မှာတော့ သေချာတယ်ကွ”

မီးသတ်တပ်ဖွဲ့မှူး ကိုသံချောင်းက တဟဲဟဲရယ်လျက်-

“ကဲကဲ .. မဟုတ် မဟုတ်တာတွေ တော်ကြပါတော့။ ဘာကျားပဲဖြစ်ဖြစ် ဒီကျားကတော့ ဒီအနီးအနားမှာရှိပြီး အန္တရာယ်ကြီးတာတော့ အမှန်ပါပဲ။ သတိဝီရိယထားနေကြပေါ့ဗျာ”

လူဆိုတာ စိတ်ထင်သမျှ တွေ့ကရာ ပေါက်ကရပြောတဲ့နေရာမှာ ဝိဇ္ဇာပဲဖြစ်သည်။ သို့သော် ဇန်နဝါရီလ (၅) ရက်နေ့ ညမိုးချုပ်သောအခါ ရွာတိုင်း၊ မော်တိုင်းကင်းတွေစောင့်၊ ပုံးတွေတီး၊ ဝါးတွေခေါက်၊ မီးဖိုကြီးတွေဖို၍ လုံခြုံရေးလုပ်ကြရသည်။ အနီးဝန်းကျင် ကျားမကပ်နိုင်အောင် စီစဉ်ကြရသည်။ ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများ၊ လူအို အဘိုးအဘွားများအား လုံလုံခြုံခြုံအိမ်ကြီးများတွင် အိပ်စေ၍ ဝိုင်းဝန်းစောင့်ရှောက်ကြရသည်။

ဖန်နဝါရီလ (၅)ရက်နေ့ တစ်နေ့လုံး ကျားကြီးသတင်းက ဟိုမှသည်မှ စီခနဲ ညံခနဲ ကြားနေရသည်နှင့်အမျှ ကောလာဟလ ပါးစပ်အတင်းကလည်း အတင်းခမ္မ ဝင်ရောက်လို့လာနေသည်။

သို့ဖြင့် ချောက်ချားစရာကောင်းသော ညသည် မှောင်နှင့်မည်းမည်းသို့ တိတ်ဆိတ်စွာ ရောက်ရှိလာပါပြီ။

ကင်းအဖွဲ့အများပြားသည် ရွာစည်းရိုး၊ ရွာအဝင်ပေါက်များတွင် လုံခြုံရေးကင်းတဲများ၊ မီးဖိုများဖြင့် စောင့်ကြပ်လျက်ရှိကြသည်။ ကင်းသမားအချင်းချင်း မအိပ်ကြောင်း၊ အသင့်ရှိကြောင်း၊ အမျက်ပေတုံးခေါက်သံ၊ သံချောင်းခေါက်သံ ဝါးပိုးခေါက်သံ၊ ပုံးတီးသံများ အစဉ်သဖြင့် ကြားနေရတော့သည်။

တောင်ပေါ်မှ လှမ်းမျှော်ကြည့်ရှုလျှင် မီးပုံကြီးများကို အတိုင်းသား မြင်ရ၍ လူသံသူသံ တိတ်ဆိတ်ကာ အချက်ပေးသံများကို ကြိုကြား ကြိုကြား ကြားနေရသည်။

ညသည် ပို၍ ပို၍သိပ်သည်းကာ မှောင်၍ မှောင်၍လာပါတော့သည်။

◆ ◆ ◆ ◆ ◆



## အခန်း(၃)
## သွေးစုပ်ကျားကြီး

**သစ်လုပ်သားတဲ ကျားဝင်ဆွဲခြင်း**

ဖန်နဝါရီလ ပြာသိုလဆန်းညသည် နှင်းမှောင်ထုအောက်၌ ပိန်းပိတ်အောင် မည်းနက်လျက်ရှိသည်။ ချမ်းအေးသော လမို့ စောင်ခြုံ၍ ကွေးသော်လည်း မလုံနိုင်အောင်ရှိတော့သည်။ အနွေးဓာတ်ရရန် ဖိုထားသော မီးဖိုတို့သည် ပြာဖုံး၍ လုံးလုံးငြိမ်းတော့မည့် ဟန်ရှိနေသည်။ အဝေးမှော်များဆီမှ ကင်းသမားများ၏ အချက်ပေးခေါက်သံကိုသာ ကြားနေရ၏။ ပုရစ်နှင့် ပိုးမွှားတို့၏ အသံကိုလည်း စီစီညံအောင် ကြားနေရသည်။ ချမ်းအေးမှုနှင့်အတူ အားလုံးသည် ငြိမ်သက်လျက်ရှိသည်။ တဲအိမ်အမိုးပေါ်သို့ နှင်းပေါက်ကြီးများ တဖောက်ဖောက် ကျနေသည်။ လေကလေးတစ်ချက်အဝှေ့တွင် အသည်းခိုက်မျှ ချမ်းအေးလှ၏။

သစ်လုပ်သားများ၏ တဲအိမ်ကား ကျိုးသီးမှော်အနောက် အက်ကမ်းတွင်ဖြစ်သည်။ ရှင်တစ်ထောင်ကျေးရွာနှင့် ဓားလွယ်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ဖြစ်၍ မဝေးလှပါ။ ဥရုချောင်းသာခြားသည်။ ရှင်တစ်ထောင်ရွာ ကျားဝင်သောသတင်းအား တာမံခန်မှ သက်ဆိုင်ရာတာဝန်ရှိသူတို့၏ ညွှန်ကြားချက် သတိပေးချက်တို့ကို လွှဆွဲခေါင်းဆောင် ကိုစိုးကြီးနှင့် ကိုချော်တို့သိရှိပြီးဖြစ်၏။ လွှဲဆွဲသမား သစ်လုပ်သား (၂၅)ယောက်ရှိရာ ၄င်းတို့လုပ်အားကိုသုံး၍ လူနေထိုင်ရာ တဲစခန်းကို ချက်ခြင်းခြံခတ်ကာ မီးဖိုကြီးသုံးဖိုမျှ ဖို၍ထားရှိ သည်။ လုပ်သားများမှာ ယောကျ်ားလေးများဖြစ်၍ နီးကြားတက် ကြွ၏။ သန်မာဖြတ်လတ်ကြ၏။ သင့်လျော်သည့် တုတ်၊ ဓား လက်နက်တို့ကို အနီးအပါးတွင်ထား၍ လုံခြုံရာ အကွယ်အကာတွင် အိပ်စက်ကြသည်။ ကင်းသမား (၃)ယောက်ချထား၍ အရေးကြီးလျှင် အသင့်ဖြစ်ရန်စီစဉ်ထားရ၏။ အစစသတိနှင့် အိပ်ကြရသည်။

ရှင်တစ်ထောင်မော် အရှေ့ဘက်ကမ်းတွင် လူများအုံးအုံးကျွတ်ကျွတ် လှုပ်ရှားမှုကြောင့် ကျားသောင်းကျန်းကြီးသည် တစ်နေ့ကုန် မျက်ကွယ်ရာရှာ၍ ပုန်းအောင်းနေခဲ့သည်။ ညချမ်းကိုရောက်သောအခါ အရှေ့ဖက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ဥရုမြစ်ကိုဖြတ်ကူးရောက်ရှိခဲ့သည်။ ဆောင်းညလည်းဖြစ် ညပိုင်းအပြင်မထွက်ရ စည်းကမ်းကြောင့် လူအများသည် ကျားကြီးမြစ်ကို ကန့်လန့်ဖြတ်၍ ကူးသွားသည်ကို မတွေ့ခဲ့ကြရ။ ကျားတိရစ္ဆာန်သည် လူကိုလှည့်စား၍မျက်ခြေဖြတ်လိုက်ခြင်း





ဖြစ်၏။ ကျားပရိယာယ်ကား မာယာကြွယ်လှ၏။ ကျီးသီးမော်သို့ရောက်သည်နှင့် လူ့သူအလစ်ကိုချောင်း၍ တစ်ညလုံး ရှာပတ်နေခဲ့သည်။ တောထဲသို့ ပြန်မဝင်ဘဲ တစ်ညလုံးစောင့်နေခဲ့ပြန်သည်။ လင်းဦးပိုင်း အိပ်မောကျချိန်ကိုမှန်း၍ ရွာစပ်သို့ထွက်လာသည်။ သစ်လုပ်သားတို့၏ လွှစင်တဲများ ဘက်သို့ခြေဦးလှည့်ရင်း မျက်စိကျသွားခြံစပ်သည်။ မီးဖိုများသည် မီးအရှိန်နည်းသွားပြီး ကင်းသမားများ တုတ်တုတ်မလှုပ်တော့ ဟောက်သံများသာ ထွက်ပေါ်နေသည်။ ခြံစပ်မောင်ရိပ်မှ ကျားမျက်လုံးက လွှစင်တဲများကို မမိုတ်မသုန် လှေလာအကဲခတ်နေသည်။ တဲအိမ်များကို ခတ်ထားသော ခြံစည်းရိုးအဝိုင်းကို တစ်ပတ်ခန့် အချိန်ကုန် ခံ၍ ပတ်ကြည့်လိုက်ပြန်သည်။

တွေ့ရပေပြီ။ လွှသမားတို့၏ အားနည်းချက်ကား ခြံစည်းရိုးခတ်ရာ၌ လက်ခုပ်တစ်ဖောင်မျှမြင့်သော ပျဉ်ပုံကြီးကို ခြံစည်းရိုးနှင့်ဆက်၍ ခြံစည်းရိုးအဖြစ် အသုံးပြုလိုက်ခြင်းပင်ဖြစ်သည်။ ပို၍ဆိုးသည်မှာ ပျဉ်ပုံကြီးအောက်ခြေတွင် သစ်တုံးကြီးများနှင့် ပကာပျဉ်ပုံများက တစ်ဆက်တည်း တည်ရှိနေခြင်းပင်။

ကျားကြီးက လျင်မြန်ပေ့ါပါးစွာ သစ်တုံးပေါ်သို့ တက်လိုက်ရာ ခြံစည်းရိုးအဖြစ် အသုံးပြုနေသော ပျဉ်ပုံအထပ်ကြီးသာ ရှိပေ၊ သုံးပေခန့်သာအမြင့်ရှိပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လွှယ်လိုက်သည့်ဖြစ်ခြင်း၊ ခြံစည်းရိုးဖျက်၍ အသံထွက်ရာ မရှုရ။ ခြံစည်းရိုးကို ခုန်ကျော်၍ အကျမတော်စွာ အသံများထွက်ပေါ်လာမှာ မပူရ။ ပျဉ်ပုံကိုကျော်၍ ကြည့်လျှင် လူများအိပ်နေသော တဲနှင့် အနီးကလေးသာ မီးဖိုကြီးတစ်ခုဘေးတွင် ကွေကွေးလေးအိပ်ပျော်နေသော ပုံသဏ္ဍာန်တစ်ခုသည် မပီမသ ဝိုးတဝါးမြင်နေရသည်။ ဂွမ်းစောင်ကိုခြုံ၊ လုံအောင်ထွေး၍ ကွေးနေသည်မှာ အသေအချာပင် လူသားဖြစ်ရမည်။ တုတ်တုတ်မလှုပ်၊ အသေအချာသုတ်လိုက်လျှင် ဟုတ်ပြီပေါ့။

အမြီးကိုကော့၍ တုံးပေါ်တွင် ထောက်လိုက်သည်။ နောက်သို့ ခဏဆုတ်၍ နောက်ခြေကန်ကာ အားယူလိုက်သည်။

တမူးက မောင်ထူး အမူးလွန်၍ အိပ်ပျော်သွားသည်။ တစ်နေကုန် ပင်ပန်း၍ ညနေပိုင်းတွင် သောက်လိုက်မိသည်။ လက်လွန်သွားသဖြင့် မူးသွားရပါသည် ဟု ဝန်ခံရမည်။ ကျားသတင်းကြောင့် ကင်းစောင့်ရမည်ဆိုတာ သိပါသည်။ သူ့ကင်းအလှည့် လင်းဦးပိုင်းတွင် အမူးပြေလောက်ပြီလို့ တွက်လိုက်သည်။ အမှန်က မောင်ထူးမှာ ကိုယ့်ဘက်ကိုယ်ယက်ခြင်းသာ။ နေညိုလို့ အချိန်တန် အိမ်ပြန်ချိန်ကို လွမ်းသောရောဂါကြောင့် အရက်ကို ညနေတိုင်းမော့မိသည်။ မောင်ထူးက စစ်ကိုင်းတိုင်း အိန္ဒိယနယ်စပ် တမူးမြို့သားဖြစ်သည်။ ဆယ်တန်းစာမေးပွဲကကျ၊ ဖဲကလည်းရှုံးသဖြင့် အဖေရဲ့ အဆူအငေါက်များကို





နောက်ထား၍ မော်ထဲတက်ခဲ့ခြင်းဖြစ်သည်။ အစကတော့ ကျောက်လေး၊ ရွှေလေး လုပ်သေးသော်လည်း ငယ်ကျင့်ဖြစ်သော ဖဲရိုက်ဝါသနာကြောင့် အရင်းမရှိ ဖြစ်ရလေသည်။ အကြံကုန်၍ သစ်လုပ်သား ဝင်၍ လုပ်ခဲ့ခြင်းသာ။

"မောင်ထူး မောင်ထူး ထ ထ၊ မင်းအလှည့်ကင်းချိန်ကျပြီ"

"အင်း .. အင်း"

"ထပါကွ မောင်းထူးရ ကင်းစောင့်ဖို့ အလှည့်ရောက်ပြီ"

"အေးအေး .. ငါကင်းလှည့်ကော ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ်ကွ။ ကဲ ထ… ထ… သွားစောင့်တော့"

မောင်ထူးက တဲဝါးကြမ်းပြင် အိပ်ရာပေါ်မှ ထထိုင်လိုက်သည်။ ချွေးနံ့တို့ဖြင့် နံဟောင်နေသော ဂွမ်းစောင်အဟောင်းကြီးကို ကပိုကသီခြုံ၍ ထလိုက်သည်။ စစ်စိမ်းပုပ်ရောင် ဂွမ်းစောင်ကြီးမှာ ပေပွမည်းညစ်နေပေပြီ။ ကင်းစောင့်ရမည့် မီးဖိုအနီးရောက်သောအခါ ဖျာစုတ်ပေါ်သို့ တန်း၍လှဲကာ အိပ်ချလိုက်သည်။ အကာမရှိ၊ မီးဖိုက မီးရှိန်လည်းမရှိတော့သော လေဟာပြင်၌ မောင်ထူးမှာ မူး၍ အိပ်ပျော်ကာ ဟောက်များပင် ဟောက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာသိုညကား အရိုးခိုက်အောင် ချမ်းလွန်းလှသည်။ ချမ်းလွန်းသဖြင့် ဂွမ်းစောင်အတွင်း ကွေးရင်း ကွေးရင်းမှ အိပ်ရာနိုးတော့သည်။ အိပ်ရာနိုးသည်နှင့် အရက်သမားပီပီ ရင်ပူလှသည်။ ရေဆာလာသည်။

"အေးရဟဲ့အထဲ ရေက ဆာကို ဆာနိုင်သေးတယ်"

မထချင် ထချင်နှင့် ရေအိုးရှိရာ တဲအတွင်းသို့ အိပ်ချင်မူးတူး ဒယီးဒယိုင်ဖြင့် ထလာလိုက်သည်။ တဲအတွင်းရောက်သည့် အခါ သောက်ရေအိုးဖုံးအား မ၍ ရေခဲကဲ့သို့ အေးစက်နေသော ရေကို သုံး၊ လေးခွက် ဆင့်သောက်လိုက်သည်။

"ဝ၊ ဝ၊ ဂေ့ .. အေ့"

ရေဝင်သွားသည်နှင့်တစ်ပြိုင်နက် အရက်သမားတို့ ထုံးစံအတိုင်း လေချဉ်တက်သွားသဖြင့် တဂေ့ဂေ့၊ တအေ့အေ့ဖြင့် ဖြစ်နေသည်။

"ဘုတ်"

မြေပြင်သို့ တစ်စုံတစ်ရာ ညင်သာစွာကျလာသည့်အသံ။

"ဝရှူး ... ဝရှူး"

လေချဉ်တက်သံမဟုတ်ပါ။ သတ္တဝါတစ်ကောင်၏ ဝမ်းခေါင်းသံ။ မောင်ထူးရေသောက်ပြီး အပြင်ထွက်ဖို့ဟန်အပြင်

"ဝရောင်း ... ဂါး၊ ဂရား"

ကျယ်လောင်သော ကျားဟိန်းသံကြီးက ရုတ်တရက်





ပေါ်၍လာသည်။ ကြောက်မက်ဖွယ်အသံကြောင့် အိမ်ရာမှ ဝရုန်းသုန်းကား နိုးလာကြသည်။

"ဟာ .. ကျားကြီး"

"ကျားကြီးဟေ့ ... ကျားကြီး"

လွှစင်တဲသုံးလေးတဲတွင် အိပ်နေကြသော လွှသမား၊ သစ်လုပ်သားများ အိပ်နေရာမှ ချက်ချင်းထလိုက်ကြကာ ရရာလက်နက်များဖြင့် ကျားကြီးကို ဝိုင်းရုံလိုက်ကြ၏။ ယခင်ကတည်းက ကျားသတင်းကြောင့် သတိဖြင့် အိပ်နေကြရ၍ ခဏအတွင်း ပြီး စုစည်းနိုင်ကြ၏။

ကွင်းလယ်မီးဖိုဘေးမှ ကျားကို မြင်လိုက်ရပြီ။

"ဝေါင်း .. ဝေါင်း"

ကျားကြီးကား ရောမ ရှည်လျားသော ကျားကြီးပင် ဖြစ်တော့သည်။ လွှသမားများ၏ ဓာတ်မီးရောင်အောက်တွင် အဝါနက်စင်း ကျားကြီးမှာ ရှည်လျားသော ခန္ဓာကိုယ်ကို လှုပ်ယမ်းလျက် ပါးစပ်ကြီးဖြဲကာ ဟိန်းဟောက်နေသည်။

ခေါင်းဆောင် စိုးကြီးနှင့် ကိုကျော်က ခေါင်းချင်းဆိုင် တိုင်ပင်ရင်း

"အရမ်းလုပ်လို့ မဖြစ်ဘူး။ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

"ဟုတ်တယ် ... နွားသိုးပေါက်တစ်ကောင်လောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်''

စိုးကြီးက

''ရှေ့မတိုးကြနဲ့ နောက်ဆုတ်ကြ လူစုမကွဲ စေနဲ့''

ကိုကျော်က

''ခါတ်မီးတွေ ဝိုင်းထိုးထား၊ လက်နက်တွေ အဆင်သင့် ကိုင်ထား''

လွှသမားများ၏ လက်နက်ဆိုသည်ကား ရဲတင်း၊ ပုဆိန်၊ ဓားမ၊ ဓားရှည်၊ တုတ်မျှသာဖြစ်သည်။ အဝေးပစ်လက်နက် မရှိ။ အနီးကပ်လူဝင်ဆွဲမှ သေသေကျေကျေ ရင်ဆိုင်ခုတ်ရမည် သာ။ ကျားကြီးရှေ့၌ တမူးက မောင်ထူး၏ ပေပွနေသော ဂွမ်းစောင်ထူထူကြီးက အပုံလိုက်ဖြစ်နေသည်။

ကိုကျော်က

''ဝါးချွန်တွေ၊ ခြံတိုင်တွေ၊ သစ်ချောင်းတွေနဲ့ ပစ်မယ်''

လွှသမား သုံးလေးယောက်တို့က ဝါးတွေ၊ သစ်တွေ ဆွဲလာကြသည်။ ငှင်းတုတ်များ၊ ဝါးများကို အဝေးပစ်လက်နက် အဖြစ် အသုံးပြုကြသည်။

''ပစ်ဟေ့''

ကျားကြီးထံသို့ တုတ်များ၊ ဝါးချွန်များက စုပြုရောက်ရှိ သွားသည်။ ကျားက လက်ဖြင့်ပုတ်ထုတ်၍ လည်းကောင်း၊ ရှောင်ရှား၍လည်းကောင်း၊ ခုခံရင်းမှပင် အချို့ဝါးများ၊ တုတ်များ





က ထိမှန်လေတော့သည်။ ကျားကြီးက ပို၍ ဒေါသကြီးသွားပြီး နောက်သို့ ဆုတ်ဟန်ပြု၍ ရှေ့သို့ တိုးလာပြန်သည်။

''ဂါး''

''မထူးဘူးဟေ့ … ပစ်ကွာ၊ ဝိုင်းချကွာ၊ ရှေ့တိုးဟေ့''

ကိုကျော်က

''သတိတော့ထားကြဟေ့နော်''

ကျားကြီးမှာ လူအင်အားဖြင့် ဝိုင်း၍ခြောက်ခြင်းကို ခံနေရ သဖြင့် ပို၍ ဒေါသဖြစ်သွားသည်။ တဂူးဂူး၊ တဂါးဂါးဖြင့် မာန်စောင်ရင်းမှ ဘယ်ညာဟိန်းဟောက်၍ ထူးဆန်းစွာ ဂွမ်းစောင် ကြီးအား ငုံကာခဲလိုက်သည်။ ထို့နောက် ဂွမ်းစောင်ကြီးကို ကိုက်ဆွဲ ရင်း နောက်ဆုတ်နောက်ဆုတ်နှင့် ဖြစ်နေရာမှ-

''ဝုန်း''

ကျယ်လောင်စွာ ဟိန်းလိုက်ရင်း တစ်ပတ်ကျွမ်းပစ်၍ ခြံစည်းရိုးအား ခုန်ကျော်ကာ ပျောက်ကွယ်သွားတော့၏။ စိုးကြီး နှင့် ကိုကျော်တို့ လွှသမားတစ်စုမှာ ဆူညံစွာ အော်ဟစ်ရင်း ကျန်ရစ်ခဲ့တော့သည်။ ဤအဖြစ်အပျက်ကား တစ်ခဏသာဖြစ်၍ ကျားကြီးလည်း ရုတ်တရက် ချက်ချင်း မျက်စိအောက်မှ ပျောက် ကွယ်သွားလေပြီ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)
## လွှစင်ပေါ်ကကျား

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်။

လပြာသိုကား မေးဖျားခိုက်ခိုက်တုန်မျှ ချမ်းအေး
လှတော့သည်။ ချမ်းအေးလှသော ဆောင်းရာသီကား လောလော
ဆယ်အားဖြင့် စိုးတထိတ်ထိတ်ဖြစ်ကြရလေ၏။ ကျားဆိုးသတင်း
ကြောင့် အလုပ်ပျက်အကိုင်ပျက်၊ နေမရ၊ စားမရ၊ အိပ်မ
ဖြစ်ကြရသည်။ စိုးကြီးနှင့် ကိုကျော်တို့၏ တဲအတွင်းသို့ ကျား
သည့်သတင်းမှာ နံနက်မိုးမလင်းမီပင် အုတ်အော်သောင်းတင်း
ဖြစ်ကြရသည်။ ရပ်နီးသူများစုစည်း၍ ကျားကြီးကို ခြေရာခံ
လိုက်ကြရာ တောင်ကြားတစ်ခုတွင် ခြေရာခံမိကြ၏။ ကျား
မှာ လူမဟုတ်ဘဲ လူနံ့မှုန်ထူနေသော ငွမ်းကပ်စောင်ကြီးအ
ဒေါ်သတကြီးဖြင့် အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲ၊ ကိုက်ဖြဲ
ခဲ့သည်။ ကျားကြီးကား ပျောက်ကွယ်သွားပြန်၏။





သက်ဆိုင်ရာ အဖွဲ့အစည်းများက ကျားကြီးနောက်သို့ ခြေရာခံလိုက်ကြရသည်။ အဖွဲ့များခွဲ၍ စုံစမ်းစနည်းနာကြသည်။ သတင်းအစအနကား မရသေး။ ကောလဟာလများသာ ကြားနေရ၏။ ထူးခြားချက်ကား အမှန်တကယ်ပင် ကျားကိုက်ခံရခြင်း၊ ကျားကြီးကို တွေ့ရခြင်းများရှိနေသော်လည်း လူတစ်ဦးတစ်ယောက်မျှ မသေဆုံးသေး။ လူပျောက်ဆုံးမှု မရှိသေး။ ထို့အတူ ကျားကြီးမှာလည်း သွေးထွက်သံယို ထိခိုက်ဒဏ်ရာမရရှိသေးခြင်းမှာ ထူးခြားမှုပင် ဖြစ်၏။ လွတ်လပ်ရေးနေ့ (၄)ရက်နေ့မှသည် ယနေ့အထိ (၃)ရက်မြောက် ကြာသွားပြီဖြစ်သော်လည်း ဘာမှ မထူးခြားသေး။ ဟိုမှာတွေ့ရသည်။ ဒီမှာတွေ့ခဲ့သည်ဆိုသည်နှင့် ချက်ချင်းလိုက်ကြသော်လည်း ထူးခြားချက်မရှိခဲ့။

ကျီးသီးမှော် လွှစင်ကုန်းတစ်နေရာဖြစ်သည်။

ကျားရန်ကြောင့် လွှသမားများ တဲကြီးတစ်ခုအတွင်း စုဝေး၍ ထိုင်နေကြသည်။ အကြောင်းကား ယနေ့အလုပ်ဆင်းသင့် မဆင်းသင့် ပြောဆိုငြင်းခုံနေကြခြင်းဖြစ်သည်။ ကျားကြီးသတင်းကို နားတစွင့်စွင့်ဖြင့် နေကြရသည်။ ကျားကြီးမှာ အယောင်ဖြူရုံ၊ သိသာရုံ ကိုက်ဆွဲခြင်းသာတွေ့ရ၍ နတ်ကျား၊ ဘိုးတော်ကျား၊ မယ်တော်ကြီးကျားဟု ဆိုကြပြန်သည်။ တချို့က ဝေးဝေးရောက်သွားလောက်ပြီဟု ဆိုသည်။

"ဒါပေမယ့် သက်ဆိုင်ရာနဲ့ ကျေးရွာလူကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှမထွက်ရ။ အလုပ်မဆင်းရလို့ တားထားတယ်ဆိုတာ သိထားကြကွ”

တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုနေမှုကြောင့် လွှသူကြီး ဦးဘအောင်က စိတ်တိုစွာ အသံမာမာနဲ့ ပြောဆိုလိုက်သည်။

“ဒါတော့ ဒါပေါ့ဗျာ။ နေရာတကာ လိုက်နှာနေရင် အလုပ် ပျက်တယ်ဗျ”

“ဒါက အသက်အန္တရာယ်ရှိတယ်လေကွာ”

“ဘာပဲဖြစ်ဖြစ်ဗျာ။ ဘယ်သူအလုပ်ဆင်းဆင်း မဆင်းဆင်း ကျုပ်တို့ညီအစ်ကို ဆင်းမယ်ဗျာ။ လွှစင်ပေါ်မှာ သစ်တွေ ရောင်လိုက်ထားတာ များနေပြီ။ သစ်ကနေ ပျဉ်ဖြစ်မှ ငွေပေါ်မှာ။ ငွေပေါ်မှ ကျုပ်တို့ရွာပြန်နိုင်မှာ”

လွှသူကြီး ဦးဘအောင်က စိတ်ဆိုးစွာ ထအော်လိုက်သည်။

“မာကောင်တွေ မောင်လွင်နဲ့ မောင်ဇော်ရ အလုပ်မလုပ်ရဘူးလို့ မပြောသေးဘူး။ ခုဟာက ကျားရန်ကလည်းကင်းအောင် အလုပ်လည်း ဆင်းနိုင်အောင် စီစဉ်ရမှာကွ။ တစ်ဦးတစ်ယောက်များ ဒဏ်ရာရ၊ သေကျေသွားရင် ဘယ်သူမှ မကောင်းဘူးဖြစ်နေမယ်။ ဒါကြောင့် ပြောတာကွ”

“ဦးညွန့်ဌေးတို့ ကိုရွှေတိုး၊ ကိုသန့်ဇင်တို့ ဘယ်လိုလုပ်





ကြမလဲဗျ”

ဦးညွန့်ဌေးက

“ဒီလိုလုပ်ကွာ။ ရောင်တုံးများတဲ့လွှစဉ်မှာ လွှဆိုင်း၊ သုံးဆိုင်း၊ လေးဆိုင်း တစ်ပြိုင်နက်ဆွဲရအောင်ကွာ။ ကျန်တဲ့ လူတွေအားလုံးက လွှစင်ဘေးနဲ့ တောစပ်တွေမှာ မှုဆိန်၊ ရဲတင်း၊ ဓားတွေကိုင်ပြီး ကင်းစောင့်ကြမယ်။ သတိဝီရိယနဲ့ လုပ်ကိုင်ကြ တာပေါ့။ ကျားလာရင်လည်း လူအင်အားနဲ့ အော်ဟစ်မောင်းထုတ် နိုင်အောင် အသင့်ဖြစ်နေရမယ်။ ကျားထင်လို့ ကြောက်ပြီး ထွက်မ ပြေးဖို့ လူစုကွဲမနေဖို့ သတိထားရမယ်။ ဘယ်လိုသဘောရလဲ”

“အေးလေ ... အလုပ်ပျက်တာထက်စာရင် ဒီလိုပဲ ကောင်းပါတယ်”

“ဒါဆို လူတွေတွဲဆိုင်းချ၊ တာဝန်ခွဲပေးပေတော့”

ဤသို့ဖြင့် သစ်ခုတ်သား၊ လွှဆွဲသမားများမှာ စုဝေးကာ နံနက်စောစော အလုပ်ဆင်းရန် ပြောဆို၍ ပြီးဆုံးသွားပေပြီ။ တစ်ခဏချင်းပင် သူ့အစု၊ ကိုယ့်အစုခွဲ၍ တွဲဆိုင်းများ၊ ကင်းစောင့်များအဖြစ်တာဝန်ပေးကာ လွှစင်များဘက်သို့ ထွက်ခဲ့ကြ၏။ လွှသူကြီး ဦးဘအောင်နှင့် လက်ထောက်များဖြစ်သော ကိုညွန့်ဌေး၊ ကိုရွှေတိုး၊ ကိုသန့်စင်၊ အမြွာညီအစ်ကို မောင်လွင်နှင့် မောင်ဇော်၊ ချစ်တီးတို့ပါဝင်သော လွှသမား အယောက် (၆၀) ခန့်သည် အလုပ်အတွက်သာ စိတ်စောနေကြသဖြင့် ကျား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပွပန်မှုကား မေ့ပျောက်သွားကြလေသည်။

နံနက်စောစော (၇)နာရီပင် မထိုးသေးသဖြင့် နှင်းများက ဝေမှိုင်းအုံ့ဆိုင်း၍ ကျနေဆဲပင်။ ဒီလိုသာဆိုလျှင် နေ့လယ်မွန်းတည့်အထိ နှင်းထုမကွဲ၊ နေလုံးပင် မမြင်ရဘဲ ရှိတော့မည်။ ဒီဒေသကား ဤသို့ဖြစ်မြဲသာ၊ လွှစင်များမှာ ဥရုမြစ်ကမ်းအနီး တောအုပ်အတွင်း၌တွင်ရှိလေသည်။

လွှစင်များ၌ ခွဲစိတ်ရမည့် ရောင်တုံးများ များပြားနေပြီ။ ရောင်တုံးဆိုသည်မှာ သစ်တုံးကြီးများအား လေးဖက်လေးတန်မှ လွှကြီးများဖြင့် ခွဲစိတ်ကာ ပကာ(ဘေးကာအသား)ဖယ်ထားသည့် လေးမြောင့်တုံးများကို ခေါ်ခြင်းဖြစ်၏။ ၎င်းရောင်တုံးများကို မျဉ်းရိုက်၍ လွှရှည်ကြီးများနှင့် အပေါ်ကတစ်ယောက် အောက်က တစ်ယောက်ဖြင့် လွှဆွဲလွှတိုက်ခြင်းဖြစ်သည်။မိမိတို့ လိုအပ်သော ပျဉ်အထူးအပါးကိုရအောင် လုပ်ယူကြရ၍ ပင်ပန်းသည်။ ကျောက်စိမ်းမော်တွင် လွှသမားများအဖို့ ပျဉ်တစ်တန် တန်ဖိုးမှာ နှစ်သောင်းကျော်ရသဖြင့် တွက်ခြေကိုက်လှသည်။ သို့သော် မိုးမိ၊ အအေးမိ၍ ဖျားနာကာ အလုပ်ပျက်ရက်များ လာလျှင် တွက်ခြေမကိုက်တော့။ ပိုဆိုးသည်ကား ကုန်ကျစရိတ် ပိုများသည်။ သစ်လုပ်ငန်းဆိုသည်ကား မော်အတွင်းမှာ တရားဝင် လုပ်ငန်းများ မဟုတ်ကြ။ ဒေသအခြေအနေအရ လုပ်ဆောင်ကြ ရခြင်းဖြစ်၍ ရက်ပျက်လိုခြင်း မရှိကြသည်မှာ အဆန်းမဟုတ်ပေ။





ဥရုမြစ်ကမ်းပါးတစ်ဝိုက်တွင် ရွှေမော်၊ ကျောက်မော်များနှင့်အတူ လွှစင်များတလည်း အပြိုင်အဆိုင်ရှိနေသည်။ လျှိုမြောင်တန်းများသည် လွှသမားတို့၏ သီချင်းသံနှင့် စီစီညံခဲ့သည်။ ယခုကား ယာယီဆိတ်ငြိမ်ခဲ့ရပြီ။

ဆောင်းနှင်းဖြူဖွေးပဝါသည် နေမင်း၏ အလင်းရောင်ကို အန်တုဖုံးအုပ်ထားဆဲဖြစ်သည်။ ဆောင်းနှင်းများအောက်မှ မောင်လွင်နှင့် မောင်ဇော်သည် လူငယ်များပီပီ သစ်ခုတ်ရဲတင်း တစ်ယောက်တစ်လက်စီ ဟန်ပါပါကိုင်ကာ လွှစင်ရှိရာသို့ ဦးဆောင်၍ ထွက်လာကြသည်။ ကျန်လူများသည်လည်း လုပ်ငန်းသုံး လက်နက်ကိုယ်စီကိုင်စွဲ၍ ကုပ်ချောင်းချောင်းဖြင့် လိုက်လာကြ၏။ ချမ်းအေးလွန်းသဖြင့် စောင်ကြီးများကို ဖိုသီဖတ်သီဖြင့် သိုင်းခြုံ၍ လာကြသည်။

ထိုစဉ်အစ်ကိုဖြစ်သူ မောင်လွင်၏ အသံထွက်ပေါ်လာသည်။

"ညီလေး မောင်ဇော်၊ ပိုက်ဆံရရင် ရွာမပြန်ဘဲ စိန်သွားစက်ချုပ်ဆိုင်က ကောင်မလေးကို တကယ်ယူမှာလားကွ"

"ဟာဗျာ ကိုလွင်ကလည်း သူများတွေ ကြားသွားမှ"

"ကြားကြားကွာ။ ငါက အကောင်းမေးတာကွ။ တော်ကြာ ပလောင်အေးကိုလို လီမွှော်သီးရောင်းတဲ့ မိန်းမလည်း မျိုးနဲ့တွေ့ပြီး ရှိသမျှကုန်မှာစိုးလို့ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒီလောက်မအ,ပါဘူး။ ပင်လယ်ဘူးနယ်သားပါဗျ"

"မဆိုင်ဘူးကွ လည်ဝယ်ပါတယ်ဆိုတဲ့ ကွမ်းအုံရွာသားမြောင်ကြီး၊ မှုန်ကြီး၊ ဇော်ကြီးတို့ ညီအစ်ကိုသုံးယောက်တောင် ခံလိုက်ရတယ် မဟုတ်လား"

"ဒါက သူတို့အ,လွန်းလို့ပါ။ မဝင်းဆွေနှင့် မဝင်းနိုင်တို့က စီးပွားရေးဂျိုးတွေပဲဟာ"

"အေးလေ မင်းလည်းသတိထားပေါ့။သိတာမှ တစ်နှစ်မပြည့်သေးဘူးလေ"

"ဟော့ ‥ဟော့ အေးကိုဆိုတာ ကြားလိုက်ပါတယ်ကွာ။ ငါ့အကြောင်း ပြောတာမဟုတ်လား။ ဒီမယ် မောင်လွင်ရ။ ငါက အ,လို့မဟုတ်ဘူးကွ။ လိမ္မော်သီးရောင်းတာ အရင်းနည်းတယ်ဆိုတာမို့ အရင်းအနှီးဖြည့်ပေးလိုက်တာပါ။ စေတနာပါနဲ့ကွ။ ဒါကို မင်းတို့က ငါ့ကွယ်ရာမှာ ပြောမဆုံးတော့ဘူး။"

မောင်လွင်နှင့် မောင်ဇော်တို့ ပြောစကားကို နားစွန်နားဖျား ကြားလိုက်ရသော ပလောင်အေးကိုက ကမန်းကတန်း စောဒကတက် ဖြေရှင်းလာသဖြင့် အားလုံးက သဘောကျစွာ ဟားတိုက်၍ ရယ်မောလိုက်ကြသည်။ တောထဲ တောင်ထဲ မိဝေးဖဝေး နေရသဖြင့် အချင်းချင်း ငြင်းရင်း ခုံရင်း စိတ်ဖြေကြရသည်။ အတွေ့အကြုံကလေးများကို အန်ထုတ်ကြရင်း အပျင်း





ပြေမှုလေးများ ရှာကြရ၏။

"ဟော့ကောင်တွေ အရည်မရ အဖတ်မရ တောင်စဉ်ရေမရ တာတွေ ပြောမနေနဲ့။ မင်းအဘကျားကြီး အလစ်ဝင်ဆွဲသွားလို့ မဟားတရားလိုက်နေရဦးမယ် သတိထားသွား။"

လွှသူကြီး ဦးဘအောင်က အော်ငေါက်လိုက်သဖြင့် တွတ်ထိုးတွတ်ထိုးနှင့်သောသောညံနေသံများ ငြိမ်ကျသွားကြသည်။ လွှသမားများကား မုံရွာဒေသဖြစ်သော ဘုတလင်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ပင်လယ်ဘူး၊ ခင်ဦးစသော မြို့နယ်နယ်နီးချင်းများဖြစ်၍ ပြောမနာဆိုမနာ ရှိကြသည်။ ၎င်းတို့၏ရပ်ရွာတွင် လယ်သမား၊ ယာသမား၊ စိုက်ပျိုးရေးသမား၊ တောင်သူများ သာဖြစ်၍ ပကတိရိုးသားကြသည်။ ငွေပိုငွေလျှံလေးများရလို သုံးဆွဲလိုကြ၍ မော်ထဲသို့ တက်လာခြင်းဖြစ်သည်။

မကြာမီ ဥရုမြစ်ကမ်းစပ်ရှိ လွှစင်များရှိရာသို့ ရောက်ရှိလာကြသည်။ လွှစင်များမှာ ဥရုမြစ်ကမ်းနှင့် ကိုက်(၃၀၀)ခန့်ဝေးသော လျှိုမြောင်ကြားအတွင်း တည်ရှိသည်။ လွှစင်များမှာ အနီးအပါးတွင် စုစည်းစွာရှိနေသဖြင့် လွှဆိုင်း လေးငါးဆိုင်း တစ်ပြိုင်နက်ပင် လုပ်ငန်းလုပ်ကိုင်နိုင်ကြသည်။

"ကဲကဲ ‥ အိပ်ယောင်ဝါးလုပ်မနေကြနဲ့၊ ဦးလှမြင့်နဲ့ ဦးစန်းလွင်က တစ်ဆိုင်း၊ ကိုထွန်းကျော်နဲ့ ကိုဘဆန်းက တစ်ဆိုင်း၊ တင်မောင်စိုး၊ ညွန့်ဌေး၊ ရွှေတိုး၊ သန့်စင်၊ စောထွန်း၊ အောင်တူး



www.burmeseclassic.com

www.burmeseclassic.com



မှိုင်တို့လည်း အဆိုင်းတွဲမယ်။ လွှဆိုင်းငါးဆိုင်း တစ်ပြိုင်နက်ဆွဲမယ်။ တင်ထွတ်၊ မောင်ပါ၊ တင်ငြိမ်း၊ ဦးဇော်ဝင်း၊ ဦးကိုဝင်း၊ ကိုစိုင်းမောင်တို့က ရောင်တုံးသစ်တွေ ရွေးပေးမယ်။ တင်ပေးမယ်။ အလှည့်ကျ လှူလဲပြီ ဝင်မယ်။ မောင်လွင်၊ မှောင်ဇော်၊ ချစ်တီး၊ မိုးဝေ၊ ပွားကြီးနှင့် ခင်မောင်ညွန့်တို့ လူငယ်တွေက လွှစင်ဝန်းကျင်နဲ့ ချုံပုတ်တွေကို လိုက်ရှင်းကြကွာ။ ပြီးရင် ပတ်ချာလှည့် ကြည့်ရှုရင်း ကင်းစောင့်မယ်။ ပုဆိန်၊ ရဲတင်း၊ ဓားတွေကိုယ်နဲ့ မကွာစေနဲ့။ နှစ်ယောက်တွဲစောင့်မယ်။ ကင်းစောင့်ရင်း သက်သာတယ်ဆိုပြီး "ငယောင်" တွေလုပ်မနေနဲ့သတိလည်း ထားကြဦး"

လွှသူကြီး ဦးဘအောင်က လုပ်ငန်းတာဝန်များကို ခွဲဝေပေးရင်း အဆက်မပြတ် ပြောကြားလိုက်သည်။ သူကိုယ်တိုင်လည်း ခြေထောက်ဆာတာဆာတာဖြင့် သစ်တိုသစ်စများ၊ သစ်ကိုင်းခြောက်များရှာကာ ရေနွေးအိုးတည်ရန် မီးမွှေးနေတော့သည်။ အဖွဲ့သားများ အနားယူလျှင် အမောပြေသောက်ရန် ရေနွေးတော့ အဆင်သင့်ရှိမှ ဖြစ်မည်။

"ဦးဘအောင်က အတော်စကားများတာပဲကွ"

"တို့ကိုသာ အာလူးပေးနိုင်တာပါကွာ။ သူ့မိန်းမဆရာမ ကျတော့ ကြောက်တာမှ တုန်နေတာကွ"

"ကြောက်မယ် မထင်ပါဘူးကွာ။ လူကြီးက





ထောင်ထောင်မောင်းမောင်းနဲ့ပါ"

"လုပ်မနေနဲ့ကွ။ သူ့အဘွားကြီးက ကျောင်းဆရာမ၊ အတော်စိတ်ကြီးတာ။ တစ်နှစ်က ရန်ဖြစ်စကားများရင်း ကျောက်ပြည့်နဲ့ ကောက်ပေါက်တာ ခြေကျိုးသွားလို့ အခုထက်ထိ ထမ်းသွားရင် ထော့နဲ့ ထော့နဲ့ ဖြစ်နေတာပေါ့"

"ဟာ ... အဲဒါက တုံးခိုက်မိလို့မဟုတ်လားကွ"

"ဘယ်ဟုတ်ရမလဲကွာ။ ဆရာမက လက်ချက်ပေါ့။ ဓားမှာ ခြောက်လလောက် ဆေးကုသလိုက်ရသေးတာကိုး။ ငါက အတွင်းသိ အစင်းသိ"

လူငယ်များ အလုပ်မစသေးဘဲ ပါးစပ်မှ ပွစိပွစိ ပြောနေကြဆဲတွင် လွှသူကြီး ဦးဘအောင်က အော်ဟစ်မာန်မဲလိုက်ရသည်။

"ပွားကြီးတို့ ခင်မောင်ညွန့်တို့တွေ ဘာတွေတွတ်ထိုးနေတာလဲကွ၊ အလုပ်စကြတော့လေ"

သို့နှင့် လုံခြုံရေးတာဝန်ကျသော လူငယ်များမှာ ချုံများကို ဓားများနှင့်ပစ်ပေါက်ခြင်း၊ ဝါးလုံးရှည်များဖြင့် ပုတ်ခြင်းနှင့်အတူ ပါးစပ်မှလည်း "ရူး ... ဝါး" အော်ဟစ်ကာ ခြောက်လှန့်၍ သာမောင်းနေကြသည်။

"ဝေး ... ဟေး ... ဟေး"

"ဗုန်း ... ဗုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး ... ရှူး ရှူး"

"ဖြောင်းဖြောင်း"

"ဝါးလားလား ... ဝါးလားလား"

"ဖောင်း ... အုန်း"

တောခြောက်တောထုတ်နေသော မောင်လွှင်၊ မောင်ဇော်တို့၏ အသံမှာ လိုတာထက် ပို၍ ဆူညံနေတော့သည်။ လူငယ်များမှာ လုပ်ရင်းကိုင်ရင်း လှုပ်ရှားရင်းမှပင် စိတ်ရောကိုယ်ပါ ပါရှိလာကာ အလုပ်လုပ်ရင်း ပျော်မြူးလာကြသည်။ တောမောင်းသံများက ဆူညံလျက်ဖြင့် ပျော်စရာကောင်းလာသည်။ ဤတွင် ခုတ်ရာတစ်ခြား၊ ရှရာတစ်ခြားဆိုသည်မှာ ဤသို့ဖြစ်ချေ၏ဟုကား ဟု ပြောစရာဖြစ်လာပါတော့သည်။

အဖြစ်ကား ဆန်းကြယ်လှသည်။

လူများနေထိုင်လုပ်ကိုင်ရာ မော်များ၊ ရွာများတွင် စုရုံးစုရုံးသွားလာလှုပ်ရှားခြင်း၊ တောခြောက်တောမောင်းလုပ်ခြင်း လုံခြုံရေးကင်းများ ရွာစည်း၊ ခြံစည်းများမှ တုံးခေါက်၊ ဝါးခေါက်သံချောင်းခေါက်သံများက အဆက်မပြတ် ထွက်ပေါ်လာနေခြင်းတို့ကြောင့် ကျားသတ္တဝါသည် လူများဝန်းကျင်သို့ ဝင်ခွင့်မရ။ ဝင်ခွင့်မရဲဖြစ်နေတော့သည်။ နီးစပ်ရာ တောတောင်များတွင် လှည့်လည်ရှာ၍လည်း ကြက်၊ ဖား၊ ပိုးမွှား စသောအကောင်ငယ်လေးများမှတစ်ပါး အခြားသော တိရစ္ဆာန်များကို ရှာဖွေ၍





မရနိုင်။ နယ်ကျွလမ်းမှား၍ ရောက်ရှိလာသော သတ္တဝါကြီးမှာ အစာကို ဝလင်အောင် ရှာဖွေ မစားသောကြောင့် ဥရုမြစ်ရေကို [illegible] အစသောက်၍ လူသားတို့၏ အနားရောက်မှ ရှောင်ရှားပုန်းအောင်းနေရလေသည်။

ယခုလည်း လွှသမားတို့၏ လွှစင်ထောင်ရှိ ရောင်ထားသော သစ်ပုံပေါ်တွင် အခန့်သား အိပ်၍နေတော့သည်။

လွှသမား လူငယ်တစ်သိုက်၏ တောခြောက်သံကြောင့် ကျားသည် ဖြန့်စန့်ကြီးအိပ်နေရာမှ ခေါင်းထောင်ကာ မားမားကြီး ရပ်မိုက်သည်။

တစ်ချိန်တည်းမှာပင် အပေါ်ဆွဲလွှသမားများနှင့် လူလတ်ပိုင်းဖြစ်သော တင်မောင်စိုးက သွက်လက်ဖျတ်လတ်စွာ စင်ပေါ်သို့ မြန်းခနဲ ခုန်တက်လိုက်သည်။

ကျားကြီးသည် ရှေ့ကို ခြစ်ခနဲမြင်သဖြင့် အသံကုန်ဟိန်းဟစ်လိုက်သည်။

"ဝေါင်း"

အောင်မယ်လေး ကျားကြီး

အော်လိုက်သည်။ ကျားဟိန်းသံ [illegible] အောင် အော်လိုက်သည့် လွှသမား တင်မောင်စိုး၏ အသံမှာ ကြောက်စရာအသံ နှစ်ခုက ထိတ်လန့်စရာ တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။ ရုတ်ခြည်း ကျားကြီး လိုက်နှင့်ပုတ်ရန် ဆိုက်ကိုအထိ [illegible] မောင်



www.burmeseclassic.com

www.burmeseclassic.com



စိုးက ကြောက်လန့်တကြား နောက်အတွန့်၊ အရှိန်ဖြင့် လွှစင်ပေါ်မှ ပြုတ်ကျကာ ပုဆိုးကွဲလျက် တင်ပါးပြဲကာ ဒဏ်ရာရတော့သည်။ တင်မောင်စိုး၏ ခါးဝတ်ပုဆိုးပြဲသည် လွှစင်တွင် ချိတ်၍ ကျန်ခဲ့တော့သည်။

"ဘာလုပ်နေကြတာလဲကွ။ ကြံ့ရာနဲ့ ပစ်ကြပါတော့လား"

ချက်ချင်းဆိုသလို လွှသူကြီး ဦးဘအောင်၏ သတိပေးသံနှင့်အတူ လက်ထဲမှ မီးစဖြင့် လွှစင်ပေါ်မှ ကျားကို လှမ်း၍ ပစ်လိုက်သည်။ မီးက ရဲကနဲဖြစ်သွားသော်လည်း ကျားက မီးစကို ပုတ်ထုတ်လိုက်သည်။ ဤတွင်မှသာ သစ်ဆွဲသမားအားလုံး သတိဝင်လာကာ -

"ကျားကြီး ... ကျားကြီး... ပစ်ဟ ခတ်ဟ"

ဟု အော်ဟစ်ကာ စုရုံးရောက်ရှိလာကြသည်။ ကျားကြီးကိုလည်း ကြံ့ရာ ရရာများဖြင့် ပစ်ပေါက်ရင်း မောင်းထုတ်ကြတော့သည်။

လွှသမားတို့ပစ်သမျှသည် ကျားကြီးကို ကောင်းစွာ မထိမမှန်ချေ။ ကျားကြီးသည် မရှောင်မတိမ်းဘဲ ညာလက်ဖြင့် ပုတ်ထုတ်ပစ်နေသည်။

"ဂိး ... ဂရေး ဂါး"

ဟူသော မတိုးမကျယ်အသံကို ပြုနေသော်လည်း





အသံကုန် ဟိန်းဟောက်ခြင်းတော့ မရှိချေ။ ဦးဘအောင်နှင့် လွှသမားတစ်သိုက်မှာ မြေပြင်ပေါ်မှဖြစ်၍ လွှစင်ပေါ်မှ ကျားကြီးကို ကောင်းစွာ မမြင်ကြရ။ လှုပ်ရှားနေသော ကျားလက်နှင့် ခေါင်းဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူးကြီးကိုသာ မြင်နေရသည်။ ပစ်ခတ်မောင်းထုတ်နေသော်လည်း ကျားကြီးမှာ လွှစင်ပေါ်မှ ဆင်းသေး။

ဦးဘအောင် ခေါင်းဆောင်သော လွှသမား(၂၀)ကျော်မှာ ကျား၏ ရန်ကိုလည်းကြောက်ရသဖြင့် ပခုံးချင်းထိကပ်နိုင်သမျှ ကပ်၍ ရင်ဆိုင်ကြရသည်။ ကျားကြီးက ဓာဂါးဂါးဖြင့် မာန်ဖီနေဆဲဖြစ်သည်။ ကျားကြီး လွှစင်ပေါ်မှ မဆင်းသေးသဖြင့် သူများမှာ ကြံ့ရာမရဖြစ်ကြရသည်။ မောင်းထုတ် ပစ်ခတ်နေကြသော်လည်း ပူပန်ကြောင့်ကြမှုရှိလာကြသည်။ လူစုခွဲ၍လည်း ထွက်မပြေးရဲကြချေ။ တစ်သက်နှင့်တစ်ကိုယ် ကျားဆိုသည်ကို အခုမှ နဖူးတွေ့ ဒူးတွေ့ မြင်ကြရခြင်းဖြစ်သည်။

ထိုစဉ် စင်ပေါ်က ပက်လက်လန်ပြုတ်ကျလာသော တင်မောင်စိုးက လွှစင်အောက်သို့ ရုတ်ခြည်းပြေးဝင် ကျားကြီးအား ဝါးချွန်ဖြင့် ဆောင့်၍ ထိုးတော့သည်။

"ကဲကွာ .. ကဲကွာ"

"ဝေါင်း"

ကျယ်လောင်စွာ ဟိန်းသံနှင့်အတူ ကျားကြီးမှာ မြေပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ဘုတ်ခနဲ ကျလာသည်။ ဝါးချွန်ဒုတ်ရာကြောင့် ရုတ်
ရက် လန့်ဖျပ်၍ ခုန်ချလိုက်ဟန်တူသည်။ ကျားဟိန်းသံကြားသည်
နှင့် ဝါးချွန်နှင့် ထိုးလိုက်သော တင်မောင်စိုးမှာလည်း ကြော
လန့်တကြားဖြင့် လှုစင်အောက်မှ ပြေးထွက်လာရာ မှောက်လျ
လဲတော့သည်။ သတိနိုင်နေကြသော ဦးဘအောင်တို့ လူစုလည်
နှင်းမှုန်ကြားမှ ကျွမ်းပစ်၍ ကျလာသော ကျားကြီးအား တုတ်မျ
ဖြင့် ပစ်ခတ်ကာ ညာသံပေး၍လိုက်လေတော့သည်။ ထိုအ
တင်မောင်စိုးအား မွေ့ထူလိုက်ကြသည်။

ပထမတွင် ကျားကြီးမှာ ဟိန်းကာဟောက်ကာ ဆုတ်
ကန်၍ ဟန်ရေးပြနေသော်လည်း လူအင်အားနှင့် ညာသံကြော
တစ်ဆက်တစ်စပ် ဆုတ်ခွာခွာ၍ နေရလေသည်။

"ကျားပိန်ကြီးကွ ကျားပိန်ကြီး"

ကျားကြီးမှာ ရှည်လျားမြင့်မားသော်လည်း ခါးကြီးန
ယိမ်းထိုးနေပုံကာ ပိန်းလှန်းနေသည်မှာ သိသာလှသည်။ ဗိုက်
ကြီးကိုမူ အသားတုန်ဟ၍ မာန်ဖီနေသေး။

"တုတ်တွေနဲ့ ပစ်ကွာ။ ကြံ့ရာနဲ့ပစ်ကွာ"

"ဟာ … ဆီတာယ်ပေါ့ … မှန်တယ်ပေါ့။ ဆက်

ပေ့၊ ပစ်ကွ"

"ဝေး … ဝေး"

… ပြေးပြီ ပြေးပြီ ကျားကြီး ပြေးပြီဟေ့



"လိုက်ဟေ့ လိုက်ဟေ့။ လိုက်ကွ ချက် …"

ညာသံပေး၍ အတင်းဖိလိုက်ရင်း တုတ်များ၊ ကျောက်ခဲ
ကျောက်တုံးများဖြင့် အဆက်မပြတ် ပစ်ခတ်ကြသည်။ ကျားကြီး
သည် လူအုပ်ကို တစ်ချက်စိုက်ကြည့်၍ လှစ်ခနဲ နောက်ပြန်
လှည့်ကာ ဥရုမြစ်ဘက်ဆီသို့ ဆင်းပြေးတော့သည်။

နံနက် … တိုးနာရီကျော်ခန့် ရှိပြီဖြစ်၍ နေထွက်စပြု
လာသည်။

နှင်းထုသည် တဖြည်းဖြည်း ပါးလျား၍ လာပေပြီ။

နှင်းမှုန်တို့ ခပ်ပါးပါးဖြစ်လာစ ကျားကို ထင်ထင်ရှား
ရှားထပ်မံ၍ မြင်လိုက်ရပြီ။ ကျားသည် တမန်းတတန်း မဟုတ်
ဘဲ ခပ်သွက်သွက်သာ ပြေးသွားနေ၏။ ကျောက်တုံးရေမြေမို့
ကျောက်စများနှင့် ချုံပင်ပေါက်စများသာ ရှိနေသဖြင့် မြင်ကွင်း
ရှင်းလှသည်။ ရှေ့မြင်ကွင်းကား ကမ်းစပ်သောင်ပြင်ဖြစ်၍
သစ်ပိတ်ပေါင်းများ မရှိတော့။ သစ်ပင်ကြီးများ မရှိတော့။
နောက်ပြန်။ သုံးပြန်ခန့် အဝေးမှနေ၍ ကျားကြီးကို နှင်းမှုန်များ
ကြားတွင် မြင်နေရသည်။ လူသမားများကား ညာသံပေး၍
လိုက်ဆဲပင်။

လူသမားတင်မောင်စိုးမှာ ပွဲဆိုးမပါတော့သော်လည်း
… ပြောင်ပြောင်ဖြစ်ပင် လူစုနှင့်အတူ ပြေးလိုက်၍ ကျားကြီးကို
… ထုတ်ပစ်ခတ်နေသည်။ "ဤသည်ကား ကျားကိုလူက

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော တကယ့်မြင်ကွင်းပင် ဖြစ်ပါတော့သည်။

ကျားကြီးက ပြေးနေဆဲ။ လူအုပ်ကြီးက လိုက်၍ ပစ်ခတ်ဆဲ။

လူအုပ်နှင့် တဖြည်းဖြည်းနီးလာသည်နှင့် ကျားကြီးသည် ၎င်း၏ နောက်ဆုံးနည်းလမ်းကို ရွေးရတော့သည်။ လူကိုခံတိုက်ပြန်တိုက်မည်ဟု ပထမထင်ထားကြသဖြင့် လူများလည်း တုံ့ခနဲဖြစ်သွားသေးသည်။ နောက်ပြန်ငဲ့စောင်း၍ ကြည့်နေသော ကျားကြီးသည် ရုတ်တရက် ဥရုမြစ်ထဲသို့ ဒိုင်ဗင်ထိုး၍ ခုန်ဆင်းသွားသည်။

ဝေါးခနဲ ကျားဟိန်းသံနှင့်အတူ ဗွမ်းပွသော ရေထဲကျသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ကျားကား ရေထဲဆင်းသွားပေပြီ။

"ဟာ . . ကျားကြီး . . ရေထဲခုန်ချသွားပြီဟေ့"

လွှသမားများလည်း ကမ်းစပ်သို့ ရောက်လာကာ ဥရုမြစ်ရေပြင်ကို ငေးစိုက်၍ ကြည့်နေရတော့သည်။ ကျားကြီးမှာ ခေါင်း၊ ကျောရိုးတန်းနှင့် အမြီးရှည်ကြီးသာ ရေပေါ်ဖော်ရင်း လှုပ်ယမ်းကာ ကူးခတ်၍ သွားနေ၏။ ကျားကြီးဦးတည်ကူးခတ်သွားရာကား ဥရုမြစ်အရှေ့ဘက်ကမ်းသို့ ပင်ဖြစ်သည်။ တောကျွမ်းသော ကျားကြီးမှာ ရေကူးလည်း ကျွမ်းကျင်လှပါပေသည်။

"ကျားကြီးရေကူးသွားပြီဗျို့။ ကျားကြီး ရေကူးသွားပြီ"





"အရှေ့ဘက်ကမ်းကို ကျားကြီး ကူးသွားပြီဗျို့"

ဦးဘအောင်တို့ လွှသမားများကလည်း မြစ်ရေပြင်ထဲသို့ပင် ကျောက်ခဲများ၊ တုတ်များဖြင့် ဝိုင်းအုံပစ်ခတ်ရင်း နီးပါးဝန်းကျင် မော်များမှလူများ သိရှိရန် သံကုန်အော်ဟစ်ကြပြန်သည်။ သတိပေးကြခြင်းဖြစ်သည်။ ဥရုမြစ်၏ သုံးပုံနှစ်ပုံခန့်သို့ ရောက်သောအခါ နှင်းမြူမှိုင်းတို့ကြောင့် ကျားကြီးကို လုံးဝမမြင်ရတော့ချေ။ မြင်ကွင်းမြစ်ရေပြင်မှ ကျားကြီးပျောက်ကွယ်သွားပြီဖြစ်သည်။

၎င်းနေ့က လွှသူကြီးဦးဘအောင်လည်း ကျိုးသီးမော် ဥက္ကဋ္ဌနှင့် ရွာလူကြီးများကို ချက်ချင်းအကြောင်းကြားရသည်။ တာမခန့်ဝန်းကျင်တွင် ကျားကြီးရေကူးလာပြီဟူသော သတင်းသည် ထိတ်လန့်စွာ ပျံ့နှံ့သွားတော့သည်။

ကျားကို ဝါးချွန်ဖြင့် ထိုးသော လွှသမား တင်မောင်စိုးမှာ ကျားကို ထိပ်တိုက်တွေ့၍ လန့်သောစိတ်၊ လွှစင်ပေါ်မှကျသော ဒဏ်၊ နှင်းထုကြား မုဆိုးမပါ၍ အအေးပတ်သော ဒဏ်၊ ပြေးရလွှားရ မောက်လျက်လဲရသော ဒဏ်နှင့်ကြောက်စိတ်၊ ရှက်စိတ်တို့ကြောင့် ရုတ်တရက် ဖျားပါလေတော့သည်။

(အဖျားရောဂါကို တစ်လနီးပါးခန့် ဆေးကု၍ ပျောက်သောအခါ ကျားဖင်ထုတ်ထိုး 'တင်မောင်စိုး' ဟူသော အမည်ပြောင်တစ်ခု တွင်ကျန်ရစ်ခဲ့တော့သည်။)



www.burmeseclassic.com

www.burmeseclassic.com



ကျီးသိုးမော်မှ ကျားရေကူးသွားပြီဆို၍ ယောယီစိတ်အေး ကြရသဖြင့် ပျော်ရွှင်နေကြသည်။ ထိုအတူ ဦးဘအောင်၏ လှူစခန်းတွင်လည်း ရွာသားများဖြင့် စည်ကားနေသည်။ ရွာသားများ မော်သူ မော်ထားများ မေးသမျှကိုလည်း ဂုဏ်ယူစွာ ကြွားဝါ ကြီးချဲ့၍ ပြောဆိုနေကြသည်မှာ ပျော်စရာမှင်း ကောင်းပါသေးတော့သည်။

"ကျားကြီးကို အရှင်ဖမ်းဖို့ စိတ်ကူးသေးတာပေါ့"

"ဟင် .. ဟုတ်လား ခုတော့ ဘာဖြစ်လို့ မဖမ်းခဲ့တာ လဲ"

"ကျားကြီးက အဖမ်းမခံဘူးလေ။ ဟီး .. ဟီး ဟီး"

အမောကြားမှ ရယ်စရာများနှင့်သာ ဖြစ်နေရပါတော့ သည်။

◆◆◆◆◆





## အခန်း(၅)
## ကျားရဲကြမှာ မယုံးသာ

ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာအုပ်စု၊ ကရင် ချောင်မော် အောက်စပ္ပေကျေးရွာတွင်ဖြစ်သည်။ မော်ဈေးအတွင်း အိမ် တစ်အိမ်ကား လျှပ်စစ်မီးများဖြင့် ထိန်ထိန်လင်းနေသည်။ အိမ်ရှေ့တွင် အသုဘစင်တစ်ခုရှိ၍ အိမ်ခြံတွင်းမှာကား ကနားဖျင်း ဆိုးကာ လူကြီးဆယ့်လေး ငါးယောက်ခန့် စကာဝိုင်းဖွဲ့နေကြ သည်။ ကျေးရွာလူကြီးများဖြစ်ကြသော ဦးစိုးမြင့်၊ ဦးစိန်ဝင်း၊ ဦးသန်းစိုး၊ ဦးကျော်သိန်း၊ ဘုရားကြီး ဦးစိန်ဝင်း၊ ဦးဝင်းမော်၊ ဦးစောထွန်းဝင်း၊ ဦးဇော်ဝမ်းနှင့် ဦးရဲဇော်တို့မှာ အချီအချ စကား ပြောနေကြ၏။

ဦးစောထွန်းဝင်းဆိုသူက

"ဒီလူက စာရေးဆရာဗျ။ စာအုပ်ဆိုင်လည်း ဆိပ်မှုမှာ ဖွင့်ထားသလို မော်ထဲဖောက်သည်တွေကိုလည်း စာအုပ်တွေ သိုက်ဖို့ လိုက်ရောင်းတယ်"

"ဟုတ်လား။ စာရေးဆရာလို့တော့ ပြောနေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စကားပြောရင် ဘုကန့်လန့်ကြီးပါ"

"ဒါတော့ လူမှုန်၊ လူပြတ်တွေရဲ့ စရိုက်ပဲဗျ"

ညဉ့်ဦး(၈)နာရီခန့်ဖြစ်သော်လည်း လူခြေတိတ်နေပေပြီ။ နှင်းများက ထူထပ်စွာကျနေသည်။ ပို၍ အေးချမ်းလာသဖြင့် မီးပုံအနီးသို့ ကပ်နေကြရသည်။ အပြင်မှ အသုဘအလောင်းစင်မှလည်း နှင်းများစိုရွှဲ၍ နေသည်။

ဦးကျော်ဝင်းမောင် (ကလေးဝ)

(ခ) စာရေးဆရာ

မောင်ခင်မောင်(ငပယင်း)

၆-၁-၁၉၉၉ နေ့တွင် ရုတ်တရက် ကွယ်လွန်သည်။

အသုဘခေါင်းကို ဆေးအပြာပလိန်းသုတ်၍ ကွယ်လွန်သူအမည်နှင့် အသက်ကို ဆေးဖြူဖြင့် ထင်ရှားစွာရေးထားသည်။ အနီးတွင် အသုဘစောင့်နေကြသော လူငယ် လူလတ်ဆယ့်လေးငါးဦးခန့်ကလည်း မီးဖိုများဖိုကာ ဝိုင်းဖွဲ့၍ စောင့်နေကြသည်။ ကရင်ချောင်လူငယ်များဖြစ်သော ကိုတင်စိုး၊ ကိုကျော်သူ၊ ကိုမြင့်ဇော်၊ ကိုလွှမ်းငြိမ်း၊ ကိုသိန်းစိုး၊ ကိုဝင်းအောင်၊ ကိုရဲဇော်၊ အာဝလာစင်းမော်၊ ကိုရှုပန်၊ ကိုမောင်စိုး၊ ကိုကျော်စိန်၊ ကိုကျော်ဦး၊ ကိုဇော်လင်း စသည်ဖြင့် လူစုံရှိနေကြသည်။

(မှတ်ချက်။ ဝိုင်းဝန်းကူညီကြသော မော်နေမိတ်ဆွေများဖြစ်၍ အမည်များကို သတိတရ ဖော်ပြရေးသားရခြင်း





ဖြစ်ပါသည်။)

အသုဘဆိုသော်လည်း ဖဲရိုက်ကစားခြင်းကို ခွင့်မပြုပေ။ အကြောင်းကား မော်သူကြီးမ ဒေါ်ညိုတုတ်မှ တင်းတင်းကြပ်ကြပ် အမိန့်ထုတ်ထား၍ ဖြစ်သည်။ လူငယ်များမှာ ဖဲထုပ်နှင့် မာကျောလ္ဘာအစား ဓား၊ ပုဆိန်၊ ရဲတင်း၊ သံတိုင်ချွန်များကို ကိုင်၍ မီးဖိုအနီးတွင် အသင့်စောင့်နေကြရသည်။ မှာဝန်းကျင်စည်းရိုးများကိုလည်း အလှည့်ကျကင်းချ၍ မီးဖိုဖြင့် နေစေသည်။ သတိဝီရိယနှင့် နေထိုင်ကြစေသည်။

အဖြစ်အပျက်ကား ဤသို့ဖြစ်၏။

စာရေးဆရာ စာအုပ်သည် ဖြစ်သော ဦးကျော်ဝင်းမောင်(ကလေးဝ)မှာ ဆိပ်ဖူမှ ကရင်ချောင်သို့ စာအုပ်ဖောက်သည်ပေးရန် တောင်ရိုးအတိုင်း ခြေကျင်ရောက်လာသည်။ ဦးကျော်ဝင်းမောင်နောက်တွင် ဈေးပိုးသမား၊ သုံးလေးဦး ပါလာသည်။ ညနေစောင်းဖြစ်၍ ဆောင်းတွင်းလည်းဖြစ်၊ တောင်တက် တောင်ဆင်းလည်းဖြစ်၍ နေဝင်ဖျိုးဖျိုး မှောင်စပြုနေသည်။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းရှိသော တောင်ပတ်လမ်းအတိုင်း တက်လာစရာထောင်ကွေ့တစ်ခုအရောက်တွင် "အဟမ်း ... ဂါး" ဆိုသော အသံကို အားလုံးကြားလိုက်ရ၏။ ရှေ့ဆုံးမှ ဦးဆောင်သွားသော ဦးကျော်ဝင်းမောင်ထံမှ -

"အမလေး ကျား ကျား

www.burmeseclassic.com



ဟု ထိတ်လန့်တကြား အော်သံနှင့်အတူ ချောက်ထဲသို့ ဝရုန်းသုန်းကား ကျသွားပါတော့သည်။ ဈေးပိုးသမားများလည်း ကြောက်ကြောက်ဖြင့် ဝိုင်းဝန်း၍ အော်ဟစ်ကာ အကူအညီတောင်း ကြရတော့သည်။

"ကယ်ကြပါဦး ... ကယ်ကြပါဦး ... ကျား ... ကျား

"တောင်အောက်ကို လူကျသွားတယ်"

ကျားဆွဲသွားတာ ထင်တယ်"

ဆူညံနေသော လူသံများကြောင့် ကရင်ချောင်မော် စမွေ့ရွာမှ သူကြီးမဒေါ်ညိုတုတ်နှင့် ကျောက်တူးသမားများ အပြေးရောက်လာ၍ ကူညီကြသည်။ တောင်အောက်သို့ ပြုတ်ကျသွားသော ဦးကျော်ဝင်းမောင်(ခေါ်) စာရေးဆရာ မောင်ခင်မောင်(ငပယင်း)မှာ ခေါင်းနှင့်ကျောက်တုံး ခိုက်မိ၍ ပွဲချင်းပြီး သေဆုံးသည်။ ကျားကုတ်ခြင်း၊ ကျားကိုက် ခံရထားရ သော ဒဏ်ရာမရှိသလို ကျားခြေရာများလည်း ရှာဖွေ၍ မတွေ့ကြ ရပါ။ ဦးကျော်ဝင်းမောင်မှာ ကျားကိုက်၍ သေခြင်း မဟုတ်သော် ငြားလည်း ကျားပယောဂကြောင့် သေရသည်ဟု ပြောရမည် ဖြစ်သည်။ သို့ဖြစ်၍ ကရင်ချောင်မော်တွင် လျှပ်စစ်မီးတထိန်ထိန် လုံခြုံရေး ကင်းမီးဖိုများတာဝင်းဝင်းနှင့် အသုဘအခမ်းအနား လုပ်ဆောင်ကြရ၏။ မိမိတို့ရွာအနီးတွင် လာရောက်သေဆုံးမှတော့ ဒိမိတို့ရွာကပဲ တာဝန်ယူကာ သင်္ဂြိုဟ်ရမည်ကို ရွာသူရွာသားများ



သိပြီးဖြစ်သည်။

သို့သော် တွေးစရာဖြစ်နေသည်ကား မိုင်(၂၀)ခန့်ဝေး သော တာမခန်နှင့် ကရင်ချောင်စမွေ့ရွာ(ဆိုင်းတောင်အုပ်စု)သို့ လူသွေးစုပ်ကျားဆိုးကြီး ချက်ချင်းရောက်လာနိုင်သလား ဆိုသည် ဝင်။ ဥရုမြစ်ကို ကောက်ကွေ့သလို သံတောင်ခေါ် ကသိုင်း တောင်ကြီးကလည်း တံတိုင်းကြီးအဖြစ် ခြားထားသေးသည်။ မဟုတ်လား။

မည်သို့ဆိုစေ မော်ဒေသတွင်ကား ကျီးလန့်စာ စားဖို့၍ အထိတ်တလန့် ဖြစ်၍သာနေသည်။ အများက သွေးစုပ်ကျားကြီး ကျားဆိုးကြီးဟူ၍ သတ်မှတ်ခေါ်ဝေါ်နေကြပြီဖြစ်သည်။ ကောလဟာလ သတင်းများက မကြားချင်အဆုံးပင်။ မဟုတ် မဟုတ် လုပ်ဇာတ်စကားများကြောင့် ကျားအကြောင်းမှာ ပို၍ပင် ကြောက်စရာကောင်းနေတော့သည်။

ကရင်ချောင်မော်၌ ဖြစ်ပွားသော မတော်တဆလူသေမှု ကို အကြောင်းပြု၍ အထက်စမွေ့ရွာ၊ တောင်းကောမော်၊ ကောင် ဆန်မော်၊ နတ်ချော်၊ မော်လကင်းမော်၊ ဆိုင်းအောင်၊ မော်ရှန်၊ ဟင်းတင်၊ ခွတ်အောင်၊ မိုက်ကျ၊ စဝေါ၊ ဘစ်ချောက်၊ မကီ လင်းချောင်း၊ မမုန်း၊ ဖားပြင်စသော မော်များ၊ ရွာများသည်လည်း လုံခြုံရေးကင်းများ ချထားရတော့သည်။ သတ်ဆိုင်ရာနှင့် ရွာသားများ ပူးပေါင်း၍ လှည့်ကင်းများဖြင့် ကျားဘေးကိုရန်မှ

www.burmeseclassic.com



ကင်းငြိမ်းစေရန် ဆောင်ရွက်ကြရတော့သည်။

•

## ဥရုမြစ်ကို အကြိမ်ကြိမ် ဖြတ်ကူးနေသော ကျားကြီး

လွှသမားတို့၏ သတင်းပေးချက်ကြောင့် ကျားကြီးမှာ ဥရုမြစ်အရှေ့ဘက်ကမ်းသို့ ရေကူး၍ သွားကြောင်း သိကြရသဖြင့် ပို၍ ထူးဆန်းသွားစေသည်။ ကျားသတ္တဝါကြီးမှာ ဥရုမြစ်အား ဟိုမှ ဒီမှ ဖြတ်ကူးလူးပ်ရှားနေကြောင်း သိသာလှသည်။ တွေ့မြင်သူများ၏ ပြောကြားချက်အရ ကျားမှာ တစ်ကောင်တည်းသော ကျားပိန်ကြီးဟု ကောက်ချက်ချနိုင်သလို ဇန်နဝါရီလ (၄)ရက်က အရှေ့ဘက်ကမ်း ရှင်တထောင်မော်တွင် သောင်းကျန်းခဲ့သော ကျားမှာ (၅)ရက်နေ့က အနောက်ဘက်ကမ်းကျိုးသီးမော်တွင် ဝင်ရောက်ခဲ့ပြန်သည်။ ဇန်နဝါရီလ(၆)ရက်နေ့မှာတော့ အရှေ့ဘက်ကမ်းသို့ ကူးသွားပြန်သည်။ ကျား ဦးတည်နေရာကား ချောပြင်မော်၊ မော်လုံရွာ၊ နမ့်စဘိန်းရွာများသို့ ဖြစ်နိုင်ခြေရှိနေသည်။ ထိုအတူ အနည်းငယ် အလှမ်းကွာသော်လည်း ဆက်စပ်နေသည့် ကသိုင်းဘုရားတောင်၊ သစ်မြစ်တောင်၊ နမ့်လယ်ကွင်း၊ ညိုမှိုင်း၊ ရေပင်၊ နမ့်မွန်းကျဲ၊ အနီးစခန်းရွာစသည့် ရွာများသည်လည်း ကျားကြီးရန်က ကင်းလွတ်မည်ဟု မဆိုနိုင်။

ထို့ဖြစ်၍ ဥရုမြစ် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းရှိ မော်ဒေသမှ ရွာအားလုံးမှာ ကျားသတ္တဝါကြီးကို အလှူးဂရုစိုက်ကြရပေမည်။ မှန်းခြေအားဖြင့် ကျားကြီးနှင့် မိုင်(၂၀) ပတ်လည်အတွင်း အန္တရာယ်ဖုန်အဖြစ်သက်ဆိုင်ရာကသတ်မှတ်လေသည်။ ကျားသတ္တဝါ၏ နယ်ကျွံလာသော လမ်းကြောင်းသည်လည်း ခစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ဒေသ ခန္တီးကျောက်စိမ်း နယ်မြေမှ ဖြစ်နိုင်သည်ဟု ထင်မြင်ကြသည်။ ကျားကြီးသည်ကား ဥရုမြစ်ချပြင်ကို ခေါက်တုံ့ ခေါက်ပြန်ကူး၍ သောင်းကျန်းနေပေပြီ။

ရေကူးလာသော ကျားကြီးကား တစ်နေ့ကုန်မျှ ပျောက်ကွယ်နေပြန်၏။ အခြေအနေကို လေ့လာလျှင် နေ့ခင်း၌ လူရိပ်ချည်မှ ရှောင်ရှားပုန်းအောင်းနေခြင်း ဖြစ်ပေမည်။ တာမခန်တာပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် နေရာအနှံ့သို့ တောနင်း ရှာဖွေလျက်ရှိကြသည်။

မော်များ၊ ရွာများအားလုံး၌လည်း ကလေးနှင့် မိန်းမများကို ဗွီဒီယိုရုံများ၊ ကျောင်းများ၌ စုဝေး၍ အိပ်စက်စေ၏။ ယောကျ်ားများအားလုံးက မီးပုံကြီးများဖိုပြီး ဆက်လက်၍ ကင်းစောင့်ကြရသည်။ မော်လုံရွာစွန်ရှိ တဲအိမ်တစ်ခုတွင်လည်း ယောကျ်ားကြီးများ စုရုံး၍ စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။ ထိုအနီးတွင် မီးပုံနှစ်ခုက အားကောင်းစွာ တောက်လောင်လျက်ရှိသည်။

www.burmeseclassic.com



"ဆရာကြီး- ဆရာကြီးက ဗေဒင်လည်းဟောတယ် တာ့ရိုပေ့စလည်းရေးတယ်ဆိုတော့ မေးချင်းမယ်ဗျာ။ ဒီမှော်မှာ သောင်းကျန်းနေတဲ့ ကျားကြီးက ဘာကြောင့် ရောက်လာရသလဲ ဗျူ။ ရှင်းပြစမ်းပါဦး"

"ခန္ဓာကိုကနေ နယ်ကျွံလာတဲ့ကျားလို့ ဆိုကိုး ဖြစ်နိုင်ခြေတော့ ရှိတာပေါ့။ ချင်းတွင်းဘက်အမ်း တောတောင် တွေက ထူထပ်နေသေးတာကိုး။ ဒါပေမယ့် သူ့အတွက် ရန်ဥတ် အန္တရာယ်တစ်ခုခုကြောင့် ဒီဘက်ကို လမ်းမှားပြီး ရောက်လာ တာ နေမှာပေါ့။ ကျုပ်လည်း အတိအကျတော့ မသိပေါ့ဘူးကွယ်"

"ကျားက လူတွေကို သေအောင် မကိုက်သတ်ဘဲ သွေးစုပ်ရုံ၊ ဒဏ်ရာရရုံဆိုတော့ ထူးဆန်းမနေပေဘူးလား။ နတ်ကျားဆိုတာ ဖြစ်နိုင်တာပေါ့"

"ဒီလိုတော့ အတိအကျမပြောနိုင်ဘူးကွယ်။ လူမသေ တာကတော့ ကံကောင်းလို့ပဲ မှတ်ယူရမှာပေါ့"

"ကံဆိုတာ အလုပ်လို့ပြောကြတော့ ကျားကြီးကြောင့် ဖြစ်တော်စဉ်မှာ မကောင်းမှုကိုကြည့်ပြီး ကံကြောင့်ပဲလို့ ယူမယ်ဆို လို့ ရပါ့မလား ဆရာကြီး"

"ဟုတ်ပြီ ကိုစိုးဝင်းတို့တစ်တွေ စကားပြောကြတာ အဓိပ္ပါယ် ကျယ်လွန်းပါတယ်။ ဆရာကြီးမောင်မောင်ကို ခေါ်ခဲ့ရတာပါ"

ခပ်ထွေထွေဖြင့် စကားလေရှည်နေသော ကိုစိုးဝင်းအား





မိတ်ဆွေဖြစ်သူ ကိုမြင့်လွင်ခေါ် ကိုထော်က ဝင်ရောက်၍ ဟန့်တားလိုက်သည်။ ကိုစိုးဝင်းမှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ် ၍ ကိုထော်ခေါ် ကိုမြင့်လွင်မှာ ရွှေပန်းထိမ်ပိုင်ရှင်ဖြစ်၏။ ဇာတိတူ သိပေါင်းကျွမ်းပေါင်းများဖြစ်ကြသည်။ အမေးအမြန်း ခံရသူ ဆရာကြီးမောင်မောင်မှာ မင်းခန့်စည်သူ အမည်နှင့် ဗေဒင် ခန်းဖွင့်ကာ တာ့ရိုပေ့စများ ရေးနေသော ပုဂ္ဂိုလ်ဖြစ်၍ အားလုံးက ခင်မင်လေးစားကြသည်။

"ရပါတယ်ကွယ်။ ဆရာကြီးသိသလောက် ဖြေပေးရ တာပေါ့။ အဟာမ်း- တို့ရဲ့ ဗုဒ္ဓမြတ်စွာက ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းဒဏ် ခံစားရမယ်လို့ ဟောကြားခဲ့တယ်မဟုတ်လား။ မိမိလုပ်တဲ့ဒဏ် မိမိတစ်ဖန်ခံစားရမယ်ဆိုသလိုပေါ့။ ယခုလက်ရှိဘဝမှာ တွေ့ကြုံ ဖြစ်ပျက်နေတာက ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ ရှေးရှေးဘဝက ပြုလုပ်ခဲ့မှု ကောင်းကျိုး မကောင်းကျိုးတွေကို ခံစားရတာပေါ့ ကွယ်။ သူဌေးဖြစ်ခဲ့ရင်လည်း ရှေးက ကုသိုလ်ကံကောင်းမှု၊ သူဌေးကနေ မွဲပြာကျသွားရင်လည်း ရှေးကပြုခဲ့တဲ့ အကုသိုလ်ကံ ကြောင့်လို့ နားလည်ထားရင် ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ ကံနှင့်ကံ၏အကျိုးကို အခြေခံကျကျ သဘောပေါက်နိုင် ပါတယ်"

"ဒါဖြင့် ဆရာကြီးရယ် ကံ(ကမ္မ)အလုပ်ဆိုတာကျတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ"

"မင်းတို့ နားလည်လွယ်အောင် ပြောရရင် ရှေးကပြုခဲ့တဲ့ အကျိုးပေးအဆိုး၊ အကောင်းကို ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ခေါ်တယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတဲ့ ရှေးကုသိုလ်ကံပေါ့။ တစ်နည်းပြောရရင် အတိတ်ဘဝက အကျိုးပေး ကုသိုလ်ကံပေါ့ကွယ်။

"သဘောပေါက်ပါပြီ ဆရာကြီး"

နောက်နားခပ်ကျကျမှ လူငယ်တစ်ဦး၏ မေးသံထွက်လာပြန်သည်။

"ရှေးကုသိုလ်ကံ၊ လက်ရှိကုသိုလ်ကံအပြင် လာမယ့် အနာဂတ်ကုသိုလ်ကံကော ရှိသေးသလား ဆရာကြီး"

"ဟာ ရှိတာပေါ့ကွယ်။ ဆရာကြီးအနေနဲ့ မင်းတို့တွေ သဘောပေါက်အောင် ရှင်းပြမယ်။ ရိုးရိုးပဲဆိုပါတော့။ မင်းတို့လည်း နားလည်ကြမှာပါ။ ဒီလိုကွယ့် လက်ရှိဘဝမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်သလို မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ လာမယ့်ဘဝမှာ (အနာဂတ်ဘဝ)မှာလည်း ကောင်းကျိုး ဆိုးကျိုးဟာ တစိုက်မတ်မတ် လိုက်ပါစမြဲပဲ။ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံဆိုတာ ရှိပါတယ်။ လူများ လမ်းသွားသလို ရှေ့ကို ခြေတစ်လှမ်းလှမ်းရင် နောက်မှာ



ခြေလှမ်းတွေများစွာ ကျန်ခဲ့တယ်။ ရှေးလမ်းခရီးမှာလည်း သွားစရာ ခြေလှမ်းတွေ များစွာကျန်ရှိနေသေးတယ်။ ရှေ့ကို ခရီးရောက်ဖို့သွားရင် နောက်မှာ ခရီးများစွာ ကျန်ခဲ့မှာဖြစ်သလို လောလောဆယ်မှာလည်း ခြေလှမ်းလှမ်းနေမှ ခရီးသွားနေမှုဖြစ်မှာမဟုတ်လား။ သွားပါများ ခရီးရောက်ဆိုသလိုပါကို သဘောပေါက်ရင်ရပြီပေါ့။ ဟောဒီမှာကြည့်"

ဆရာကြီး မင်းခန့်စည်သူက နံရံမှာ ချိတ်ထား သောမြက္ခဒိန်ကို ဖြုတ်ယူ၍ နောက်ကျောဘက်ကို လှန်လိုက်ရင်း အင်္ကျီအိတ်ထဲမှ ဘော(လ်)ပင်ကို ဆွဲနှုတ်ကာ ရေးချပြလိုက်သည်။

**ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ရှင်းလင်းချက်**

(၁) အတိတ်ကံ

ရှေးရှေးဘဝ၊ ကျန်ခဲ့သည့်ကာလများ ပြုခဲ့သော အကျိုးဆက်(ရှေးကံ)ဘဝပေးကံ။

(၂) ပစ္စုပ္ပန်ကံ

ယခုဘဝ ဆောင်ရွက်ချက် (ကမ္မအလုပ်)ကံ၊ ဉာဏ်၊ ဝီရိယ။ (ကမ္မအလုပ်၊ အလုပ်သည်ကံ၊ ကံသည်စေတနာ)

(၃) အနာဂတ်ကံ

ဆောင်ရွက်၍ ဖြစ်ပေါ်လာသော ကံအကျိုးဆက်များ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာလုပ်ရင် ကောင်းတာဖြစ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်။ တစ်နည်းပြောရရင် စေတနာကောင်းရင် အလုပ်ကောင်းမယ်။ အလုပ်ကောင်းရင် ကံကောင်းမယ်။ စေတနာမကောင်းရင် အလုပ်မကောင်းဘူး။ အလုပ်မကောင်းရင် ကံမကောင်းဘူး။ ဒီလိုနားလည်ရမယ်။

"ကဲ- ဒီလိုရေးပြတော့ သဘောပေါက်ပြီလား။ ရှေးရှေးက ဘဝပေးကံဘယ်လောက်ကောင်းကောင်း ယခုဘဝမှာ ကံ၊ ဉာဏ် ဝီရိယကို အသုံးပြုပြီး ကြိုးစားမှ လာမယ့်နောက်အနာဂတ်မှာ ကောင်းမှာ။ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် ပိုပြီး ခံစားရမယ်။ ကောင်း၊ မကောင်းကိုတော့ ဗုဒ္ဓတရားတော်ကို ဦးထိပ်ထားပြီး ဆင်ခြင်လုပ်ကိုင်ရမယ်။ ခွဲ၊ လုံ့လ၊ ဝီရိယ၊ သတိ၊ ဉာဏ်၊ ပညာစေတနာတို့ကိုသုံးပြီး ကြိုးစားလုပ်ကိုင်ရမယ်။

"ဆရာကြီးရယ် ကောင်းတာလုပ်ပေမယ့် ကောင်းတာဖြစ်မလာရင်ကောဗျာ"

"အဲဒါကို အကျိုးပေးကံလို့ ခေါ်တယ်။ အတိတ်ကံရဲ့ အရိပ်လို လိုက်ပါလာတဲ့ အကျိုးဆက်ပေါ့။ လုပ်တိုင်းမဖြစ်လာတာ ကုသိုလ်ကံ(၅)ပါးနဲ့ ဆိုင်တယ်။ ပြောပြမယ်။

၁။ အဟောသိကံ ဆိုတာ လုပ်သမျှ ဖြစ်မလာတဲ့ကံ။
၂။ တဖြည်းဖြည်းမှ အကျိုးပေးတဲ့ကံ။





၃။ ချက်ချင်းလက်ငင်း ဒိဋ္ဌဓမ္မ အကျိုးပေးတဲ့ကံ၊ နောက်ပြီး
၄။ ကြီးကြီးမားမား အကျိုးပေးတဲ့ ဂရုကံလို့ရှိတယ်။
၅။ ထင်သလောက်အကျိုးမပေးတဲ့ ကံ(နည်းနည်းပဲ အကျိုးပေးတဲ့ကံ)

ဒါကြောင့် မိမိလုပ်ကိုင်သမျှ ဖြစ်မြောက်အောင် အဟောသိကံ မဖြစ်ဘဲ ဒိဋ္ဌဓမ္မ အကျိုးပေးတဲ့ကံဖြစ်လေအောင် ကောင်းမှန်တဲ့ နှလုံးစိတ်ဝမ်း ထားရှိရမယ်။ သတိ၊ သမာဓိ၊ ဉာဏ်၊ ပညာ၊ ခွဲ၊ လုံ့လ၊ ဝီရိယ စေတနာတို့ကို သုံးပြီး ယုံကြည်ချက်ပြင်းပြင်းနဲ့ အလုပ်လုပ်နိုင်ရမယ်။ ဒါမှ ကောင်းကျိုး ရလဒ်တွေ ဖြစ်ပေါ်မှာ။ အနာဂတ်ကာလ၊ အနာဂတ်ဘဝတွေအထိ အောင်မြင်စွာ ကောင်းစွာပါလာနိုင်မယ်။ ဖြစ်ပေါ်နိုင်တယ်"

"နားလည်ပါပြီဆရာကြီး ဖြစ်နိုင်ရင် အဟောသိကံဆိုတဲ့ အကျိုးပေးကံကို ဥပမာနဲ့ ရှင်းပြပေးပါဦး ဆရာကြီး"

ဆရာကြီးက ပြုံးပြုံးကြီးဖြင့်

"အင်း - ဥပမာပြောပြမယ်ကွယ့်။ မင်းဆီကို သီလရှင်တစ်ပါး ကြွလာပြီး ဒါနဆန် အလှူခံတယ်ဆိုပါစို့။ မင်းကလည်း အလွယ်တကူပဲ လက်လှမ်းမီရာ ကော်ဖီမစ်တစ်ထုပ်ကိုယူပြီး ဘာသိဘာသာ လက်ပြန်ထည့်လိုက်တယ်။ သီလရှင်ကလည်း မင်းလို ခပ်မြန်မြန်ဖြစ်သလိုထည့်လိုက်တဲ့ ကော်ဖီမစ်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လည်းရရော သာဓု သာဓု သာဓု လို့ခပ်မြန်မြန်ခေါ်ပြီး ဖြန့်ကြွသွားတယ်။ အဲဒါဟာ အဟောသိကံပဲ။ ဘာအကျိုးမှဖြစ်မလာဘူး။ မင်းမှာ စိတ်ပုပ် စိတ်ယုတ်မာ မရှိပေမယ့် လေးစားမှုမရှိသလို မမှုမဲ့ အမှတ်မဲ့ နဲ့ ဖြစ်သလို လောင်းလှူလိုက်တဲ့ ကော်ဖီမစ်ထုတ်မှာ မင်းရဲ့ စေတနာတွေ၊ သဒ္ဓါတရားတွေ ပါမသွားဘူး။ မကောင်း တာ မဟုတ်ပေမယ့်လည်း အသိအမှတ်ပြုရာမရောက်တဲ့အတွက် ကောင်းတယ်လို့ မခေါ်နိုင်ဘူး။ ဝတ္တရားကျေတယ်လို့ပဲ ခေါ်နိုင် တယ်။

ဒီလိုပဲ မင်းရဲ့ အပြုအမူနဲ့ စိတ်ပါဝင်စားမှုကို ကြည့်ပြီး သီလရှင်ကလည်း အမှုမဲ့ အမှတ်မဲ့ပဲ သာဓုခေါ်တယ်ဆိုရုံ ခေါ်ပြီး ထွက်သွားတယ်။ မင်းပေးလှူတဲ့ ကော်ဖီမစ်ထုပ်ကိုလည်းပါတယ်လို့ ထင်မှာမဟုတ်ဘူး။ ဒီတော့ အလှူပေးတဲ့လူ မင်းရဲ့ အားနည်းချက်ကြောင့် အလှူခံပုဂ္ဂိုလ်ရဲ့ မေတ္တာကို မင်းအနေနဲ့ ကောင်းကောင်းမရတော့ဘူး။ ကော်ဖီမစ်ထုပ် တစ်ထုပ်သာ အလကားဖြစ်သွားတယ်။ ကုသိုလ်လည်းမရဘူး။ ချီးကျူးလည်း မခံရဘူးပေါ့ကွာ''

''အဲ့ဒါဆိုရင် ဘယ်လိုလှူရမလဲဆရာကြီး''

''အေးပေါ့။ မိမိအလှူ သဲထဲရေသွန်မဖြစ်အောင် လုပ်ရမယ်။ သီလရှင်အလှူခံလာတာနဲ့ ကိုယ်တတ်နိုင်တာလေးကို စိတ်စေတနာ သဒ္ဓါတရားထားပြီး လောင်းလှူရမယ်။





ဆရာလေးရယ် ဘာမှ အဆင်သင့်မရှိတော့ ရှိတာလေးပဲ လောင်းလှူပါရစေဆိုပြီး ခြေစုံရပ်၊ ကော်ဖီမစ်ထုပ်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး လေးလေးစားစား လောင်းလှူရမယ်။ လောင်းပြီးပြီးချင်း ဆရာလေးဆုပေးတာကို နာခံရဦးမယ်။ သီလရှင်က မင်းပေးလှူတဲ့ ကော်ဖီမစ်ထုပ်ထက် မင်းရဲ့ လေးစားမှု၊ ဂါရဝတရားထားမှုကို ပီတိဖြစ်ပြီး ကျန်းမာ ချမ်းသာပါစေကြောင်း၊ ဆုတွေအများကြီး ပေးလိမ့်မယ်။ မင်းကလည်း ပေးတဲ့ဆုနဲ့ ပြည့်ပါစေဆိုပြီး ပြန်ပြောတဲ့အချိန်ဟာ အလှူခံရော အလှူပေးသူပါ ချမ်းသာမှု ပီတိသုခတွေ ရရှိပွားများလာလိမ့်မယ်။ သီလရှင်ဟာ မင်းအိမ်ကနေ ပြန်ကြွသွားတာတောင်မှ စိတ်ထဲကနေ ဒီဒကာလေးဟာ အတော်ဂါရဝတရား ရှိတာပဲ။ သာဓု သာဓု သာဓုနဲ့ တဖွဖွ ရွတ်ဆိုသွားသလို ကျန်ခဲ့တဲ့မင်းမှာလည်း သီလရှင်က ကြည်ကြည်လင်လင်ပေးတဲ့ ဆုတွေကို ပီတိတွေနဲ့ ခံယူရင်း 'နောက်နောင်များမှာ ဒီထက်မက များများလှူ လိုက်စမ်းချင်ရဲ့' ဆိုတဲ့ စိတ်ကောင်း စေတနာတွေ ဖြစ်လာမယ်''

ဟုဆိုကာ ရေနွေးတစ်ခွက်ကို ယူသောက်လိုက်ရင်း-

''အေး- အဲ့ဒါဟာ ဒိဋ္ဌဓမ္မအကျိုးပေးကံကို ရရှိတော့တာပေါ့။ သေချာပေါက် အကျိုးပေးမယ်။ ပုဗ္ဗ မုဥ္စ ပရစေတနာကို စိတ်ထဲက ပွားများပြီး လှူဒါန်းရင် ဘုန်းကြီး၊ သီလရှင်မှ မဟုတ်ဘူး တိရစ္ဆာန် သတ္တဝါကို တစ်ခုခုလှူဒါန်းရင်လည်း မုချ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးမယ်။ မိမိအလှူဟာ အလဟဿ မဖြစ်သလို ကောင်းမှုကုသိုလ်တွေကို ဖြစ်ပေါ်စေမယ်။ ဒါကြောင့် လက်ရှိဘဝမှာ ဘာပဲလုပ်လုပ် စိတ်စေတနာအပြည့်နဲ့ အကောင်းဘက်ဦးတည်ပြီး လုပ်ကိုင်ပါ။ မွန်မွန်မြတ်မြတ် လေးလေးစားစား လုပ်ပါ။ ဒါမှ ကောင်းတဲ့ကံတွေဟာ ကာလတိုင်း၊ ဘဝတိုင်း ခံစားနိုင်ကြမယ်ကွယ့်။ ဒါ့အပြင် ကာယကံ၊ ဝစီကံ၊ မနောကံ စတဲ့ ကံသုံးပါးတို့နဲ့ ပြုလုပ်တဲ့ အလုပ်တိုင်းမှာ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတွေကို စိုက်ထုတ်ပြီး လုပ်ကြရမယ်''

ဆရာကြီးမင်းခန့်စည်သူမှာ စကားကိုအဆုံးသတ်၍ ဓာမောနှင့် ရေနွေးတစ်ခွက်ကို ငှဲ့သောက်လိုက်စဉ် နားထောင်နေကြသော လုံခြုံရေးကင်းသမားများအားလုံးသည် တစ်ညီတစ်ညွတ်တည်း သာဓုခေါ်ကြလေတော့သည်။

ယခုကျမှ ကင်းသမားများလည်း လှုပ်လှုပ်ရွရွဖြစ်ကာ ခါးဆန့်သူဆန့်၊ ကင်းလှည့်ရန်ပြင်သူပြင်နှင့် ရှိစဉ်မှာပင် ည(၈)နာရီထိုး၍ လူခြေတိတ်လျက်ရှိပါတော့သည်။ နှင်းများပိန်းပိတ်အောင် ကျလျက် အမှောင်ထုက ပို၍ ဖုံးလွှမ်းလာသည်။ ညနေ(၅)နာရီကျော်ခန့်မှ[illegible] ကြုံကြိုက်လာသော တရားပွဲလေးကား အဆင်[illegible]သွားလေပြီ။ ဆရာကြီးမင်းခန့်စည်သူလည်း မော်သူ[illegible]သားများ နားလည်သဘောပေါက်စေရန် လွယ်ကူသော စကားလုံးများရွေး၍ ရှင်းလင်းပြောရသဖြင့် အနည်းငယ်





မောသွားလေပြီ။ သို့နှင့် အိပ်စက်အနားယူရန် [illegible] ပြင်လိုက်စဉ် -

''ဝုန်း''

''အမလေးဗျ - သေပါပြီ''

''ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ''

''ငထွန်းကို ကျားဆွဲပြီဗျို့။ ငထွန်းကို ကျားဆွဲသွားပြီ''

''လိုက်ကြဟေ့၊ ဝိုင်းကြဟေ့''

ခဏချင်းမှာပင် ဆူညံပွက်လောရိုက်သွားသည်။ ကိုချိုဝင်းနှင့် ကိုချိုလင်းတို့၏ ညီမောင်ချိုထွန်းကို ကျားဆွဲလို့ဆိုတဲ့ သတင်းသည် ရွှေကျင့်လုပ်သားများ စုဝေးနေကြသော တဲစုအတွင်း ချက်ချင်းပျံ့နှံ့သွားတော့သည်။ လက်နှိပ်ဓာတ်မီးများ၊ မီးတုတ်များလည်း ချက်ချင်းရောက်လာကြသည်။ ကျားကြီးက မောင်ချိုထွန်း၏ ခြေသလုံးကို ကိုက်ခဲ၍ တဲပေါ်မှ ဆွဲချသွားသည်။ မောင်ချိုထွန်းလည်း ကြောက်ရွံ့စွာနှင့် ငယ်သံပါအောင် အော်ဟစ်ရင်းကျားကြီးနောက်သို့ တရွတ်ဆွဲကာပါသွား လေတော့သည်။ ကျားကြီးမှာ လူနံ့များစွာကိုရရှိရင်း စကားဝိုင်းအပြီး လူစုအကွဲတွင် ဝင်ရောက်ကိုက်ဆွဲခြင်းဖြစ်သည်။

''လိုက်ဟေ့ လိုက်ဟေ့ တွေရာနဲ့ ပစ်ဟေ့''

လူများက ကျားကြီးနောက်သို့ အပြေးလိုက်ရင်း အော်ဟစ်မောင်းထုတ်ကြ၊ တွေ့ရာတို့နှင့်ပစ်ခတ်ကြဖြင့်ဆူညံ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ ကျားကြီးက ရှည်လျားကြီးမားသော ကိုယ်ခန္ဓာကြီးဖြင့် ယိမ်းနွဲ့လှုပ်ရှားရင်း မောင်ချိုထွန်းကို ကိုက်ဆွဲသွားလျက်ရှိသည်။ နောက်မှ လိုက်လံပစ်ခတ်နေသော တုတ်၊ ဓားများသည်လည်း ကျားကြီးကို တဖုန်းဖုန်း ထိမှန်လျက် ရှိသည်။ ကျားကြီးနှင့် လူအုပ်ကား ဝါးတစ်ပြန်မျှသာ ဝေးတော့သည်။ ခြေသလုံးကို ကိုက်ခဲ၍ ဆွဲခေါ်ခံနေရသော မောင်ချိုထွန်းကား သတိလစ်မေ့မြောကာ ကျားကြီးနောက်ပါရှိနေသည်။ မောင်ချိုထွန်းကိုယ်မှ ထွက်သော သွေးများကားမြေပြင်တွင် ရဲရဲနီထွေးရှိတော့သည်။

"ဖယ်ကြ ဖယ်ကြ လုံနဲ့ပစ်မယ်"

လူအုပ်ရှေ့သို့ လူတစ်ဦးအပြေးရောက်လာသည်။ လက်ထဲတွင် လုံနှစ်ချောင်းကို ဘယ်ညာကိုင်၍ ထားသည်။ သူကား ကလေးဝမြို့နယ် မထုကြီးရွာမှ လုံပစ်ချန်ပီယံ ကိုဝင်းဗိုလ်ပင်ဖြစ်သည်။ ကျားကြီးက ခေတ္တရပ်၍ လူအုပ်ကိုကြည့်လျက် ဝေါင်းခနဲမာန်ဖီကာ ကျယ်လောင်စွာဟိန်းလိုက်သည်။ ကိုဝင်းဗိုလ်သည် လုံတံကို ခေတ္တချိန်ဆလျက် အရှိန်ယူ၍ ကျားကြီးအားပစ်ခတ်လိုက်သည်။ လုံတံက ကျားကြီးကို တည့်မတ်စွာမထိမှန်ဘဲ တင်ပါးဖျားအား လုံတံနှင့် ရိုက်ခတ်မိသွားသည်။ ကျားကြီးမာန်ဖီ၍ နောက်ခြေနှစ်ချောင်းကို အားပြုကာ လူအုပ်ထံသို့ ခုန်၍ဝင်ရန် ပြင်လိုက်သည်။ ချက်ချင်းပင် ကိုဝင်းဗိုလ်၏ တခြားလုံတစ်ချောင်းက ကျားကြီးထံ ဝဲပျံသွားပြန်သည်။ ဤတစ်ခါမှာ





တော့ ကိုဝင်းဗိုလ်ပစ်သောလုံမှာ ကျားကြီး၏ ကျောရိုးအနီးဝင်းဗိုက်အထက်ဘက်သို့ စိုက်ဝင်သွားသည်။ ထိုအခါ လူများကတစ်ပြိုင်နက် အော်ဟစ်ကြသည်။

"ကျားကြီးကို ထိတယ်ဟေ့"

"ကျားကြီးကို လုံစိုက်သွားပြီကွ"

လုံတံက ကျားကြီး၏ ကျောကုန်းအထက်မှ ခဏချင်းပြုတ်ကျသွားသည်။ လုံတံမှာ အသားကို ထိုးဖောက်ဝင်ရောက်မှုမရှိသလို ကျားကြီးကလည်း ဘယ်ညာခုန်ပေါက်လိုက်သဖြင့် ပြုတ်ကျသွားဟန်ရှိသည်။ ရုတ်တရက် လူအုပ်မှာလည်း ခေတ္တခဏ ရှိန်သွားခိုက် ကျားကြီးမှာ နောက်ပြန်ကျွမ်းပစ်၍ အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

လူအုပ်လည်း အရှေ့သို့ ပြေးလွှားသွားရောက်ကာ ကျားကြီးနောက်သို့ မလိုက်တော့ဘဲ ဒဏ်ရာဖြင့်သတိလစ်နေသော မောင်ချိုထွန်းကို ပြုစု၍ ဆေးခန်းသို့ ပို့ရန် ပြင်ဆင်ရတော့သည်။

ကျားကြီးကား အတင့်ရဲလှသည်။ လူစုလူဝေးနှင့် ရှိနေသည်ကို သိလျက် တဲပေါ်တက်၍ ဝင်ရောက်ဆွဲရသည်မှာ တွေးကြည့်ရုံဖြင့် ကြောက်စရာကောင်းလှသည်။ တွေးစရာကောင်းသည်မှာ ကျားသည် ကိုယ်ထည်ကြီးမား ရှည်လျားသော်လည်း ပိန်းလွန်းလှသလို လူတစ်ယောက်ကို ကောင်းစွာချီ၍ မသွားနိုင်ခြင်းကလည်း ထူးခြားသည်။ ကျားသတ္တဝါအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်း လည်ကုပ်၊ ပခုံးတို့ကို မကိုက်ချီဘဲ ခြေသလုံးသား ကိုသာ ဘာကြောင့်ကိုက်ခဲပြီး ခွေးဆွဲသလို ဆွဲသွားရနည်း။ လူအုပ်ကိုဘာကြောင့် ဝင်ရောက်မတိုက်ခိုက်သနည်း။ ဆိုသည့် မေးခွန်းများက သတိပြုစရာ ဖြစ်လာရလေသည်။

◆ ◆ ◆ ◆ ◆





## အခန်း (၆)
## သွေးစုပ်သော ကျားဆိုးကြီးသတင်း

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ(၇) ရက်။

ကျားဆိုးကြီး၏ သတင်းကား ပြောမဆုံးပေါင် တောသုံးထောင် ဆိုသလိုဖြစ်နေတော့သည်။ လေးရက်မြောက် နေ့ဖြစ်သော်လည်း မရပ်မနား ရှင်သန်ကြီးထွားနေဆဲဖြစ်သည်။ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ တောကျွမ်းကျင်မှုသော ပုဂ္ဂိုလ်များစုပေါင်း၍ နေရာအနှံ့ တောနင်းရှာဖွေကြသည်။ ကျားဆိုးကြီးတည်ရာ အရပ်ကို မှန်းဆ၍ လည်းကောင်း၊ အခြားမော်ဒေသအနီးဝန်းကျင်များသို့လည်းကောင်း အဖွဲ့များခွဲ၍ တောနင်းရှာဖွေကြသော်လည်း ကျားဆိုးကြီးကား ခြေရာပျောက်၍ နေပြန်သည်။

တာမခန်ရွာ၏ အလယ်ကောင်ဗဟိုလည်းဖြစ်၊ လူသူအစည်ကားဆုံးနေရာလည်းဖြစ်သော ချိုဇာဝင်း လက်ဖက်ရည်ဆိုင်မှာ သတင်းပေါင်းဆုံဖလှယ်ရာ နေရာတစ်ခုပမာဖြစ်၏။ သနေ့ ရောင်းဝယ်နေသော ကျောက်စိမ်းဈေးကွက်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်ဈေး၊ တိုင်ပေဈေး၊ ယိုးဒယားဈေးထိ ပြောဆိုနေကြသလို ကုလားပဲခြမ်းစေ့အရွယ် နားကပ်စေ့ ကျောက်စိမ်းပမာဏမှသည် ဟိုင်းလတ်ကားကြီးပမာဏအထိ ရောင်းနိုင်သောနေရာဖြစ်၍ ကျောက်သမားများနှင့် တစ်နေကုန်စည်ကားသည်။ လက်ဖက်ရည်၊ ကော်ဖီမစ်၊ နက်(စ်)၊ မိုင်လို၊ ဟောလစ်၊ မာတိုဗာ၊ အိုဗာတင်းတို့ကို အဆင့်မြင့်မြင့် အချိန်မရွေးရနိုင်သလို စားစရာမုန့်များအနေနှင့် ရိုတီ၊ ပူတီ၊ ချပါတီ၊ ပလာတာ၊ ထစ်တစ်ရာ၊ ခါဂျာ၊ စမူဆာ၊ ဂျလေဗီ၊ အီကြာကွေး၊ နံပြား၊ ပေါက်စီ၊ ပေါင်မုန့်၊ ကိတ်မုန့် အစုံရရှိသော လက်ဖက်ရည်ဆိုင်ကြီးလည်းဖြစ်သည်။ ငါးရာကျပ်တန်မှသည် သိန်းထောင်တန်အထိ ဈေးစကားပြောနိုင်သော အဓိကနေရာလည်းဖြစ်ပေသည်။

"ကဲကွာ အဲဒီကျားကို ဘယ်လိုနည်းနဲ့ရရ ဈေးပေးမယ်။ အဆိပ်ကျွေးလို့မိရင် (၁၅)သိန်း၊ သေနတ်ဒဏ်ရာနဲ့ရရင် သိန်း(၂၀)၊ ဘိတို့ထောင်ချောက်တို့နဲ့မိရင် သိန်း(၃၀)ပေးမယ်။ ဒဏ်ရာလည်းမရှိဘူး၊ အကောင်ကလည်း ကြီးမယ်ဆိုရင် အပိုကြေးသက်သတ်ပေးမယ်။ ဘယ်လိုလဲ"

"သေချာလား လောပန်း"

"သေချာတာပေါ့ဗျာ။ ဒီက မိတ်ဆွေတွေ သက်သေထားပါ။ ဒါပေမယ့် ကြိုတင်ငွေ မပေးဘူး။ ဒဏ်ရာရတာတွေ့ရတဲ့ အန္တရာယ်တို့အတွက်တော့ ကျွန်တော်တာဝန်မယူဘူး





နော်။ ငွေကရရင် ချက်ချင်းချေမှာ"

"ကြိုက်တယ်ဗျာ။ ကျားကြီးကို ရအောင်ရှာသတ်မယ်"

သို့ဖြင့် တာမခန်မော်ဒေသတစ်ဝိုက်၌ ကျားဖမ်း၍ လက်သိပ်ထိုးရောင်းမည့် ဝယ်မည့်သူများလည်း ကျိတ်ကြံ ကျိတ်လုပ်ရင်း ခြေပုန်းခုတ်နေသူများ ရှိလာသည်။ များသောအားဖြင့်တော့ စိုးရိမ်ကြောက်ရွံ့သူများသာ များပြားသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာကား ကျားအတွက် ခေါင်းခဲရင်း ကြံဆလုပ်ကိုင်နေကြရသည်။

"ကျား ... ကျား အတွက် မရှိမဖြစ် ကျားမုတ်ဆိတ်တွေ၊ ကျားမနိုင်တွေ၊ ကျားအားဆေးမြစ်တွေ ရမယ်။ ကျားအတွက် အားရှိမှဖြစ်မယ်"

အရေးကောင်း ဒိန်းခေါင်းဖျက်ဆိုသလို တိုင်းရင်းဆေးမြစ်ရောင်းသော တိုင်းရင်းသားကြီး ဦးနော်အောင်ကြောင့် မိုးဇဝင်း လက်ဖက်ရည်ဆိုင်ထိုင်သူများမှာ လန့်ဖျပ်ကြရသေးသည်။ ကချင်တိုင်းရင်းသား ဦးနော်အောင်မှာ ကျားမုတ်ဆိတ်၊ ကျားမနိုင် ဆေးပင်များကို ထမ်းပိုး၍ အော်ဟစ်ရောင်းသူပင်။ ၎င်းမှာ စကားထစ်သူဖြစ်သဖြင့် "ကျား ... ကျား" ဟု အသံထွက်ကြောင့် လန့်ကြရယ်ကြရလေသည်။ တာမခန်ရွာထဲ ကျားဝင်သလားဟု အတွေးရောက်မိ၍ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်စောင့်အရှင်ကြီးကျား၊ နတ်ကျား၊ ဘိုးတော်ကျား၊ သမန်းကျား၊ မော်လခေါင်ကျား၊ အစောင့်အရှောက်ကျားဟု အမျိုးမျိုး ပြောကြ ဆိုကြရင်း ချိုဇာဝင်းလက်ဖက်ရည်ဆိုင်မှာ ပို၍ စည်ကားလာသည်။ စားပွဲအလုံးပေါင်း (၁၅၀)ကျော်နှင့် စားပွဲထိုးပေါင်း (၅၀)ကျော်မှာ ဝန်ဆောင်မှုပေး၍ မနိုင်အောင်ဖြစ်သည်။ ဆိုင်ကြီးမှာ ခြံဝင်းတစ်ခုလုံး နေရာယူတည်ဆောက်ထားသဖြင့် ကျယ်ဝန်းသည်။ တာမခန်ရွာဟွင် အိမ်ခြေတစ်ထောင်ကျော်၍ လက်ဖက်ရည်ဆိုင်များစွာရှိသော်လည်း ချိုဇာဝင်း လက်ဖက်ရည်ဆိုင်လောက် မကြီးမား မစည်ကားကြပေ။

တာမခန်ဈေးတန်း၊ ဆန်ပွဲရုံတန်း၊ ကျောက်ဖြတ်ခုံတန်း၊ စားသောက်ဆိုင်တန်း၊ ဆေးခန်းများနှင့် နီးကပ်စွာ တည်ရှိသလို ခိုမ၊ တာပဲ၊ နမ့်ရေတောင်၊ တာမော်၊ အနီးစခန်း၊ ဟောင်ပါး၊ တာဆန်ကား၊ နမ့်စာဘိန်း၊ မော်လုံ စသည့် ရွာကလေးများ၊ ဈေးစခန်းလေးများနှင့် နီးစပ်ဆက်သွယ်နေသဖြင့် သတင်းစုံ၊ အတင်းစုံကြားရသည်။ အရပ်လေးမျက်နှာမှ ဆင်းလာသော သတင်းများတွင် ကျားဆိုးကြီးအကြောင်း ပါသလို 'ရိုင်ဖယ်သေနတ်နဲ့ပစ်တာတောင် ကျားကြီး ရှောင်နိုင်သတဲ့' ဆိုတာမျိုးကြောင့် ကျားကြီးမှာပို၍ ကျော်စောလာခြင်းဖြစ်ပေသည်။





## ကျားကြီးတကယ် သွေးစုပ်သလော့၊၊

ဇန်နဝါရီလ (၇)ရက် ချောပြင်မော်။

ချောပြင်မော်မှာ ကျောက်စိမ်းရော ရွှေပါ ရှာဖွေတွေ့ရှိသော မော်ကလေးတစ်ခုဖြစ်သည်။ ကျေးရွာအုပ်စုဖြစ်သော တာမခန်ကျေးရွာကြီးနှင့် သုံးမိုင်ခန့်ဝေးကွာ၍ ဥရုမြစ်၏အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ရတနာများကို မြေလှန်၍ ရှာဖွေထားကြသဖြင့် မြေမျက်နှာပြင်မှာ နီနီရဲရဲဖြင့် မြင်တွေ့နေရသည်။ မြေဝါဝါ၊ နီနီတို့ဖြင့် လိမ်းကျံထားသော မြေပြင်များ၊ တောင်ကမ်းပါးယံများသည် မျက်စိတဆုံးရှိနေသည်။ ချုံနွယ်ပိတ်ပေါင်း သစ်ပင်များ နည်းပါးသဖြင့် မြေစာပုံများ၊ တောင်ကုန်းများကြား၌ သွားလာလှုပ်ရှား လုပ်ကိုင်နေသူများကို အတိုင်းသားမြင်နေရသည်။ ခွေးတစ်ကောင်၊ ကလေးတစ်ယောက် လှုပ်ရှားသည်ကိုပင် မြင်တွေ့နေရသဖြင့် စိတ်အေးလက်အေး စိတ်ချလက်ချရှိနေကြလေသည်။

သဘောမှာ ဤသို့သော အထင်းသားမြင်ကွင်းတွင် ကျားအန္တရာယ်ကို မစိုးရိမ်ရ၊ ကြောက်လန့်စရာမလိုဟု ရွာသူရွာသားများက ယူဆနေကြသည်။

ချောပြင်မော် တစ်စိတ်တစ်ဒေသဖြစ်သော ရွှေတူးသမားတို့၏ တဲစုကလေးရှိ တဲအိမ်တစ်အိမ်တွင် စကားပြောသံ



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် တွတ်ထိုးနေသည်။ တဲစုကလေးမှာ တဲအိမ်(၁၅)လုံးခန့်ဖြင့် မြေစာပုံပေါ်တွင် တည်ရှိနေသည်။ ရွှေကျင်လုပ်သားများဖြစ်ကြသော ဦးနေဝင်း၊ ကိုစိုးမြတ်၊ ကိုရေခဲ၊ ကိုနိုင်အောင်တို့မှာ အလုပ်များ နားနေကြရသဖြင့် သတင်းကြီးနေသော ကျားကြီး အကြောင်းကို ဇာရာဇာသီချဲ့၍ ပြောဆိုနေကြခြင်းဖြစ်သည်။

"မော်ထဲက လူတွေ မော်သားတွေအကျင့်သိက္ခာပျက်လာတော့ နတ်ဒေဝတာများက သတိပေးတာ။ ဓမ္မကို မျက်မှောက်ပြုကြဖို့ ကျားကြီးပြပြီး ခြိမ်းခြောက်သတိပေးတာနေမှာပေါ့ကွာ"

"မင်းဟာက မဆိုင်လောက်ပါဘူးကွာ"

"ဆိုင်ပါသော်ကောကွာ။ အကျင့်စာရိတ္တပျက်တဲ့ မြို့သူမြို့သားတွေကြောင့် အတ္တလန်တာမြို့ကြီး ပျက်စီးပြီး ပင်လယ်ရေအောက်ကို နစ်မြုပ်သွားခဲ့သေးတာပဲကွ။ ကြည့်လေ ဝေးဝေးမကြည့်နဲ့တို့ရဲ့ ရွှေကျင်သမားတွေပဲ ပြန်ကြည့်။ ရတဲ့ရွှေကို အလေးချိန်တိုးအောင်ဆိုပြီး ရွှေထဲမှာ အရောအနှော ထည့်ပြီး လိမ်ညာရောင်းတယ်။ ဟောဒွေဝယ်သူကလည်း (၁၀) ရွေးလောက်ရှိတာကို (၇)ရွေးပဲရှိတယ်ဆိုပြီး အလေးခိုးတယ်။ ရွှေသမားတွေက ပင်ပန်းတယ်ဆိုပြီးအမြဲတမ်းအရက်သောက်တယ်။ ရေစိမ်ရတော့ အချမ်းခံအောင်ဆိုပြီး ဘိန်းရှူတယ်။ ဘိန်းစား





တယ်။ အိမ်မှာကျန်တဲ့ မိန်းမတွေက ကလေးပွစ်ပြီး ဖဲရိုက်တယ်။ အဲဒါတွေက အကျင့်ပျက်ကြတာပေါ့။ မော်သား (၁၀) ယောက်မှာ (၉)ယောက်က စာရိတ္တပျက်နေကြပြီ။ ကျန်တဲ့တစ်ယောက်က စာရိတ္တမပျက်ရင်တောင် ပျက်ခါနီးတဲ့သူဖြစ်နေပြီ ဟုတ်လား"

"ဟုတ်တယ်။ ဟုတ်တယ်။ မှောင်ထဲရောက်ရင်တော့ စာရိတ္တမပျက်သေးရင်တောင် အခြေခံလေ့စရိုက်ပျက်လာတယ်။ ကြာရင် ငါးပါးသီလဆိုတဲ့ ဘုရားဟော လူ့ကျင့်ဝတ်တောင် ပျောက်သွားနိုင်တာပေါ့ဗျာ"

"ဒါကိုပြောတာပေါ့ဗျာ။ သတ်၊ ခိုး၊ ကာမ၊ မုသာ၊ သုရာ ရှောင်ရမည်ဆိုတဲ့ ကျင့်ဝတ်ငါးပါးကို လူတွေဟာ မရှောင်နိုင်ကြတော့ဘူး။ လုပ်တဲ့အလုပ်က ရတနာအလုပ်၊ ဝတ်တဲ့ဒဏ်ခံနိုင်တော့ ငါးရှာ၊ ဖားရှာ၊ ကြက်ဖမ်း၊ ကြောင်ဖမ်း၊ ခါချဉ်ဖွပ်၊ ပျားဖွပ်။ နောက်ဆုံး တွေ့သမျှခွေးကိုသတ်စားနဲ့ ဖြစ်လာကြတယ်။ ခိုးတတ်လာတယ်။ လိမ်ညာပြော၊ လိမ်ညာလုပ်ကိုင်လာတယ်။ အရက်သောက်သူ၊ ဘိန်းရှူသူဟာ ဘုရားတရား ကိုင်းရှိုင်းသူတွေထက် အဆတစ်ရာ ပိုများလာလိမ့်မယ်။ ဒါက မြင်တွေ့နေရတာပဲ။

ကိုရေခဲနှင့် ဦးအောင်ဘတို့က မော်သားတွေနေမှုထိုင်မှုကျောနုပ်သလို အစွဲအလမ်းကြောင့် ကျားကြီးကိုနတ်ကျားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ညွှန်းဆိုနေကြသည်။ ထိုစဉ်လူငါးယောက်သည် လက်နက်ကိုယ်စီကိုင်စွဲ၍ တဲအိမ်အနီးသို့ ရောက်လာကြသည်။

"ဟာ …ကိုမြတ်စိုးတို့၊ ကိုအောင်နိုင်တို့ ဘာတွေများ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြတာလဲဗျ"

"ဟော ကိုတိုးတို့၊ ကိုချစ်တို့ပါလား။ အုပ်စုလိုက်ကြီး ဘယ်သွားကြမလို့လဲဗျ။ လက်နက်တွေလည်း အစုံအညီနဲ့ပါလား။ ကိုကြည်ထွေးရော အောင်မှန်းရောပါလားဟေ့။ ဒူးလေးတွေ မြားတွေကိုင်လို့ အမယ် နဂါးနဲ့ လိုင်းက လှံရှည်တွေနဲ့ပလား"

ချင်းလေးဆလိုင်းက စကားသံဝဲဝဲဖြင့်

"ကျားကြီးကို ဖမ်းကြမယ်ဝေ။ အသေရရ အရှင်ရရ မြန်မာကျပ်ငွေ ကောင်းကောင်းရမယ်။ ခင်ဗျားတို့ရော လိုက်ခဲ့ပါလား။ ဝိုင်းပြီး ရှာကြတာပေါ့"

"အမလေး မလိုက်ရပါဘူးဗျာ။သွားကြပါ၊သွားကြပါ"

ဦးတိုးနှင့် ကိုချစ်တို့အဖွဲ့ ထွက်သွားကြသောအခါ ကိုရွှေခဲတို့ လူစုက

"ကြံကြံဖန်ဖန်ကွာ ကျားဖမ်းရယ်လို့။ သေနတ်ကိုင်ရဲ့ ဘော်တွေတောင် မလွယ်တာကို"

ဟုတ်လည်း ဟုတ်ပါသည်။ ယနေ့တစ်နေ့တည်းမှာပင် စစ်သားများ၊ ရဲသားများပါဝင်သော ရဲဘော်များအဖွဲ့ ကျားကြီးအား ပိုက်စိပ်တိုက်ရှာဖွေနေကြသည်ကို ခြေချင်းလိမ်အောင်



တွေ့နေရသည်။ အကျိုးဆောင်ကျားရှာသူများနည်းတူ ငွေကြေးကြောင့် ကြေးစားကျားရှာသူများလည်း နေ့ချင်းညချင်း ပေါ်ပေါက်လာသည်။ အကောင်းဘက်က တွေးရလျှင် တော့ ဘယ်သူကြောင့်ဖြစ်ဖြစ်ကျားရန်က အေးငြိမ်းသည်သာ အဓိကမပင် မဟုတ်ပါလား။

## အဘိုးအိုနှင့် နေညိုချိန်

မိုးချုပ်စပင် ပြုလာသည်။

ဆောင်းကာလမို့ နေဝင်စော၍ မိုးချုပ်မြန်သည်။ ဘကြီးနိုင်ထွန်းသည် အနောက်ဘက်သို့ ဝင်ရောက်သွားသော နေလုံးကြီးကို ကြည့်၍ မျက်လုံးများ မှုန်မှေးလာသည်။ ဘဝကို တွေးကြည့်တော့ ကျော်ကတူးရင်း၊ ရွှေ့ရှာရင်း အချိန်တွေကုန်ခဲ့ရသည်။ ကဗျာတစ်ပုဒ်ထဲက စာသားတစ်ပိုဒ်ကို သွားရောက်အမှတ်ရမိသည်။ သံဝေဂကဗျာလေးပင် ဖြစ်သည်။

"ဆေးလိပ်လည်းတို
နေလည်းညိုပြီ
အိမ်ကိုပြန်ပို့ပါတော့ သူငယ်ချင်း … တဲ့"

တွေးကြည့်တိုင်း ဝမ်းနည်းနေမိသည်။

ဘကြီးနိုင်ထွန်း၏ ဘဝသည် မှော်ထဲတွင်သာ အချိန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ငွေရလျှင် သောက်စားပျော်ပါး၊ သုံးဖြုန်းခဲ့သလို ငွေမရ လည်း ကြံဖန် ရှာကြံဖြုန်းတီးရင်း ငွေသာမက အချိန်ရော ဘဝပါ ဖြုန်းတီးခဲ့ရပြီ။ ယခုအခါ ဇရာဆိုသော အကျပိုင်းသို့ ရောက်လာ သဖြင့် အတွေးအမြင်က မျက်စိနှစ်လုံးနှင့်အတူ မှုန်ဝါးလာ ခဲ့ပြီ ဖြစ်သည်။ ကျောက်စိမ်းပင် မတူးနိုင်တော့ပေ။ (၇)ပိသာခန့် အလေးချိန်စီးသော သံတိုင်(သံတူရွင်း)ပင် မကိုင်နိုင်တော့ပါ။

"သံတိုင်လည်းတို
လူလည်းအိုပြီ
အိမ်ကိုပြန်ချင်လှပါပြီ"

ဟု ကဗျာသံတူကို ရွတ်ဆိုရင်း ငေးငိုင်နေရသည်။ ပြီးခဲ့တဲ့ နှစ်က အတူတူနေ သူငယ်ချင်းဖြစ်သော ထွန်းမြတ်စံ ခေါ် ပြောင်ကြီးမှာလည်း ခေါင်းပေါ်ကို ကျောက်တုံးပိ၍ သေဆုံး ခဲ့ရရှာသည်။ ယခုအချိန်မှာတော့ ဘကြီးနိုင် ထွန်းမှာ သူတစ် ယောက်တည်း အထီးကျန်ဖြစ်နေသည်။ အိုးတစ်လုံး၊ ပန်းကန် တစ်ချက်၊ အမိုးမလုံတဲတစ်လုံးဖြင့်ဘဝ၏ နိဂုံးကို စောင့်မျှော်ရ ချေသည်။ တစ်နေ့ တစ်နေ့ ဥရမြစ်ထဲရေစိမ်၍ ရွှေရှာရသော အလုပ်ကိုပင် အနိုင်နိုင်လုပ်နေရသည်။ တစ်ရွေး ရရ ဆန်တစ်ချိုးပဲရရ ကြိုးစား၍ ရှာနေရသည်သာ။

"ဘကြီးနိုင်ထွန်း မိုးချုပ်ပြီ မအိပ်သေးဘူးလား"

"ဟေ ... အေးအေး၊ မိုးချုပ်နေပြီပဲ"





"မိုးချုပ်ပြီမဟုတ်ဘူး။ ည(၈)နာရီထိုးတော့မယ်။ အေးလည်း အေးနေပြီ။ လူခြေတွေ တောင်ထိစ်နေပြီ ဘကြီးနိုင် ထွန်းရဲ့"

တဲနီးချင်း ရခိုင်မလေး၏ အပြောကြောင့် သတိပြုမိ တော့သည်။ ညရှစ်နာရီပင် ရှိပြီကိုး။ ဇရာကိုတွေးရင်း ငေးငိုင် မိန်းမောနေမိသည်။ တကယ်တော့ မောဟများ နေခဲ့ခြင်းသာ ဖြစ်သည်။ လူ့ဘဝအချိန်ပိုများကို ဘောလုံးပွဲကြည့်ရင်း ကိုရီးယားကားကြည့်ရင်း ဂျင်ထိုးဖဲရိုက်ရင်း လေလွင့်စေခဲ့သည်။ အမတ်ကြီး ဦးပေါ်ဦးက သေရင်ဘာမှ ပါမည်မဟုတ် ဆိုပြီး ခေါင်းတွင်းမှ လက်ဝါးဖြန့်ပြခဲ့သည်ဟု ဖတ်ရဖူးသည်။

နှင်းတွေ အတော်ကျလာသည်။ ချမ်းအေးလာသဖြင့် တဲတိုင်ကို အားပြုကိုင်လျက် ထိုင်နေရာမှ ထလိုက်သည်။ ထိုစဉ် တစ်စုံတစ်ရာက ဘေးတိုက်အနေအထားမှ ပြေးဝင်လာသည်။ မြန်လိုက်သည့်ဖြစ်ချင်း။ ဘာမှန်းမသိသေး။

"ဂါး ... ဂရား"

"အမလေး ဘကောင်ကြီးလဲဟ။ သေပါပြီ"

မှောင်ရိုဝိုးဝါးအတွင်း သတ္တဝါတစ်ကောင်၏ မာန်ဖီသံ၊ ဘကြီးနိုင်ထွန်း၏ နာနာကျင်ကျင် ညည်းညူသံ အထိတ်တလန့် အော်ဟစ်သံနှင့်အတူ တမြုန်းမြုန်းတဝုန်းဝုန်းနှင့် ရုန်းကန်မှုပ် ရှားသံများက ခဏအတွင်း ပွတ်လောရိုက်ဆူညံသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲစုမှ လူအများမှာ အသံများကို ကြားနေရသော်လည်း ရုတ်တရက် မှင်တက်မိနေကြသည်။

"ကယ်ကြပါဟ– ကယ်ကြပါ။ ငါ့ကို ကျားဆွဲနေပြီ"

"ရူး ... ဂရူး–ရူး"

"နာလှပါပြီ။ လာကြပါဦး ကျားဆွဲနေပါပြီဟ"

အော်သံနှင့်အတူ မာန်ဖီသံ၊ ကျားကြီး၏ အစားကြူးသံက ချောက်ချားဖွယ်ကြားနေရသည်။

အော်သံ။ မာန်ဖီသံများ ကြားရသော်လည်း ညကိုးနာရီခန့်ဖြစ်၍ အိပ်ရာဝင်ကြ၊ ကလေးသိပ်ကြသော အချိန်ဖြစ်သဖြင့် လူခြေတိတ်နေသည်။ တစ်တဲစ နှစ်တဲစမှ လူများ ခေါင်းပြူ၍ ကြည့်လာကြသည်။ ဘာဖြစ်တာလဲ ဘာသံလဲ ဟု အိပ်ချင်စိတ်ဖြင့် တွေးတောရင်း ထထိုင်လိုက်ကြသည်။ တစ်နေကုန် ပင်ပန်းထားသဖြင့်လည်း လေးလံထိုင်းမှိုင်းနေကြသည်။ အိပ်ချင်စိတ်ကြောင့် သွက်လက်မှုက မရှိကြ။ အိပ်ရာထဲမှ မထချင်သလို အေးလွန်းသဖြင့် အပြင်ကိုလည်း မထွက်ချင်ကြ။

"ဘာများလဲ" ဟူသော သံသယနှင့် တဲ့တံခါးအချို့ ပွင့်လာကြသည်။ မီးရောင်ပျပျ ဝိုးတဝါး၌ ရှည်လျားသွယ်ပျောင်းသော ကျားသတ္တဝါကြီး၏ ပုံစံတို မြင်နေရသည်။ ကျားကြီးက ဘကြီးနိုင်ထွန်း၏ လက်တစ်ဘက်ကို ကိုက်ခဲ၍ တဲအပြင်သို့ ဆွဲယူနေသည်။ ဘကြီးနိုင်ထွန်းကလည်း ကြောက်ကြောက်ဖြင့်





ကျန်သောလက်နှင့် တဲတိုင်ကို ဖက်တွယ်၍၊ ခြေစုံကန်ကာ ရုန်းကန်နေသည်။ ကျားကြီးက အတင်းကိုက်ဆွဲ ဘကြီးနိုင်ထွန်းက ရုန်းကန်အော်ဟစ်ရင်း ဝရုန်းသုန်းကား ဖြစ်လျက်ရှိသည်။

ကျားကြီးကိုက်ထားသော ဘကြီးနိုင်ထွန်း၏ လက်မှာဒဏ်ရာပြင်းထန်စွာ ရလျက် သွေးများက အတားအဆီးမဲ့ ယိုထွက်နေ၏။ လက်မှာ စုတ်ပြတ်ပေါက်ပြဲရုံမက ကျိုးကြေ၍ပင် နေတော့သည်။ ကျားသတ္တဝါကြီးက လူသွေး၏ အရသာကောင်းကောင်းသိနေသဖြင့် ကလေးများ ကြွချောင်းစုပ်သလို သွေးများကို အားရပါးရ စုပ်မျိုနေလေသည်။

"အား ...အမလေးဗျ"

"အမလေး ကယ်ကြပါဗျ"

ကျားကြီး၏ အမွှသွေးစုပ်၍ ကိုက်ဆွဲနေခြင်းကြောင့် ဘကြီးနိုင်ထွန်းမှာ အားလျော့မပျော့မခွလာသည်။ သို့သော် အိမ်တိုင်ကို မလွှတ်ရဲဘဲ ဖက်တွယ်မြဲ ဖက်တွယ်ထားဆဲပင်။ တဲအိမ်ငယ်မှာ ကျားကြီး၏ ဆွဲအား၊ လူ၏ ရုန်းကန်အားကြောင့် သွက်သွက်ခါ ခါ ယမ်းနေသည်။

မကြာမီပင် လူအများ အလျှိုလျှိုထွက်လာကြသည်။ ကျားကြီးက ဘကြီးနိုင်ထွန်းလက်အား ကိုက်ခဲ၊ ကိုက်ဆွဲကာ သွေးစုပ်နေသည်ကို လည်းကောင်း၊ ဘကြီးနိုင်ထွန်းမှာ အော်ဟစ်ရုန်းကန်နေသည်ကိုလည်းကောင်း ထိတ်လန့်ဖွယ်မြင်တွေ့ ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခါတ်မီးရောင်မီးတုတ်ရောင်များလည်း များပြား စင်းထိန့် လာကြသည်။

"ဟာ ကျားကြီးဟေ့ ကျားကြီး ဘကြီးနိုင်ထွန်းကို ဆွဲနေပြီ"

"လုပ်ကြပါဦးဟ၊ ဝိုင်းကြပါဟ"

လူများမှာ ကြောက်ရွံ့ကြောက်ရွံ့နှင့် မဝံ့မရဲဖြစ်နေသော်လည်း အသံမျိုးစုံကား ဆူညံစွာ ထွက်ပေါ်နေသည်။ ကျားကြီးအနီးသို့ မကပ်ရဲကြ။ ကျားကြီးကား လူတွေဝိုင်းရံလာသည်ကို တွေ့ရသည်နှင့် ကိုက်ခဲထားသော လက်ကို အတင်းခါယမ်းလိုက်သည်။ ဘကြီးနိုင်ထွန်းလည်း ကြောက်လန့်တကြား ရုန်းကန်လိုက်ရာ တဲအိမ်မှာ ဆွဲဖြိုလိုက်သလို ဝေါခနဲဖြင့် ပြိုကျသွားတော့သည်။ တဲတိုင်၊ တဲအမိုး၊ တဲအကာအရံတို့မှာ ဝါးလုံးများသာဖြစ်သဖြင့် ဆင်ဝင်အောင်းလိုက်သလို ဖရိုဖရဲပြန့်ကျဲ၍ သွားသည်။ တဲအိမ်ပျက်မှ ပစ္စည်းများလည်း ကျားကြီးနှင့် ဘကြီးနိုင်ထွန်းအပေါ် ဖြန်းစားပြီး ပိကျလာသည်။

"အောင်မလေးဗျ"

ဘကြီးနိုင်ထွန်းအော်သံမှာ အသံနက်ကြီးနှင့် ထွက်လာသလို "ဝေါင်း၊ ဝုန်း" ဟူသော ကျားဟိန်းသံကြီးလည်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျားသတ္တဝါကြီးမှာ အသံနှင့်အတူ တစ်ပြိုင်နက်ပင် နောက်ကျွမ်းစက်ကာ မှောင်ထဲ





ပျောက်ကွယ်သွားတော့၏။ ကျားကြီး နောက်ကျွမ်းပစ်သည်မှာ (၁၀)ပေကျော်မျှပင် မြင့်တက် မြောက်တက်သွားသည်ကို မြင်လိုက်ကြရသည်။ ကျားကြီးကား ထွက်ခွာ ရှောင်ဖယ်သွား ပြန်ချေပြီ။

ရွှေကျင်တဲစုမှ အုတ်အုတ်ကျက်ကျက်အသံများ ကျားဟိန်း သံများကြောင့် သေနတ်ကိုင်ရဲဘော်များ အပြေးရောက်ရှိလာကြသည်။ ကျားကြီးသွေးစုပ်ထားသည့် ဒဏ်ရာကြောင့် မေ့မြောသွားသော ဘကြီးနိုင်ထွန်းအား ဖားကန့်ဆေးရုံသို့ တင်ပို့ရန် ဆောင်ရွက်ကြသည်။ ကျားကြီးသတင်းအား အမှုတပြင်း မေးမြန်းစုံစမ်းရာ ကျားကြီးသည် ရှည်လျားကြီးမားသလို ပိန်ရှည်ရှည်ကြီးဖြစ်နေသည်။ အားမရှိ ခါးချည့်နေသော ကျားအိုကြီးသာဖြစ်သည်။ သို့သော် နောက်ကျွမ်းပစ်ရာတွင် လူနှစ်ရပ်စာမျှ မြင့်မားကြောင်း လူအိုတစ်ယောက်ကို ဆွဲချီကိုက်ခဲသယ်ဆောင်သွားနိုင်ခြင်း မရှိကြောင်းတို့ကို သိရှိရသည်။ ထို့ပြင် ရွှေရှာကျောက်တူးရာ မြေစာဒေသဖြစ်သဖြင့် ကျားကြီးမှာ ဝေးဝေးသို့ မရောက်နိုင်သေး။ လေးဖက်လေးတန် တောစပ်များတွင် ညတွင်းချင်း စောင့်ကြပ်ကြည့်ရှုသင့်ကြောင်း အများက သုံးသပ်ပြကြသည်။ ကျားကြီးအား တောစပ် သစ်ပင်အုပ်ရှိရာ နေရာများ၊ ထွက်ပေါက်များမှ စောင့်ကြည့်ပစ်ခတ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဘယ်တော့တိုးဦးမလဲ ကျားကြီးရေ။



www.burmeseclassic.com

www.burmeseclassic.com



## လင့်စီး၍ ပစ်ခတ်ခြင်း

ည (၁၀)နာရီခန့်ရှိပြီ။ နှင်းများက သိပ်သည်းစွာ ကျနေဆဲပင်။

"ဟဲလို၊ ဟဲလို ရထားဖြစ်လား ရထားဖြစ်လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒီမှာ ရထားမဖြစ်သေးဘူး။ ထော်လာဂျီဝဲ ဖြစ်သေးတယ်"

"ဟာ ဘယ်ကောင်လဲကွ၊ စကော်ကိုင်နေတာ"

"ကျွန်တော်လား မီးသတ်ရဲဘော်သစ် မောင်အေးသိန်းပါ"

"ဟောကောင် ငါးဆားနယ် မင်းတို့တာဝန်ခံကို ချက်ချင်းခေါ်လိုက်စမ်း"

"ဟဲလို စခန်းတာဝန်ခံ ဦးကိုဝင်းပါ"

"ဟုတ်ပြီ ဦးကိုဝင်း ချက်ချင်းဆောင်ရွက်နိုင်ဖို့ ချောပြင်မှော်နဲ့ ဆက်စပ်တဲ့ လမ်းကြောင်းတိုင်းနဲ့ တောစပ်နေရာမှန်သမျှ ချက်ချင်းစီစစ်ပြီး အနည်းဆုံး အဖွဲ့ငါးဖွဲ့လောက် ခွဲထားပါ။ တစ်ဖွဲ့မှာ သေနတ်နှစ်လက် အနည်းဆုံးပါရှိပါစေ။ တစ်ညလုံး တာဝန်ယူပါ"

ချောပြင်မှော်၏ လေးဖက်လေးတန်နှင့် ပတ်ပတ်လည်ရှိ နီးစပ်ရာ ရွာများ မှော်များမှ တာဝန်ယူ ပိတ်ဆို့စေသည်။ အတွင်း

စည်းကို ရွာ၏ လုံခြုံရေးများနှင့် တပ်မတော်သားများ ရဲတပ်ဖွဲ့ဝင်များက ညတွင်းချင်း တစ်ညလုံး ရှင်းလင်းကြလေသည်။ တောစပ်တစ်နေရာ ကျောက်တုံးကြီးများကို အကာအကွယ်ယူ၍ ကျားကြီးအား စောင့်ဆိုင်းနေသောအဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖားကန့်နယ်ထိန်း ဒုရဲအုပ်ကျော်ဇော်ဟိန်းက တာဝန်ကျလေသည်။ သူ့အဖွဲ့တွင် ရဲကြပ်ကြီး လှမြင့်၊ ရဲတပ်သား ကျော်အောင်၊ ရဲတပ်သား ရဲသူနှင့် ကျေးရွာလူကြီးများသော ဦးငွေးမင်း၊ ဦးတင်စိုး၊ ဦးထွေးအောင်၊ ဦးယုန်းရွှေတို့ပါဝင်၍ လူအင်အား (၈)ယောက်ရှိသဖြင့် အင်အားတောင့်တင်း၍ ရဲတပ်ဖွဲ့ဝင်များက သေနတ်များပါသလို ကျေးရွာလုံခြုံရေးလူကြီးများ၌လည်း ဓားများ လှံရှည်များကိုင်စွဲထားသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကျေးရွာလုံခြုံရေးတစ်ဦး ကွဲပေး၍ နှစ်ယောက်တစ်တွဲ ခွဲပြီးစောင့်ကြည့်စေ၏။ သို့ဖြစ်၍ ရှည်လျားသော တောစပ်ကို တာဝန်ယူနိုင်လေသည်။

"ဆရာ ဆရာ"

"ဘယ်သူလဲကွ ဘာပြောစရာရှိလို့လဲ"

နှင်းများက ပိုးပိုးပေါက်ပေါက် ကျနေသလို လေအေးကလည်း တဖြောဖြောတိုက်ခတ်နေသဖြင့် အမိုးအကာမဲ့တွင် စောင့်ကြရသော ဒုရဲအုပ် ကျော်ဇော်ဟိန်းတို့မှာ ခိုက်ခိုက်တုန်၍ အေးလှသည့်နှင်းထုကြောင့် တစ်လံကျော်ကျော် မြင်ကွင်းကိုသာ





www.burmeseclassic.com

www.burmeseclassic.com



မြင်ကြရသဖြင့် အထူးသတိထားနေကြရသည်။ အနားသို့တိုး လျှောက်လာသူက–

"ကျွန်တော် မောင်ရဲသူပါ၊ ဆရာ၊ မေးစရာရှိလို့ပါ"

"မေးကွာ"

"ဒီလိုဆရာ၊ ကျားကြီးကို အသေပစ်ဖမ်းရမလား။ အရှင်ဖမ်းရမှာလား"

"ဟာကွာ … မင်းဟာ ဦးနှောက်ပါပဲလားကွ။ ဘာမှ မေးမနေနဲ့ တွေးမနေနဲ့ ကျားတွေ့တွေ့ချင်း အသေပစ်ကွ။ မင်းသေချင်ရင်တော့ အရှင်ဖမ်းပေါ့ကွာ"

"အိုကေ ရှင်းသွားပြီ ဆရာ"

"လာလာချေးသေး" ဟု တွေးရင်း ဒုရဲအုပ်ကျော်ဇော် ဟိန်းမှာ အမှောင်ထဲတွင် ပြုံးလိုက်ရသေးသည်။ မောင်ရဲသူမှာ ရိုးသားကြောင်း သိထားသဖြင့် အပြစ်ပြော၍ မရပေ။

"ဒိုင်း … ဒိုင်း"

"ဘာလဲဟေ့ ဘာလဲဟေ့"

"ကျား ဆရာ၊ ကျား၊ မြောက်ဘက်ကို ပြေးသွားပြီး ပျောက်သွားတယ်"

"ကျားကို ကျည်မထိဘူးလား"

"ကျည်မထိတာ သေချာတယ်ဆရာ"

တကယ့်မောင်ရဲသူပင်ဖြစ်သည်။





ကျားကြီးကား တောစပ်အတိုင်း မြောက်ဘက်သို့ ပြေးသွားပြီ ဆိုပါကလည်း အစောင့်များက ရှိသေးသဖြင့် မျှော်လင့်ချက်တော့ ရှိပါသေးသည်။

မြောက်ဘက်တွင်ကား လျှိုမြောင်များဖြစ်နေ၍ ကမ်းပါးကြီးများ မြင့်မားစွာရှိနေသည်။ ကမ်းပါးကြီးတစ်ခုတွင် မြေသယ်ယာဉ်များသွားရာ လမ်းကြီးတစ်ခု ဖောက်လုပ်ထားသဖြင့် သွားစရာ၊ လာစရာဆို၍ ဤလမ်းတစ်ခုသာ ရှိသည်။ မြေစာလမ်းဖြစ်၍ လမ်းကြမ်းတစ်ခုသာ ဖြစ်သည်။ မှော်တွင်းထိုးခံအတိုင်း အသွားရဆိုးသည်။

မြေစာလမ်းမကြီး၏ တစ်ဖက်တွင် လက်ခုပ်တစ်ဖောင်ခန့်ရှိသော ကမ်းပါးယံများ ဖြစ်ပေါ်လျက် တစ်ဖက်တွင် လမ်းမထက်အနည်းငယ်မြင့်သော မြေပြင်တစ်ခု ဖြစ်ပေါ်နေသည်။ ၎င်းမြေပြင်တွင် စကပ်ပင်၊ ကလောင်ပင်၊ ရေတမာပင်များက ကွေးကောက်စွာဖြင့် ပေါက်ရောက်လျက်ရှိသည်။ အပင်များ ဖြောင့်မတ်၍နေပါက လူအများစုမှာ အိမ်တိုင်၊ မျောတိုင်အဖြစ် ခုတ်ယူကြ၍ ယခုကဲ့သို့ ကွေးကွေးကောက်ကောက်သာ ကျန်ရှိနေ၏။ ရေတမာပင်နှစ်ပင်နှင့် ကလောင်ပင်ကိုအားပြု၍ လက်တလောဆောက်လုပ်ထားသော လင့်စင်တစ်ခုပေါ်တွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်သွင်၊ လောပန်းအမြွာညီနောင် ရွှေလွန်းမောင်၊ ရွှေဖြိုးမောင်နှင့် ကျောင်းဆရာ ဆရာသက်တို့ ရောက်ရှိနေကြ

www.burmeseclassic.com



သည်။

ဆရာကြီးဦးမြင့်သွင်မှာ ရန်ကုန်၊ တောင်ဒဂုံသား ဖြစ်သော်လည်း လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်တတ်သဖြင့် မော်သူ၊ မော်သားများက ခင်မင်ကြ၏။ ဦးမြင့်သွင်လက်ထဲတွင်(.၃၇၅)မဂ္ဂနမ်ရိုင်ဖယ်ကြီးကို ကိုင်ထား လျက် အမှောင်ထုအတွင်းမှ မြေစာလမ်းမကြီးကို စူးစိုက်၍ ကြည့် နေသည်။ ရိုင်ဖယ်ကြီး၏ မြောင်းရင်းအတွင်းသို့လည်း (၃၀၀) ဂရိမ်အမာရှိ ကျည်တောင့်ကို ထည့်သွင်း၍ မောင်းတစ်ဝက် (HALAL COCK) တင်ကာ အသင့်ထားရှိလေသည်။

လောပန်းညီနောင်ဖြစ်သော ရွှေလွန်းမောင်၊ ရွှေဖြိုးမောင် တို့မှာလည်း (၁၂)ဗို့တစ်လုံးထိုး သေနတ်ကိုယ်စီကိုင်လျက် အသင့်အနေအထားဖြင့် နားစွင့်နေကြသည်။ ဆရာသက်မှာ သုံးခဲ ထိုး လက်နှိပ်ဓာတ်မီးကို လိုအပ်လျှင် သုံးနိုင်ရန် အသင့်ပြင် ဆင်ထား၏။

ဆရာကြီး ဦးမြင့်သွင်က

“မြေစာလမ်းပေါ်က လှုပ်ရှားသံကြားတာနဲ့ ဆရာ သက်က ဓာတ်မီးကို ချက်ချင်းထိုးပြပါ။ မီးထိုးရင်းပဲ အဆောက်ကိုင်ပြီး တစ်နေရာတည်းမထိုးဘဲ ကျားဦးတည်ရာ ဒါမှ မဟုတ် ကျားကြီးလှုပ်ရှားမှုကိုကြည့်ပြီး မီးရောင်ကို ရွှေ့ပေးပါ။ ကျားကြီးကိုမြင်တာနဲ့ သေနပ်သုံးလက်စလုံး တစ်ပြိုင်တည်း





ပစ်မယ်။ ဒါမှမဟုတ် ကျွန်ုပ်ပစ်တာနဲ့ ခင်ဗျားတို့ ညီနောင်က ချက်ချင်းပစ်ပါ။ တစ်ခုမှာချင်တာက ခင်ဗျားတို့ကျည်တွေက ကျွန်ုပ်ရဲ့ရိုင်ဖယ်လောက် စိတ်မချရလို့ အရင်တော့မပြစ်ကြပါနဲ့၊ ကျားကို ခြောက် ထုတ်သလိုဖြစ်သွားနိုင်လို့ပါ”

ညဉ့်သန်းခေါင်တိုင်လာပြီ။

ပိုးပုရွက်အော်သံများသာ စီစီညံနေသည်။ ချွတ်ခနဲ အသံကြားရလေမလား၊ ကျားဝမ်းရတ်သံများ ကြားရလေမလား နှင့် စိတ်မှန်းကာ စောင့်နေရသည်။ ညဉ့်(၁၂)နာရီ ထိုးပြီ မထူး ခြားသေး။

“ဒုန်း .... ဒုန်း”

“ဟိုက် ... သေနတ်သံဟ”

တောင်ဘက် (အောက်ပိုင်း) မလှမ်းမကမ်းမှ ရိုင်ဖယ် သေနတ်သံ နှစ်ချက်ကို ဆက်တိုက်ကြားလိုက်ရသည်။ ရဲတပ်ဖွဲ့ ဝင်များထံမှ ဖြစ်ပေမည်။ လူလေးယောက်သား တစ်ဦးကိုတစ်ဦး ဆက်တို့၍ သတိထား၊ သတိထား။ သိတယ်၊ သိတယ်ဟု စိတ်မှန်းဖြင့် အသင့်ဖြစ်နေကြသည်။ ဆရာကြီး ဦးမြင့်သွင်၊ ဆရာသက်၊ ရွှေလွန်းမောင်၊ ရွှေဖြိုးမောင်တို့လေးဦး ကျားကြီးနှင့် ရင်ဆိုင်တွေ့ဖို့ စိတ်အားထက်သန်စွာ ရင်ခုန်နေကြရသည်။ အမှန် အတိုင်းပြောရရင် ကျားဆိုသော သတ္တဝါကို တိရစ္ဆာန်ရုံမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ကြရဖူး၍ အပြင်တွင် မြင်ဖူး၊ တွေ့ဖူးခြင်းမရှိ။

ကျည်အားပြင်း (.၃၇၅)မဂ္ဂနမ်ရိုင်ဖယ်ကြီးကို အသ
ကိုင်ထားသော ဆရာကြီး ဦးမြင့်သွင်ပင် သဘာဝတောတော
တွင် ဟင်းမျိုး(ခေါ်)တောကောင်(ခေါ်)တောဘုရင်ကျားသတ္တဝ
ကို ပစ်မှုးဖို့ဝေးစွ၊ မြင်ပင် မမြင်ဘူးခဲ့ချေ။ ကြီးမားသော ဝတ်
ကြီးများ၊ ဆတ်ကြီးများသာ ပစ်ခတ်ခဲ့ဖူးသည်။

ဆရာသက်နှင့် ရွှေလွန်းမောင်၊ ရွှေဖြိုးမောင်တို့သ
ယောက်က ပို၍ပင် ဆိုးသည်။ ချေ(ဂျီ)ဒရယ်၊ မျောက်တို့ကိုသ
အကြီးဆုံးထား၍ ပစ်ဖူးခဲ့သူများသာဖြစ်သည်။ မဂ္ဂဇင်းများတွ
ဖတ်ရှုရသော ဗိုလ်လုံ၊ ကျော်စိုးဗို မန္တလာသား၊ မြတ်လှိုင်းဗိုလ
မောင်မြင့်မား (ဘိုကလေး)လေးမောင် စသော မုဆိုးစာပေ
စာရေးဆရာများကို သဘောအကျကြီးကျနေကြသူများသ
ဖြစ်သည်။ သွေးစုပ်ကျားကြီးဟု သတင်းကြီးလာသည်နှင့်အလို
ပင် မုဆိုးလက်ဖျား ယားလာကြသူများဖြစ်ကြသည်။

"ဆရာကျော်ဇော်ဟိန်းတို့ တာဝန်ယူတဲ့ တောစပ်
ဖြစ်မယ်ကွ။ သေနတ်မှန်လို့ မသေရင် ဒီဘက်ပြေးလာနိုင်
သဘောရှိတယ်။ လမ်းက ကမ်းပါးတွေနဲ့ဆိုတော့ ရောက်လာ
တယ်"

"ရှူး ... တိတ်တိတ်နေ"

သေနတ်သံ နှစ်ချက်နောက်တွင် လူသံများ ပေါ်ထွ





လာကာ ခေတ်မီးရောင်များက တဝင်းဝင်း တူရကက်လက်ဖြစ်နေသည်။ ခဏကြာသော် လှုပ်လှုပ်ရှားရှား အားလုံးငြိမ်သွားသည်။ ပိုးမွှားမြည်သံများမှအပ ဝန်းကျင်မှ ဆိတ်ငြိမ်သွားပြန်၏။

"သတိထား ... ညိုမှောင်မှောင် သဏ္ဌာန်လိုလို မြင်လိုက်ရတယ်"

"ဟော ... ဟော"

နှင်းမှုန်အကြား မြေစာလမ်းပေါ်တွင် နက်ကြောကြောနှင့် ရှည်မျောမျောသဏ္ဌာန်တစ်ခုက ဓပီမပြင်ဖြင့် ညင်သာစွာ လှုပ်ရှားနေကြောင်း မြင်တွေ့လိုက်ရသည်။ ဆရာသက်က သွက်လက်စွာဖြင့် ခေတ်မီးကို စိုက်၍ ကိုးလိုက်သည်။

"ဟိုက် တကယ့်ကျားကြီးပါလား"

မီးရောင်အောက်တွင် နီရဲသော မျက်စိနှစ်လုံးနှင့် အဝါရောင်အနက်စင်းသတ္တဝါကြီးကို မြင်လိုက်ရသည်။ ဆရာကြီး ဦးမြင့်သွင်က မဂ္ဂနမ်ရိုင်ဖယ်ကြီးဖြင့် ကျားကြီးကို ထိုးချိန်လိုက်ပြီး"

"ဘောင်း၊ ဘောင်း"

"ဒိုင်း"

သေနတ်သုံးချက်က စက္ကန့်ခြား၍ ထွက်ပေါ်လာသည်။

(၁၂)ဗို့ တစ်လုံးထိုးသေနတ်နှစ်လက်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသော ယမ်းပေါက်ကွဲသံနှင့်အတူ ခဲကျည်များသည်



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ကျဲစွာ ပြေးထွက်သွားသည်။ သို့သော် ကျားကြီးကိုကောင်းစွာ မထိမှန်ခဲ့။ မီးရောင်အောက်တွင် ကျားကြီးက ကျွမ်းပစ်၍ အရှောင် လိုက် "ဒိုင်း"ဟူသော အသံနှင့်အတူ (၃၀၀)ဂရိမ်အမာရှိသော ကျည်ဆန်သည် ပြောင်းဝမှ ပြေးထွက်သွားသည်။ ပြင်းထန်သော ယမ်းအားကြောင့် ဆရာကြီးဦးမြင့်သွင်၏ ဖုခုံးမှာ နင့်ခနဲဖြစ်သွား သည်။ မျက်စိရှစ်လုံးရှိသော လူလေးယောက်တို့က ဓာတ်မီးရောင် ကို စူးစိုက်ကြည့်လိုက်ကြသည်။ မြင်ကွင်းတွင် ကျားကြီးမရှိ တော့။

ကျားကြီးကား ပါးနပ်စွာ ရှောင်ရှားရင်း လွတ်မြောက် သွားခဲ့ပြန်ပါပြီ။

နံနက်ရောက်သည်နှင့် ကျားကြီးသတင်းက ပို၍ အရှိန် မြင့်လာသည်။ သေနတ်များနှင့် ဝိုင်း၍ ပစ်ခတ်သည့်ကြားမှ ကျားက ကျွမ်းထိုး၍ ရှောင်နိုင်သည်မှာ နတ်ကျားဖြစ်၍သာဟု အချိုင်အမာဆိုသူက ဆိုကြသလို၊ ကျားကြီးကျွမ်းထိုးရင်း ကိုယ် ပျောက်သွားသည်ဟု ပြောသူပြော နှစ်လုံးပြူးကျည်ဆန်မှ ခဲဖူး များပင် ကျားကို မထိမှန်သည်မှာ သေနတ်ပါပြီးသောကျား သိဒ္ဓိဝင်ကျား၊ အရှင်ကြီးကျားဟု ထင်သူက ထင်ကြနှင့် သတင်း မှာ ကား၍ ကား၍ သွားတော့၏။

ဆရာကြီးဦးမြင့်လွင်နှင့် ဆရာထက်တို့မှ ပြောသည် အတိုင်းမနာယူဘဲ တစ်လုံးထိုးကျည်ပျော့နှင့် အရင်ဆုံး ပစ်ရပါ





မည်လား၊ မဂ္ဂနမ်ရိုင်ဖယ်ကြီးအပစ်ကို စောင့်ပါနေတော့လားဟု တဖွဖွပြောရင်း ရွှေလွန်းမောင်နှင့် ရွှေဖြိုးမောင်တို့ ညီအစ်ကို အား အပြစ်တင်မဆုံးတော့ပေ။

ပြာသိုလ (ဇန်နဝါရီလ)ရာသီမှာ နှင်းများ စိုအောင် လှိုင်လှိုင်ကျသော လဖြစ်သလို ကြောင်မျိုးနွယ်ဝင်များဖြစ်သော တောကြောင်၊ အိမ်ကြောင်၊ မြင်းကြောင်၊ ဝံကြောင်၊ ကျားမင်း၊ ကျားသစ်၊ သစ်ခွင်၊ ကျားကြီးများ မိတ်လိုက်သော ရာသီလည်း ဖြစ်သည်။ အဖော်ရှာသောလဖြစ်သဖြင့် ယခုကျားကြီးမှာ အစွမ်း ပြနေခြင်းပေလောဟု တွေးတော၍ မှော်နေလူထုမှာ စိတ်မော လူမောဖြစ်နေရသည်။ ပိုဆိုးသည်က ကျားကိုနေ့တွင် မတွေ့ရဘဲ ညမီးရောင်အောက်တွင်သာ မြင်ရသဖြင့် မသဲကွဲကြ။ ခဏ တစ်ဖြုတ်သာတွေ့မြင်ကြရသဖြင့် အထီးလား အမလား မကွဲပြား ဖြစ်ကြရသည်။

သို့ဖြစ်၍ နေ့ခင်းကုန်လွန်ပြီး ညရောက်မှာကို စိုးရိမ်လာ ကြသည်။ နေစောင်းလာလျှင် စိတ်မကောင်းဖြစ်နေကြ၊ သတိ ထားနေကြရသည်တကား။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## သွားရှိသော်လည်း ခါးချည့်နေသော ကျား

၁၉၉၉ ခုနှစ် ဇန်နဝါရီလ (၈)ရက်။

ဥရုမြစ်၏ အနောက်ဘက်ကမ်း ကျောက်စိမ်းတူးဖော်နေသော လုပ်ကွက်ဒေသတွင် ကျောက်တူးသူများ ပြန်လည်လှုပ်ရှားလုပ်ကိုင်လာကြသည်။ အလုပ်ပျက်သည်မှာ လေးရက်ခန့်ရှိပြီဖြစ်၍ လည်းကောင်း၊ ကျားဆိုးသတ္တဝါမှာ ညဥ့်သာလှုပ်ရှားကာ နေ့ခင်းပိုင်းတွင် ပုန်းရှောင်နေတတ်၍ လည်းကောင်း အလုပ်ပြန်ဆင်းကြရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းများဖြစ်၍ မလုပ်ကြနဲ့ဟု တား၍မဖြစ်ပါ။ သတိ ဝီရိယနှင့် လုပ်ကိုင်ကြရန်သာ သတိပေးကြရသည်။

ကျောက်သမားများမှာ "အချိန်ကာလ၊ ကာယကျန်းမာကံသာအမိ၊ သတိပညာ၊ ကျွမ်းကျင်ရာ တူးပါကျောက်သမား" ဆိုသည့်အတိုင်း မိုးမရွာ ရေမကြီး ရာသီဥတုသာယာချိန် ခန္ဓာကိုယ် ကျန်းမာချိန်၊ ကံကောင်းချိန်တို့ကို ဂရုပြု၍ သတိ





ပညာ၊ ကျွမ်းကျင်မှုတို့ဖြင့် လုံ့လ၊ ဝီရိယစိုက်ကာ တူးကြရပါသည်။ သို့ဖြစ်သော်မှပင် ကျောက်ပုပ်၊ ကျောက်ရိုင်း၊ ကျောက်ခဲ၊ ကျောက်စရစ်၊ ကျောက်တုံး၊ ကျောက်ပြားပေါင်း ကုဋေသန်းသိန်းများကြားမှ အဖိုးတန်ကျောက်စိမ်းတစ်လုံးဆိုတာ တွေ့ရဖို့ မလွယ်ပါ။ လုပ်အားနှင့် အချိန်ကို ရင်းနှီး၍ လုပ်ကြရသည်။ ကံကိုလည်း ယုံကြရသည်။

"ကဲဟေ့ ... အလုပ်သိမ်းမယ်။ (၆)နာရီလည်း ထိုးပြီ"

ကျောက်စိမ်းမှော်မှာကား ညနေ (၆)နာရီဆိုလျှင် မှောင်စပြုလာပြီ။ အိမ်စုကလေးတွင်ဖြစ်သည်။ မတူညီသောကျောက်တူးသမားများနေထိုင်ကြသော တဲကြီးသုံးလုံးမှာ နီးကပ်စွာ တည်ရှိနေကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရိုင်းပင်းကူညီကြရင်း တိုးတိုးဖော်ထိုင်ပင်ဖက်အတွက် တဲနီးချင်းမိတ်ဆွေများအဖြစ် နေထိုင်ကြရသည်။ တဲကြီးတစ်တဲတွင် အဖွဲ့ခေါင်းဆောင် ဦးတင်ရှိန်၊ ဦးကျော်ထူးတို့ ဦးဆောင်သော ရေငုပ်ကျောင်းသားအဖွဲ့ရှိနေသည်။ ဒေသခေါင်းစုံမှဖြစ်သော လူရွယ်ကျောင်းသားများဖြစ်သည့် ကိုသက်တင်၊ ကိုသန်းမြင့်ဦး၊ ကိုမျိုးနိုင်အောင်၊ ကိုဝင်းမင်းသန်း၊ ကိုကျော်ဇေယျ၊ ကိုမင်းလွင်၊ ဦးတင်မြင့်၊ ကိုလှမိုးတို့အပါအဝင် လူအင်အား (၁၀)ယောက်ရှိသည်။ သူတို့လုပ်ငန်းမှာ ဥရုမြစ်အတွင်းရှိ ရေနက်ကြမ်းပြင်တွင် ရေငုပ်၍ ကျောက်စိမ်းရှာကြရခြင်းဖြစ်သည်။ ရေငုပ်ကျောက်ရှာသူ ကျောင်းသားက ရေငုပ်မျက်မှန်တပ်၊



www.burmeseclassic.com

www.burmeseclassic.com



လေပိုက်ကိုငုံပြီး မြစ်အတွင်း အချိန်ကြာစွာငုပ်၍ ကျောက်စိမ်းရှာရသည်။

အခြားတဲကြီးတစ်ခုတွင် ဦးလှမြင့်၊ ဦးစန်းလွင်၊ ဦးသန်းနိုင်ဦးတို့ ဦးဆောင်သော လေးပင်ကျင်းအကျယ် ကျောက်တွင်းတူးသမားအဖွဲ့ဖြစ်သည်။ ပင်လယ်ဘူးနှင့် ဗန်းမောက်မြို့နယ်သားများဖြစ်သောကိုသန့်ဇင်၊ ကိုစန်းလွင်၊ ကိုအောင်ကျော်မိုး၊ ကိုနိုင်နိုင်၊ ကိုစိုင်းအောင်မြင့်၊ ကိုကျော်ဝင်း၊ ဦးကျော်ညွန့်၊ ကိုအောင်ကျော်မိုး၊ ဦးသိန်းဟန်၊ ဦးမာတင်တို့အပါအဝင် စုစုပေါင်းကျင်းသား (၁၂)ယောက်ရှိသည်။ လေးပင်ကျင်းကျယ်ဆိုသည်မှာ မြေပြင်ကို လိုသလောက် (ဥပမာ ၈'×၈')အတိုင်းအတွာအတိုင်း မြေစိုက်ကျင်းအဖြစ် တူးကြရခြင်းဖြစ်သည်။ ကျင်း၀ (၁၀'×၁၂') ပေ ကျယ်စတုဂံပုံ တူးပါကလည်း မြေအောက်ပေ (၄၀)(၅၀) အနက်ထိတိုင် ယင်းအကျယ်အတိုင်း တူးရသည်။ ကျင်းအောက်ဆင်းပြီး သံတိုင်နှင့်တူးသူက တူး၍ ကျောက်ရှာသူက ရှာကာ မြေစာများကို ကျင်းပေါ်သို့ တင်သူကတင်ပေးရသည်။ မြေစာတောင်းကို စတီးကြိုးနှင့် ဆွဲတင်၍ အဝေးသို့ ထမ်းပိုးပစ်သူက ပစ်ရသည်။ မြေစိုက်ကျင်းသမားမှာ အလွန်ပင်ပန်းကြသည်။

ကျန်သည့် တဲကြီးတစ်တဲထဲတွင် ကိုနေမျိုးဇော်၊ ဦးပီတာ၊ ကိုမောင်မောင်စိုးတို့ ခေါင်းဆောင်သော အာပြဲကျင်းတူးအဖွဲ့ဖြစ်သည်။ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်နယ်သားများ





ဖြစ်ကြသည့် ကိုထွန်းကျော်၊ ကိုရန်ရှင်း၊ ကိုခွန်နောင်၊ ဦးကိုဝင်း၊ ဦးစိုင်းမောင်၊ ဦးတိုက်ပန်၊ ဦးဘစန်း၊ ဦးဇော်ဝင်း၊ ဦးအောင်သန်း၊ ကိုတင်မောင်စိုး၊ ကိုတူးမိုင်၊ ကိုစောထွန်း၊ ကိုတင်ထွတ်၊ ကိုတင်ငြိမ်း၊ ကိုကျော်ကျော်၊ ကိုပါ၊ ကိုပြုံး၊ ဦးစိန်ဝင်း စုစုပေါင်း(၂၀) ကျော်ပင်ရှိသည်။ ၎င်းတို့အဖွဲ့မှာ တောင်ကမ်းပါးများ၊ တောင်ထိပ်များကို နေရာကျယ်ဝန်းစွာ ယူ၍ တူးဖော်ရသည်။ မြေစာများကို ပေါက်ပြားဖြင့်ဆွဲ၍ တောင်အောက်သို့ စွန့်ပစ်ရသည်။ မြေစာပစ်ရာတွင် လွယ်ကူသော်လည်း တောင်ကြီးတစ်တောင်လုံးကို တူးကြရသဖြင့် ပင်ပန်းခက်ခဲသည်။ အာပဲ့ကျင်းဟု လည်း ခေါ်ကြသည်။

ကျောက်တူးသမားများမှာ လုပ်အားကိုသုံး၍ ကံကိုမျှော်လင့်ကြရသလို ရိက္ခာထောင် ကျင်းပိုင် လောပန်းများမှာလည်း ငွေအားအကုန်ခံ၍ ကံကို ယုံစားလုပ်ကိုင်ကြရသည်။

စားချိုပင် ရှိသေးသည်။

"ကျင်းထောင်အရှုံး၊ ကျင်းတူး လူမိုက်၊

လူမိုက်တွင်းတူး၊ လူရှုံးတွင်းထောင်၊

ဟူ၍ပင် ခိုင်းနှိုင်းသည်။

"ကဲဟေ့၊ သံတိုင်တွေ ချွန်မယ်။ မီးဖိုကြတော့"

ကုန်းကျင်းတူးတူး၊ ရေကျင်းတူးတူး၊ တောင်ပေါ်ကျင်းတူးတူး၊ လိုအပ်တဲ့ အရေးကြီး ပစ္စည်းကိရိယာကတော့ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်းမှင်ရှိသည်။ ၄င်းမှာ သံတိုင်ခေါ် သံတူရွင်းပင်ဖြစ်သည်။ တိုက်ကြီးများ ဆောက်လုပ်ရာတွင် တိုင်ကြီးများ၌ မြှုပ်နှံရသော သံတိုင်ခေါ် သံချောင်းကြီးများဖြစ်၍လုံးပတ်က ခာတ်ခဲ အကြီးစားအရွယ်ခန့်ရှိသည်။ တစ်လံကျော်ကျော် ရှည်လျားသည်။ ၄င်းသံချောင်း(ဝါ)သံတိုင်ကြီးကို မီးအားရကောင်းကောင်းတွင် ထည့်သွင်းဖုတ်ကြရသည်။ သံတိုင်ကြီး ရဲနီ၍ လာလျှင် ပေပေါ် တင်၍ (၁၅)ပေါင်တူဖြင့် ခဲတံချွန်သလို ချွန်ထက်အောင်တဖြည်းဖြည်း ထုယူရ၏။ တွင်းတူး တစ်ဖွဲ့လျှင် သံတိုင်(၅)ချောင်းမှ (၁၀)ချောင်းအထိ ရှိတတ်၍ မီးတစ်ခါဖုတ်လျှင် သစ်တုံးကြီးကြီး မီးအားအရှိန်ပြင်းပြင်းဖြစ်ဖို့ လိုအပ်သည်။ မီးဖုတ်လိုက်၊ တူဖြင့် ထုလိုက်ဖြင့် မာကျောသော သံတိုင်မှာ ချွန်ထက်၍ သံတူရွင်း ဖြစ်လာရသည်။

သုံးပွင့်ဆိုင် တဲသုံးလုံးမှ ကျောက်တူးသမား ကျင်းသားများသည် အလုပ်သိမ်းသည်နှင့် ရေချိုး၊ ထမင်းစားကြသည်။ ပြီးလျှင် သံတိုင်မီးဖုတ်ကြရသည်။ သံတိုင်မီးဖုတ်သူက မီးဖုတ်၊ တူထုသူက ထု၊ ကိုင်ပေးသူက ကိုင်ပေးနှင့် လုပ်ကိုင်ကြရသည်။ ခေါင်းဆောင်တို့က ရေနွေးကြမ်းသောက်ရင်း ဝိုင်းဖွဲ့၍ စကားပြောဆိုရင်း ကြီးကြပ်နေရသည်။

သံတိုင်းအားလုံး ချွန်ပြီးလျှင်တော့ တစ်နေကုန်လုပ်၍ ပင်ပန်းခဲ့သမျှ တစ်ညတာ အိပ်စက်အနားယူကြရသည်။ ယခု





လည်း သံတိုင်ချွန်ရင်း အဖန်ရည်သောက်ရင်း ရေွှရာလေးပါး ပြောဆိုနေကြသည်။ ၄င်းအပြင် မနက်ဖြန်လုပ်ရမည့် လုပ်ငန်းစဉ်ကိုလည်း ညှိနှိုင်းကြပြီး စကားဝိုင်း သိမ်းလိုက်ကြသည်။

"သတိ၊ ဝီရိယနဲ့ အိပ်ကြဟေ့။ တစ်တဲကို ကင်းသမား တစ်ယောက် စောင့်မယ်။ မီးဖိုကို မီးမပြတ် ထိုးထားမယ်။ အတော်ကလေး အေးလာပြီပဲကွ။ မနက်လည်း စောစောထရမယ့် အတူတူ အိပ်ကြ၊ အိပ်ကြ"

ကိုနေမျိုးဇော်နှင့် ဦးပီတာတို့ခေါင်းဆောင်သော အာပြကျင်းတူးအဖွဲ့မှာ လူများသလို တဲကရှည်လျားကြီးမားသည်။ တဲက ကြီးမားသဖြင့် အကာအရံက မလုံလောက်သည့်အထဲ ယိုင်နဲ့၍ပင် နေသေးသည်။ လူဦးရေ (၂၀)ကျော်ရှိသော အာပြကျင်းအဖွဲ့မှာ တဲပေါ်တွင် တစ်ပြေးတည်း ကွေး၍ အိပ်နေကြသည်။ သို့သော် လူ(၂၀)ကျော် ကွေး၍ အိပ်နေကြသည့်အထဲတွင် အလယ်ကောင်မှ ကျင်းသားတစ်ဦးမှာ ဒူးနှစ်ဖက်ထောင်၍ အိပ်စက်နေသည်။

"ချမ်းရတဲ့အထဲ ကွေးနေအောင် မအိပ်ဘဲ ဒူးနှစ်လုံးထောင်ပြီး အိပ်နေတာ ဘယ်သူလဲကွ"

စောင်ခြုံထဲမှ တခီခီရယ်သံများ ထွက်လာသည်။

"ကျွန်တော်ပါ ဦးမြအုန်းပါ ကိုပီတာ"

"ခင်ဗျားဗျာ ချမ်းရတဲ့အထဲ ကြဲကြဲဖန်ဖန် ဒူးထောင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရတယ်လို့"

"အကြောင်းရှိလို့ အကြောင်းရှိလို့"

စောင်ခြုံကြားထဲမှ ခပ်လှောင်လှောင်ပြောသံနှင့်အတူ ရယ်သံများက ထွက်လာကြပြန်သည်။ ဒူးထောင်အိပ်သူ ဦးမြအုန်းဆိုသူက ဒေါသသံနှင့် –

"ကိုယ်အိပ်ချင်သလိုတောင် မအိပ်ရတော့ဘူးလား"

"ဟား ဟား ဟား ဘိုးတော် ဒေါကန်နေပြီဟေ့"

တဲတစ်တဲလုံးမှာ ရယ်သံများဖြင့် ဆူညံသွားပြန်သည်။

ကျွင်းသား ဦးမြအုန်းမှာ အဖွဲ့တွင် အသက်ကြီးဆုံးဖြစ်၍ ကျွင်းမတူးရဘဲ တဲတွင် ချန်နေရလျက် နံနက်စာ၊ ညစာအတွက် ထမင်းချက်တာဝန်ယူရသည့် စားဖိုမှူးကြီးဖြစ်သည်။ တစ်နေကုန် မတ်ရပ်၊ မတ်ရပ်ဖြင့် ချက်ပြုတ်နေရ၍ အညောင်းမိနေရှာသူလည်း ဖြစ်သည်။ အညောင်းပြေ အညာပြေ ဒူးထောင်၍ အိပ်ရရှာသည်။ အတန်ကြာသော် အိပ်ရာထက်တွင် တွတ်ထိုးရင်းမှ တဖြည်းဖြည်း အသံများစဲ၍ အိပ်ပျော်သွားကြလေသည်။ ငွေနှင်းရည် ပုလဲစက်တို့သည် တသုတ်သုတ်၊ တဖြုတ်ဖြုတ် ကျလျက်ရှိသည်။ အကာလ ညအခါသည် နှင်းမှုန်တို့ကြောင့် ပို၍ အမှောင်ကျသကဲ့သို့ ဖြစ်နေသည်။ ညဉ့်ဦး (၉)နာရီခန့်တွင် မီးပုံကြီးမှာ မီးရှိန်လျော့လာကာ မီးညွန့်များလည်း တောက်လောင်ခြင်း မရှိ





တော့။ လုံခြုံရေးကင်းစောင့်များမှာလည်း အရပ်သူ့အေး၊ ကျွင်းသားများဖြစ်၍ အိပ်ငိုက်နေကြပြီ။

ထိုစဉ်မှာပင် ကြီးမား ရှည်လျားသော သဏ္ဌာန်ကြီးတစ်ခုသည် တဲကြီးသုံးတဲရှိရာသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်လှမ်း၍ လာနေသည်။ ခြေကိုဖွ၍တရွေ့ရွေ့လျှောက်လှမ်းနေပုံမှာ အိမ်အတွင်းဝင်၍ အလစ်သုတ်မည့် သူခိုးတစ်ဦး၏ ခြေလှမ်းများနှယ် ရှိတော့သည်။ ပိစပ်ချုံကြားမှ ဘွားခနဲ ထွက်လာသော မျက်နှာဝိုင်းဝိုင်းကြီးမှာ နှင်းမှုန်များအောက်ဝယ် ထိတ်လန့်ဖွယ်ပင် ကောင်းသေးတော့သည်။

တဲကြီးတစ်ခုအနီးသို့ ရောက်လျှင်ပို၍ မှောင်မိုက်သော နေရာအောက်သို့ ဝင်ရောက်၍ ငြိမ်နေလိုက်သည်။ သေသေချာချာကြည့်မည်ဆိုပါက လက်ဖက်ရည်ပန်းကန်လုံးအရွယ် ပမာရှိသည့် ပြူးကျယ်ဝိုင်းစက်နေသော မျက်စိနှစ်စုံကို ထိတ်လန့်ဖွယ် တွေ့မြင်နိုင်ပေမည်။ သတ္တဝါကြီးသည် မှောင်ရိပ်တွင် ခေတ္တငြိမ်နေရာမှ နောက်သို့ အနည်းငယ်ဆုတ်လိုက်ပြန်သည်။

"ဘုတ် ... ဘုတ် ... ဘုတ်"

ညင်သာစွာ ပုတ်ယမ်းနေသော ရှည်လျားတုတ်ခိုင်သည့် အမြီးကြီးသည် မြေပြင်အား ထိခိုက်လျက်ရှိသည်။

"ဝရှူး ... ဝရှူး၊ ဂူး .. ဂူး"

ဆာလောင်မွတ်သိပ်နေသော ဝမ်းရုတ်သံ၊ အစာကိုမြင်၍



www.burmeseclassic.com

www.burmeseclassic.com



အသောင်မ်းငမ်းဖြင့် ထွက်ပေါ်လာသော အသံမှာ ကျောချမ်းစရာပင် ဖြစ်ပါတော့သည်။ ဦးတည်ရာမှာ ကိုနေမျိုးဇော်နှင့် ကိုပီတာတို့ ခေါင်းဆောင်သော အာပြဲကျင်းအဖွဲ့၏ တဲကြီးသို့ဖြစ်သည်။ ကျင်းသားအားလုံး၏ အလယ်ကောင်တွင် ဒူးထောင်၍ အိပ်ပျော်နေသော ဦးမြအုန်းမှာ တဖူးဖူးဖြင့် အိပ်ပျောက်လျက်ရှိသည်။ ဒူးနှစ်လုံးက တစ်ချက်တစ်ချက် လှုပ်ယမ်းနေဆဲ။

သတ္တဝါကြီးသည် ထိုလှုပ်ရှားနေသော ဒူးများကို စူးစိုက်ကြည့်ရင်း တုတ်ခိုင်သော အမြီးကြီးအား မြေတွင်ထောက်ကာ ကိုယ်ကိုကျုံ့၍ အားယူလိုက်သည်။ ကြီးမားသော ခန္ဓာကိုယ်ကို အတန်ငယ်ကွေးလိုက်ရာ ခါးရိုးရှည်ရှည်မှာ လေးကိုင်းသဏ္ဍာန် ကွေး၍ သွားသကဲ့သို့ ရှေ့လက်များက မြေမှလွတ်ကာ လေထဲတွင် ဆန့်တန်းလိုက်သည်။ စက္ကန့်ပိုင်းမျှသာဖြစ်သည်။ သတ္တဝါကြီးမှာ လွှားခနဲ တဲပေါ်သို့ ခုန်ပျံတက်လိုက်သည်။

"ဝေါင်း"

တစ်ပတ်ကျွမ်းဖြင့် ကျလာသော သတ္တဝါကြီးမှာ ဦးမြအုန်း၏ ထောင်လျက် လှုပ်ယမ်းနေသော ဒူးခေါင်းကို ကိုက်ခဲလျက် ရှိပါတော့သည်။ သို့သော် ငှမ်းစောင်ဖြင့် အုပ်ထားသော ဒူးခေါင်းကို ထိထိမိမိ မကိုက်မိဘဲ ငှမ်းကပ်ကြီးနှံ့သာ လုံးထွေးသွားပြန်သည်။

"ဂါး ... ဂရား"





"မြန်း ... မြန်း ... မြန်းမြန်း"

"ဘာလဲ ... ဘာလဲ"

"ထကြစမ်း ... ထကြစမ်း"

"ဘာဖြစ်တာလဲကွ"

တဝူးဂူး၊ တဂါးဂါးနှင့် တဗုန်းဗုန်း၊ တဗုန်းဗုန်း၊ အသံများကြောင့် တဲသုံးတဲစလုံးမှ ကျင်းသားများအားလုံးမှာ အာမေဍိတ်သံများနှင့်အတူ နိုးထလာခဲ့ကြသည်။ အိပ်ရာမှထထချင်း အသံများကြားရာသို့ တစ်ပြိုင်နက် သွားရောက်ကြရာ-

"ဘာကောင်ကြီးလဲဟ"

"ဟာ ... ကျားကြီး"

"ကျားကြီးဟေ့ ... ကျားကြီး၊ ဦးမြအုန်းကို ကိုက်နေတယ်"

"ကျားကြီးဟ ... ဝိုင်းဖမ်း ... ဝိုင်းဖမ်း"

"စောင်နှင့်အုပ်ကွာ"

"သတိလည်းထားကြဟေ့"

တဲကြမ်းခင်းပြင်ပေါ်တွင် ဝုန်းဒိုင်းကြဲ၍ ဆူညံသွားတော့သည်။ ဒူးခေါင်းကို အခဲခံရသော ဦးမြအုန်းမှာ ကြောက်လန့်တကြား ရုန်းကန်ရင်း ကျားသတ္တဝါ၏ ပါးစပ်မှ လွတ်မြောက်ပြီး တဲအောက်သို့ ဇောက်ထိုးမိုးမျှော်ဖြင့် ကျွမ်းပြန်ကျသွားလျက် အသက်ဘေးမှ လွတ်မြောက်သွားရသည်။ ကျားကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခဲထားသော ဠွမ်းစောင်နှင့် အစွယ်နှစ်ချောင်းငြိကာ ဝရုန်းသုန်းကားဖြစ်နေတော့သည်။ ကျားကြီးက ဒေါသတကြီးနှင့် မှီရာကိုက်၍ မီရာရိုက်ရင်းဖြင့် ပွဲကြမ်းနေပြန်သည်။

"သတိထား"

ကိုနေမျိုးဇော်၊ ကိုပီတာတို့နှစ်ဦးက ဠွမ်းစောင်ကြီးတစ်ခုကို အလျားလိုက်ဆွဲလိုက်ရင်း ကျားကြီးထံသို့ ခြေဦးလှည့်လိုက်သည်တွင် ဠွမ်းစောင်၏ ကျန်အနားနှစ်ဖက်ကို ကိုစောထွန်းနှင့် ကိုတင်ထွတ်က ကိုင်၍ အဆင့်သင့်လိုက်ပါသွားသည်။ ကျန်လူများက ဠွမ်းစောင်နှင့် အုပ်မည့်အကြံကို ရိပ်မိသဖြင့် ကျားကြီးကို ယောင်ပြရင်း အသံပြုနေကြသည်။ ဠွမ်းစောင်ကိုင်လူလေးဦးက ရှတ်တရက် ရှေ့တိုးလိုက်သည်။

"ဟူး ... ဂါး .. ဂရား"

"ဝုန်း .. ဗြောင်း ဗြောင်း ဗြောင်း"

ကိုနေမျိုးဇော် ကိုပီတာ၊ ကိုစောထွန်း၊ ကိုတင်ထွတ်တို့လေးဦးသားလည်း ဠွမ်းစောင်ကြီးဖြင့် ကျားကြီးကို ဖုံးအုပ်ဖမ်းဆီးလိုက်ကြသည်။ ကျားကြီးမှာ စောင်ဖြင့်ဖုံးအုပ်လိုက်သည်နှင့် အပြင်းအထန် ခုခံရုန်းကန်ပါတော့သည်။ ကျန်လူများကလည်း အကျားကြီးကို ဖိသူဖိ ဖမ်းသူကဖမ်းဖို့ကြိုးစားသူက ကြိုးစားဖြင့် ရှုပ်ယှက်ခတ်၍ သွားတော့သည်။

ကြောက်ကြောက်ဖြင့် ဖမ်းဆီးသော လူအုပ်နှင့် အသက်





အန္တရာယ်ကြောင့် ဖမ်းဆီးခံထားရခြင်းမှ လွတ်မြောက်လိုသော ကျားကြီးမှာ သူတစ်ပြန်၊ ကိုယ်တစ်ပြန်ဆိုသလို ရုန်းကန်တိုက်ခိုက်နေကြသည်။ ကျားသတ္တဝါကြီးက မာန်ဖီသံ၊ ဟိန်းဟောက်သံများ ကျယ်လောင်စွာ ပြုရင်း လွတ်မြောက်ရန် ကြိုးစားနေသည်။

"ကျားပိန်ကြီးကွ ... ကျားပိန်ကြီး"

"ကျားကြီးက အားမရှိဘူးကွ။ ဖိထား ဖိထား"

"သံတိုင်နဲ့ထိုးဟေ့"

"တုန့်ထုကွ"

ကျားကြီးကို စောင်ဖြင့် အုပ်ဖမ်းလိုက်သည်မှာ စက္ကန့်မိနစ်မျှပင် ကြာပါသည်။ (နားလည်အောင် စာဖြင့်ရေးရခြင်း၊ ရှင်းလင်းအောင် စကားနှင့်ပြောရခြင်းမှာ တကယ့်အဖြစ်အပျက်နှင့် ယှဉ်လျှင် အလွန် ကြန့်ကြာပါသည်။) လူအများနှင့် ကျားသတ္တဝါတစ်ကောင် ရုန်းကန်နေသည်မှာ ထောင်းလမောင်းကြဲ ဖြစ်နေပါတော့သည်။

ထိုစဉ် ကျားသတ္တဝါကြီးမှာ ဝုန်းကနဲ လူအများကြားမှ ခေါင်းထောင်၍ ထွက်ပေါ်လာသလို "ဝေါင်း" ဟု မာန်ဖီဟိန်းဟောက်ကာ အပေါ်သို့ မြောက်တက်လာသည်။ တဲကြမ်းပြင်ပေါ်သို့ ပြန်ကျလာသည်နှင့် တွေ့ရာလူကို လက်နှင့်ပုတ်၍ တဲအပြင်သို့ ခုန်ထွက်သွားတော့၏။ ထို့နောက် အမှောင်ထုထဲ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြန်သည်။ မြန်လိုက်သည့်ဖြစ်ခြင်း၊ တစ်မ
မဟုတ်ချင်းပင်မြင်ကွင်းအတွင်းမှ ကွယ်ပျောက်သွားသည်။

တဲသုံးတဲမှာ လူများ၍သာ တော်တော့သည်။ ကျားကြီး
အား မမီလိုက်သည့်အတွက် တက်ခေါက်သူခေါက်၊ ကျားစုတ်
ကျားခဲ့ဒဏ်ရာကြောင့် အော်ဟစ်သူက အော်ဟစ်၊ ညည်းညူသူ
က ညည်းညူ၊ အော်ဟစ်နိုင်းစေသူက နိုင်းစေ စသော အသံများ
ဖြင့် မျိုးစုံနေတော့သည်။ ချက်ချင်းပင် တာမခန့်ရုံးသို့ အကြောင်း
ကြားရင်း လူနာများကို ဆေးခန်းသို့ ပို့ရန် စီစဉ်ကြရသည်။

ဤသို့နှင့် ကျားဆိုးကြီးသတင်းကား ပြန့်ကား၍ လာဖြ
တော့သည်။

## ယာခင်းထဲ ကျားဝင်ဆွဲခြင်း

နံနက်လင်းအားကြီး (၄)နာရီခန့်အချိန်။

အစာတော်မွတ်နေသော ကျားသတ္တဝါကြီးမှာ လူများ
ဝိုင်းဝန်းဖမ်းဆီးခြင်းကို အကြိမ်ကြိမ် ခံရသဖြင့် သွေးလန့်နေ
ဖြစ်သည်။ ယခုလည်း တဲပေါ်က သားကောင်ကို အပိုင်ဟုယူ
ကာ ခုန်အုပ်ကိုက်ခဲ့သော်လည်း နောက်ဆုံးတွင် လူသားတို
ဓွမ်းဓောင်ဖြင့် ဖုံးအုပ်၊ ဖမ်းဆီးခြင်းကို ခံရသည်။ လူများ
ကြားမှ ထိတ်လန့်တကြား ပြေးထွက်ခဲ့ရသည်။ ဤသို့နှင့် ဥရု





ကမ်း အနောက်ဘက် လမ်းအတိုင်း ခြေဦးတည့်ရာ ပြေးလွှားခဲ့
ရာ လင်းအရုဏ်ပင် သန်းလာခဲ့သည်။

နန့်နင်းလိုင်းရွာသည်ဥရုမြစ်အနောက်ဘက်ကမ်းတွင်
တည်ရှိ၍ တာမခန့်ကျေးရွာအုပ်စုတွင် ပါဝင်သည်။ ရွှေရှာ၊
ကျောက်တူးသူများအပြင် တောင်ယာလုပ်သူများ၊ သစ်သီးဝလံ
ဥယျာဉ်လုပ်သူများနှင့် စိုပြည်နေသော ကျေးရွာလေးတစ်ရွာ
ဖြစ်သည်။ ရွာအတွင်းရှိ လူအားလုံးမှာ ရွှေရှာသူများ၊ ကျောက်
တူးသူများ၊ ဟင်းသီးဟင်းရွက်စိုက်သူများသာဖြစ်၍ တစ်နေ့ကုန်
ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသူများဖြစ်ကာ ညပိုင်း အနားယူ
အိပ်စက်သည်နှင့် ဆင်အော်လို့ဆိတ်မနိုး ဆိုသလို တစ်ညတာလုံး
သိုးနေအောင်အိပ်မောကျလေ့ရှိသည်မှာ အပြစ်မဆိုသာပေ။
အိပ်ရေးဝမှ အားရှိမည်၊ အားရှိမှ တစ်နေ့ကုန် တစ်နေ့ခန်း ပင်ပင်
ပန်းပန်း လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ကိုနိုင်အောင်နှင့် မစိန်စိန်မှာ နမ့်မော်ရွာသူ ရွာသား
နှီးမောင်နှံဖြစ်၍ တာမခန့်မော်တစ်ပိုက်တွင် ရွှေကျင်လာ
ကြခြင်းဖြစ်သည်။ ရွှေကျင်သည် ဆိုတာကလည်း လွယ်သည်
မဟုတ်ပါ။ စက်ကို အသုံးပြု လုပ်ကိုင်ခြင်းမဟုတ်သဖြင့် အလွန်
ပင်ပန်းသည်။ ရွှေပါသည့်မြေကို နေရာအနှံ့ သတင်းယူမေးမြန်း
၍ ရှာဖွေရသည်။ ရွှေမြေကို ရသည်နှင့် ဥရုမြစ်ကမ်းစပ်တွင်
သယ်ချ၍ ရေဖြင့်မျောလောင်းရသည်။ ရေထဲမှာပင် စင်အောက်



www.burmeseclassic.com

www.burmeseclassic.com



၍ ကော်ဇောဖတ်၊ ဂုန်နီအိတ်ဖတ်ခံ၍ ရွှေမြေစာကို လောင်းရသည်။ ရေဖြင့် အကြိမ်ကြိမ် လောင်းသည့်အခါ မြေစာများ အရည်ပျော်၍ ဆင်းသွားကာ ရွှေစ ရွှေနများ အိတ်ဖတ်ပေါ်တွင် တင်ကျန်ရစ်သည်။ အိမ်ဖတ်အစား ငှက်ပျောခွံဖတ်ကိုလည်း သုံး၍ ရသည်။

ရလာသည့် ရွှေစ ရွှေနပါသော ကျန်မြေစာများကို အင်ဝိုင်းခေါ် ရွှေကျင်ဗန်းဖြင့် ရေတွင်ချကာ ဝိုင်းယူရသည်။ ရေတွင် ရွှေမှုန်ချည်းဖြစ်သည်ဆိုပါမှ ရွှေဖမ်းပြဒါးကိုထည့်မွေ၍ ရွှေဖမ်းရသည်။ ပြဒါးဖြင့် စုလိုက်သော ရွှေမှာ ငွေရောင်ဝင်းခဲသော အလုံးသဏ္ဍာန်ရှိသည်။ ၎င်းငွေရောင်ပြဒါးခဲကို မီးဖြင့် မှုတ်ခြင်း၊ အပူပေးခြင်းဖြင့် ဝါဝါထိန်၍ နေသော ရွှေအစစ်ကို ရပါသည်။ ၎င်းကို ကျင်ရွှေဟူ၍လည်းကောင်း၊ မှော်ရွှေဟူ၍လည်းကောင်း ခေါ်၍ ပေါက်စျေးအတိုင်းရောင်းချရလေသည်။

တစ်နေကုန် နေပူထဲတွင် မြေနှင့်ရေကို ရောယှက်၍ လုပ်ကိုင်ရသဖြင့် ပင်ပန်းကြခြင်းဖြစ်သည်။ ခေါင်းနှင့် ခန္ဓာကိုယ် အထက်ပိုင်းက နေပူ၍ ခါးအောက်ပိုင်း ခြေထောက်က တစ်နေကုန် ရေစိမ်နေရသည်။ ရွှေကျင်လုပ်သားဘဝက မလွယ်ကူပါ။ သို့ဖြစ်၍ အိပ်လိုက်လျှင် တုံးခနဲ အိပ်ပျော်သွားသည်သာ။ လှလှ ပပ အိပ်မက် ဘာအိပ်မက် ညာအိပ်မက် မှ မက်၍ မနေအားကြပါ။ ခုလည်း အိပ်ပျော်နေသည်မှာ ဖနီးမောင်နှံနှစ်ဦးလုံး





တုံးခနဲပင် အိပ်မောကျ၍ပင် နေတော့သည်။

"ဂျစ် ... ဂျစ် ... ဂျစ် ... ဂျစ်"

"ဘောင်း ... ဘောင်း၊ ဗုန်း ဗုန်း"

ထူးထူးဆန်းဆန်း အသံများက အိမ်ပတ်လည်မှ ထွက်ပေါ်နေသည်။ မှောင်မှောင်မည်းမည်းမှ သတ္တဝါတစ်ကောင်ကောင်က အိမ်နံရံကို အင်နှင့်အားနှင့် ကုတ်ခြစ်နေပုံရသည်။ အိမ်ကလေးကို ပတ်ချာလှည့်၍ ကုတ်ခြစ်၊ ရိုက်ပုတ်နေခြင်းဖြစ်သည်။

ကိုနိုင်အောင်နှင့် ဇနီးမစိန်စိန်တို့ကတော့ အိပ်၍ ကောင်းဆဲပင်။

သူတို့အိမ်ကလေးမှာ ရွာစွန်ကျ၍ နန်းနှင်းလိုင်း ရွာနှင့် အတန်ငယ်ဝေး၏။ ရွာနှင့်သူတို့အိမ်ကြားတွင် သချိုင်းကုန်းကလေး ရှိသည်။ ကိုနိုင်အောင်တို့ လင်မယားမှာ ကြောက်တတ်သူများ မဟုတ်၍ တောင်ယာထဲတွင်ရှိသော ဤအိမ်ကလေးကို ငှား၍ နေထိုင်ခြင်းဖြစ်သည်။ အမိုးက သွပ်ဟောင်းများမိုး၍ နံရံလေးဖက်အကာများမှာ ပျဉ်ပါးကာသား(သစ်ဘေးကာအသားကြမ်း)များကို ကာထား၍ ခိုင်ခံ့သည်။ လူတစ်ရပ်နီးပါးခန့်မြင့်၍ အိမ်လေးအောက်တွင် ထင်းများ၊ မီသွေးများစီ၍ထားသည်။

ဤတောင်ယာတဲအိမ်တွင် နေကြသည်ဆိုသော်လည်း တစ်နေကုန် မနေနိုင်ကြပါ။ တစ်နေ့လုံး အချိန်ကုန်ရသည်က

www.burmeseclassic.com

www.burmeseclassic.com



ဥရုမြစ်ဘေးနှင့် မြေစာပုံကြားများတွင်သာ ဖြစ်သည်။ ထမင်းချက်ပြုတ်၍ နံနက်စောစော အလုပ်ဆင်း၊ ညမိုးချုပ်မှ အိမ်ပြန်အိပ်သည်။

တောင်ယာထဲမှာတော့ ယာခင်းရှင် ဦးယောဆက်တို့ မိသားစုက လုပ်ရင်းကိုင်ရင်း တစ်နေကုန်ရှိနေကြသည်။ ဦးယောဆက်တို့မှာ တစ်နေကုန် လုပ်ကိုင်ရင်း ညနေမှ နှစ်နှင်းလိုင်းရွာရှိ ၄င်းတို့အိမ်သို့ ပြန်အိပ်ကြသည်။ ကိုနိုင်အောင်တို့မှာ လုံလုံခြုံခြုံလည်း အိပ်ရ၊ ဟင်းသီးဟင်းရွက်လည်း အခမဲ့စားရသဖြင့် ပို၍ပင် အဆင်ပြေလှသည်။

"ဂျစ် ... ဂျစ် ... တလစ် ... ကလစ်"

"ငူး.. ငူး၊ ဝရူး ... ဝရူး"

"ဖြန်း ..ဖြန်း ... ဖြန်း"

အသံကပို၍ကျယ်လာသည်။ ဝမ်းခေါင်းသံကြီးကိုလည်း ကြောက်မက်ဖွယ်ကြားနေရသည်။ အိမ်နံရံအား ပုတ်ခတ်သံ ဆွဲကုတ်သံများသည် ပို၍ ကျယ်လောင်သလို "ဂါး... ဂရူး" ဆိုသော မာန်ဖီသံကြီးကိုပါ ကြားနေရပြန်သည်။ မစိန့်စိန့်မှာ ဓောချွေးများပြန်၍ လန့်နိုးလာသလို ထိတ်လန့်ဖွယ်အသံများကို ကြားလိုက်ရသဖြင့် မျာယာခတ်သွား၏။

"ကိုနိုင်အောင်၊ ကိုနိုင်အောင်"

"ဟင်း ... ဟင်း"





အိပ်ချင်မူးတူးသံဖြင့် ထူးလိုက်သည်။

"ကိုနိုင်အောင်၊ ထပါဦး။ အပြင်မှာ ဘာကြီးလဲ မသိဘူး။ နံရံကို ကုတ်ခြစ်နေတယ်"

"ဘာမှ မဟုတ်ပါဘူးကွာ"

"ထစမ်းပါဦးရှင့်၊ အပြင်မှာ ဘာကောင်ကြီးလဲ မသိဘူး။ ကြောက်စရာကြီး"

"ဝေါင်း ... ဝုန်း၊ ဖြုန်း ... ဖြုန်း"

"အမလေး .. ကိုနိုင်အောင်ရဲ့"

"ဟာ ဘာသံလဲဟ"

အပြင်မှ သတ္တဝါသည် တဲအိမ်ကို လက်ဝါးဖြင့် ပုတ်လိုက်ရာ အထဲတွင် ချိတ်ဆွဲထားသော ပစ္စည်းပစ္စယများ တဖြုန်းဖြုန်းနှင့် ကျကုန်တော့မှ ကိုနိုင်အောင်မှာ နိုးထလာတော့သည်။ အပြင်က သတ္တဝါမှာ တဂူးဂူး၊ တဂဲဂဲအသံပြု၍ ကုတ်ခြစ်နေဆဲပင်။

"မစိန်၊ မစိန်၊ အဲဒါ ဘာသံလဲဟ"

"မသိဘူး ကိုနိုင်အောင်ရဲ့ ကျွန်မလည်း သိသိချင်းရှင့်ကို နှိုးတာပဲ"

"ဓာတ်မီးကော ဓာတ်မီး"

"ဒီမှာ ဓာတ်မီးကရော့"

ကိုနိုင်အောင်က လက်နှိပ်ဓာတ်မီးဖြင့် အသံကြားရာ



www.burmeseclassic.com

www.burmeseclassic.com



နံရံကို ထိုး၍ ကြည့်လိုက်သည်။ နံရံအစပ်များကြားမှ နီနီရဲရဲ မျက်စိနှစ်လုံးကို တွေ့ကြရသည်။

"ဟာ ကျားကြီး မစိန်ရ"

"အဲ့ .. အဲဒါ၊ ဘယ်လိုလုပ်ကြမလဲကိုနိုင်အောင်"

ကျားဟုဆိုသည်နှင့် မစိန်စိန်မှာ ဟီးခနဲ ငိုချလိုက်ပါတော့သည်။ ကိုနိုင်အောင်က ဓာတ်မီးဖြင့် ကျားကြီးလှုပ်ရှားရာဘက်သို့ လှည့်ပတ်ကာ ထိုး၍ ကြည့်နေရင်း ကျားသတ္တဝါကြီးမှန်း သေချာသိသွားသည်။ သို့သော် ဘာလုပ်၍ ဘာကိုင်ရမှန်းမလဲမတွေးနိုင်။ ကျားကြီး ခြောက်လှန့်သမျှ ကြောက်၍ တုန်နေတော့သည်။

"ကိုနိုင်အောင် ဘယ်လိုလုပ်ကြမလဲတော်"

"ငါလည်းအသိတော့ဘူးကွာ။ မိုးကလည်း မလင်းနိုင်သေးဘူးကွ"

"ဂါး .. ဂရေး၊ ဝေါင်း ...ဝေါင်း"

ကျားကြီးက မာန်ဖီကာ ဆတ်တိုက်ဟိန်းဟောက်လိုက် တဖြုန်းဖြုန်း တဗုန်းဗုန်းဖြင့် တဲအိမ်ကို ဆွဲယမ်းလိုက်လုပ်နေပါတော့သည်။ ကျားကြီးလည်း ပို၍ စိတ်တိုလာဟန်တူသည်။ သက်ရှိသတ္တဝါသားကောင်ကို မြင်နေရပါလျက် စား၍မရ ဖြစ်နေလေပြီ။

"အီး ..ဟီးဟီး ... ၊ အီး ... ဟီးဟီး။ လုပ်ပါဦးတော် ကိုနိုင်အောင်ရဲ့"





"ငိုမနေနဲ့ မစိန်ရဲ၊ ဒီလိုလုပ်ရအောင်။ အော်လည်း အော်ကွာ။ ကျားရှိမယ့်နံရံဘက်ကို ကြဲ့ရာ၊ ရရာနဲ့ ပစ်ကွာ။ ဒီလိုနဲ့ ကယ်မယ့်သူစောင့်ရင်း မနက်မိုးလင်းထိ စောင့်ကြရတာပေါ့။ နေထွက်လာရင်တော့ ကျားကြီးထွက်သွားနိုင်လောက်ပါရဲ့"

"တော့်သဘောပဲတော်၊ အိမ်ပေါ်က ဆင်းပြေးလို့မှ မရတာဘဲဟာ"

"ကဲ ...ချကွာ"

ကိုနိုင်အောင်က အနီးရှိ ရေနွေးအိုးဖြင့် နံရံဆီသို့ ပစ်ပေါက်လိုက်သလို မစိန်စိန်ကလည်း ထမင်းစားပန်းကန်ပြားဖြင့် ပစ်ပေါက်လိုက်ရင်း တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

"ဖြုန်း ..၊ ဒိုင်း၊ ကယ်ကြပါဗျို့။ ကျားကြီး၊ ကျားကြီး"

"ဝှမ်း ... ဂလွမ်း ... ကယ်ကြပါရှင့်၊ ကျားကြီး ကျားကြီး"

"ခွမ်း .. ခလွမ်း"

"ဗြောင်း .. ဗြောင်း"

"အုန်း .. ဒိုင်း"

"ကယ်ကြပါ၊ ကယ်ကြပါ"

"လာကြပါဦး၊ လာကြပါဦး၊ ကျားဝင်နေပြီ ကျားဝင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ"

"ချွမ်း ... တောက်၊ ဗွမ်း"

ကိုနိုင်အောင်နှင့် မစိန်စိန်မှာ ပါးစပ်မှ အားကုန်အော်ဟစ် အကူအညီတောင်းရင်း ပုလင်းခွံ၊ ဖန်ခွက်၊ ဒန်အိုး၊ ဒယ်အိုး၊ ခေတ်ဘူးများနှင့်ပါ ပစ်ပေါက်နေရသည်။ ကျားနှင့်ဆန့်ကျင်ဘက် နေရာကို ကျော်ပေးရွှေ့လျားကာ ကြံ့ရာဖြင့် ဆွဲ၍ ပစ်ခတ်ရသည်။ ကျားသတ္တဝါလည်း အတန်ကြာသောအခါ မကုတ်ခြစ်တော့ဘဲ ငြိမ်ကျသွားသလို အရှေ့ဆီမှာ ရောင်နီအလင်းပျပျလည်း ထွက်ပေါ်လာသည်။ ထိုစဉ်မှာပင် –

"ဘာလဲဟေ့ ... ဘာလဲ"

"တို့လာပြီကွ၊ တို့လာပြီ"

"ဟေး ဟေး .. ဟိုး ဟိုး"

"ဝိုင်းဟေ့ .. ဖမ်းဟေ့၊ တွေ့ရာနှင့်ပစ်ကွာ"

"ပုံးတွေတီးကြဟေ့၊ ဥွမ်း ... ဥွမ်း ..ဥွမ်း ... အုန်း အုန်း"

ပုံးတီးသံ၊ ဝါးခေါက်သံ၊ အော်ဟစ်သံများနှင့်အတူ နန့်နင်းလှိုင်းရွာအတွင်းမှ ရွာသားများ ပြေးထွက်လာကြသည်။ အော်ဟစ်ခြောက်လှန့်ကြသည်။ ကျားသတ္တဝါမှာ အစာရှာ အရာရာနှင့် အကြောင်းကြောင်း ဖြစ်နေကာ လူသံများစွာကြား သည်နှင့် တောင်ယာအနီးရှိ တောင်ကုန်းပေါ်သို့ တက်၍ ပြေး





တော့သည်။ ပြေးပုံမှာလည်း တရားကျစရာပင်။ လူများက နောက်မှ လိုက်၍ မောင်းထုတ်သည်ကို ရှေ့မှနေ၍ တဖြည်းဖြည်း လှုပ်လီ လှုပ်လဲဖြင့် ပြေးနေရပါတော့သည်။ အတန်ကြာသော ဖုန်းဆိုးတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ကျားကြီးကား ပုန်းရှောင်၍ သွားပြန်ချေပြီတည်း။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)
## ဖုန်းဆိုးတောမှ သွေးစုပ်ကျား

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်

တာမခန်းကျေးရွာအုပ်စုမှ ကျားသတ္တဝါကြောင့် များစွာစိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ မြို့နယ်ကလည်း အဖွဲ့အညီများနှင့်အတူ ကျားဖမ်းမိရေး၊ ဖိအားပေးလျက်ရှိသည်။ နယ်မြေအနှံ့သို့ ကျားခြေရာခံရန် အဖွဲ့များခွဲ၍ စေလွှတ်သော်လည်း အကြောင်းထူးမလာသေးပေ။ အိပ်ရေးပျက်၊ လူပမ်းစိတ်မောဖြစ်ကြရသည်။ ယနေ့လည်း အဖွဲ့များထပ်မံ၍လွှတ်ကြရပြန်သည်။ ကျားကြီးသောင်းကျန်းခြင်းက ခြောက်ရက်မြောက်နေ့သို့ ရောက်လာပြန်ပြီဖြစ်သည်။

အဖွဲ့တစ်ဖွဲ့တွင် တာမခန်း ကြက်ခြေနီခေါင်းဆောင် ဦးတင်ဖေနှင့် အဖွဲ့ဝင်များဖြစ်ကြသော မောင်မြင့်အောင်၊ မောင်ထွန်းရီ၊ တာမခန်းအရံမီးတပ်ဖွဲ့မှ မောင်ကျော်လွင်၊ မောင်သံချောင်း၊ မောင်စန်းလွင်၊ မာတ်ပုံဆရာ ဥယျာဉ်မှူး၊





တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ ရဲဘော်လေးများပါဝင်သော အဖွဲ့သည် နန့်နှင်းလိုင်းရွာသို့ နံနက်ဝေလီဝေလင်းမှပင် စတင်ထွက်ခွာခဲ့သည်။ နန့်နှင်းလိုင်းရွာမှာ အတန်ငယ်ဝေး၍ ထင်မထားသော်လည်း လိုရမယ်ရအဖြစ် ကြိုတင် ထွက်ခွာလာရခဲ့ကြခြင်းဖြစ်သည်။

ကျားသတင်းစုံစမ်းရန်နှင့် ကျားခြေရာခံရန်အတွက်လည်းဖြစ်သည်။

နံနက်စောစော၌ပင်လက်နက်ကိုယ်စီကိုင်၍ တာမခန်ရွာမှ ထွက်ခွာခဲ့ကြသည်။ ရွှေရှာ၊ ကျောက်တူး၊ မြေစာပုံများကို တကွေ့တစ်ပတ် ဖြတ်ကျော်ရင်းမှ နန့်နှင်းလိုင်းရွာထိပ်သို့ ရောက်ရှိလာခဲ့ကြသည်။ ရွာထိပ်ရောက်ရောက်ချင်းပင် တစ်ဖက်ရွာများမှ ဆူညံအော်ဟစ်သံတို့ကို အတိုင်းသားကြားလိုက်ရသဖြင့် အပြေးအလွှားသွား၍ မေးမြန်းရတော့၏။

"ဘာဖြစ်ကြတာလဲ ... ဘာဖြစ်ကြတာလဲ"

"ကျားဗျ .. ကျားဗျ"

"ကျားဟုတ်လား ဘယ်မှာလဲဗျ"

"ဟိုးတောင်ကုန်းပေါ်က ဖုန်းဆိုးတောထဲဝင်သွားပြီ ဗျ"

"ဟာ .. ဒါဆိုအရေးကြီးတာပဲဟေ့"

ရွာသားများက ဦးတင်ဖေနှင့်အဖွဲ့ကို အသေးစိတ်ရှင်းပြကြလေသည်။ တောင်ယာထဲဝင်သည့်အကြောင်းမှသည် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးပုန်းရှောင်သွားသည့်အထိ အစအဆုံး သိရှိလိုက်ရသောအခါ ဦးတင်ဖေတို့အဖွဲ့မှာ ကျားသတင်းအတွက် အံ့ကျဖြစ်ရလေသည်။ သို့ဖြစ်၍ တာမခန်ရုံးနှင့် တာမခန်တပ်စခန်းသို့ ချက်ချင်း အကြောင်းကြားရန် စေလွှတ်လိုက်ရသည်။ ထို့အတူ ဖုန်းဆိုးတော ကိုလည်း တုတ်၊ ဓား လက်နက်များကိုင်ဆောင်ထားသော လူအုပ်ကြီးဖြင့် မျက်ခြေမပြတ် စောင့်ကြည့်နေကြရတော့သည်။

ဖုန်းဆိုးတောမှာ နန်းနှင်းလိုင်ရွာ၏ သချိုင်းကုန်းဖြစ်သော တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ကျားသတ္တဝါမှာ လူများ သောကြောင့် တောင်ယာတဲအိမ်မှတစ်ဆင့် တောင်ကုန်းပေါ်သို့ တက်ရောက်သွားသည်မှာလည်း မျက်မြင်ပင်ဖြစ်သည်။ ဖုန်းဆိုး တောထဲဝင်သွားသည်ကိုလည်း သေသေချာချာတွေ့လိုက်ရသည်။ ရွာသူ ရွာသားများပါဝင်သော ဦးတင်ဖေခေါင်းဆောင်သည့် စုပေါင်းအင်အားကလည်း (၆၀)ကျော်ခန့်ရှိသဖြင့် နှစ်ယောက် တစ်တွဲ နှစ်ယောက်တစ်တွဲစီဖြင့် ဖုန်းဆိုးတောကြီးအား ဝိုင်းရံ ထားလိုက်ကြလေသည်။ ကျားသတ္တဝါအနေဖြင့် ဘယ်သို့မျှ ထွက်၍မရအောင် စီစဉ်ကြရသည်။ ထွက်ခဲ့လျှင်လည်း အင်အား ဖြင့် ဖုန်းဆိုးတောထဲသို့ မောင်း၍ပြန်သွင်းကြရမည်။ မရှိပါက ကျားကြီးနောက်သို့ ထပ်ကျပ်မကွာ လိုက်ပါရန်ဖြစ်သည်။ ဝိုင်းဝန်း စောင့်စားနေစဉ် သေနတ်ရှိသောသူနှင့် ထိပ်တိုက်တွေ့ဆုံပါက မိမိရရ ပစ်ခတ်ရန်လည်း မှာကြားထားရသည်။





ကြက်ခြေနီခေါင်းဆောင် ဦးတင်ဖေမှာ စီမံခန့်ခွဲမှုစရာရှိသည် များကို ကြိုတင်စီစဉ်ထားရသည်။ ဖုန်ဆိုးတောကို လူအင်အား များများနှင့် မွှေနှောက်ရှာမှ ရမည့်မှန်းသူသိသည်။ သေနတ် လက်နက်များဖို့လိုသည်။

“ကဲနားထောင်ကြ .. လူအင်အား .. လက်နက်အင်အား ကိုကြည့်ပြီး နှစ်ဦးတစ်တွဲ ဖုန်းဆိုးတောကို ဝိုင်းထားကြမယ် တစ်ဖွဲ့နှင့်တစ်ဖွဲ့က ... ဝါးတစ်ပြန်ကွာပဲရှိပါစေ ... တစ်ဦးနှင့် တစ်ဦး မြင်နေရဖို့လိုတယ် ... နှစ်ယောက်တွဲကတော့ နီးစပ် နေရမယ် ... ဓားနဲ့လှံ၊ ဓားနဲ့ဒူးလေး ... ဝါးချွန်နဲ့ဓား အဲ့ဒီလို တွဲကြပါ၊ လူကြီးနှင့်လူငယ် မျှပြီးတွဲပါ၊ ကျားထွက်လာရင် ရင်ဆိုင်ပစ်ခတ်ဖို့မဟုတ်ဘူးနော်၊ ဓား၊ လှံ၊ ဝါးချွန်တို့နှင့် မရင်ဆိုင်ပါနဲ့၊ ကျားထွက်လာရင် သေနတ်သမားကို အချက်ပေး ခေါ်ပါ၊ အချိန်မရရင် ဖုန်းဆိုးတောထဲပြန်ဝင်အောင် အော်ဟစ်ပြီး ကြိုးစားမောင်းသွင်းပါ။ ဒါပေမယ့် ကျားကြီးအနေနဲ့ ထွက်ပြေး သွားရင်တော့ လူအုပ်နဲ့ မဖြစ်မနေ ကျားနောက်ကို ထပ်ကြပ် မကွာ လိုက်ကြရမယ်။ ရှိသေးတယ်၊ ကျားကိုစောင့်နေတုန်း ကျားလန့်အောင် ဆူညံအော်ဟစ်တာ မလုပ်ကြပါနဲ့၊ ကဲ ... မော်ဥက္ကဋ္ဌကြီးက ဦးဆောင်ပြီး နေရာချပေးပါခင်ဗျာ”

မော်ဥက္ကဋ္ဌ ဦးကံညွန့်ဦးစီး၍ ဖုန်ဆိုးတောကို လူအင်အား ဖြင့် ဝိုင်းပတ်လိုက်ကြ၏။ ထို့နောက် အကာအကွယ်များကို



www.burmeseclassic.com

www.burmeseclassic.com



မျက်ကွယ်ပြုရင်း ပုတ်းလျှိုးနေကြကာ ကျားသတ္တဝါကို စောင့်နေကြသည်။

"ကဲ ... ဆရာလဒွဲ၊ သေနတ်သမားကိစ္စကိုတော့ ဆရာကပဲ စီစဉ်ပါ"

တပ်မတော်မှ တပ်ကြပ်ဖြစ်သူ ဆရာလဒွဲက

"ကျွန်တော်မှာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် သေနတ်က ခြောက်လက်ပဲရှိတယ်။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်တော်တို့က မုဆိုးအနေနဲ့ အပျော်တမ်း တောပစ်ထွက်ခဲ့တာမဟုတ်ဘူးဆိုတာ သတိပြုရပါမယ်။ မှော်လူထု၊ မှော်ဒေသကို ခြိမ်းခြောက်နေတဲ့ ကျားဆိုးကိစ္စဆိုတော့ မြို့နယ်ကလည်း ဂရုပြုစောင့်ကြည့်နေကြတယ်။ လူတွေကိုလည်း အထိအခိုက်မဖြစ်စေချင်ဘူး။ ကျားကြီးကိုလည်း မလွတ်စေချင်ဘူး။ ဒါကြောင့် ကျားကြီးထွက်နိုင်မယ့် လမ်းကြောင်း လေးနေရာလောက်မှာ သေနတ်သမားတစ်ယောက်နဲ့ ကြက်ခြေနီ၊ မီးသတ်ပေါင်း သုံးယောက်တို့ နေရာခွဲပြီး ကင်းပုံးသဘောမျိုး ဝပ်နေကြရမယ်။ ကျားထွက်လာတာမြင်တာနဲ့ အချက်ပြတာနဲ့ ပစ်ခတ်နိုင်အောင် အသင့်နေကြရမယ်။ ကျန်နေတဲ့ သေနတ်သမားနှစ်ယောက်က လိုအပ်သလို အဝေးကနေ လှည့်ပတ်စောင့်နေကြရမယ်ဗျာ၊ ဘယ်နှယ့်လဲ"

"ကောင်းပါတယ်၊ တာမခန်က တာဝန်ရှိတဲ့အဖွဲ့နှင့် သေနတ်သမားတွေကိုစောင့်ရင်း အချိန်ဆွဲနေရတာပေါ့"





"ဒါဆိုရင် ရပါပြီ"

"ရွာထဲမှာရှိတဲ့ မိန်းမနဲ့ ကလေးတွေ သက်ကြီးရွယ်အိုတွေက ဟိုဘက်ရွာဖျားမှာ သွားစုနေကြပါ၊ လုံခြုံတဲ့အိမ်ခြံတစ်ခုခုမှာ စုစည်းနေကြပါ၊ တအားကြီးတော့မဆူညံကြပါနဲ့၊ ကျားအန္တရာယ်ကြောင့် ဘယ်ကိုမှလည်း မထွက်ကြပါနဲ့။ ကဲ သေနတ်သမားတွေအဖွဲ့ နေရာယူကြပါ၊ ခြေခံလုံ ။ အသံလုံ ရှိကြပါစေ"

တစ်ခဏခြင်းပင် - စီစဉ်တကျ ဝိုင်းရံလိုက်ကြသည်။ သေနတ်သမားများက ကျားထွက်နိုင်မည့် လမ်းကြောင်းများကို ရှာကြံ၍ ကင်းပုန်းဝပ် နေရာယူလိုက်ကြသည်။ ကြက်ခြေနီဦးတင်ဖေနှင့် တပ်ကြပ်ဆရာလဒွဲတို့ကလည်း သေနတ်နှစ်လက်ကို ပင်တိုင်ထား၍ နှစ်ဖွဲ့ခွဲကာ အဝေးမှရံ၍ တိတ်ဆိတ်စွာ ကြီးကြပ်လျက်ရှိသည်။

နံနက် ၇နာရီခန့်ရှိပြီဖြစ်သော်လည်း နှင်းများက တဖွဲဖွဲကျလျက်ရှိသည်။ ဆောင်းတွင်းနေမင်းက မပေါ်လာသေးသဖြင့် နှင်းမြူများက သိပ်သည်းစွာ ကျ၍ပင်လာချေသေးသည်။ နှင်းထုကြောင်း ဝါးတစ်ပြန်မျှဝေးသော အဖွဲ့အချင်းချင်းမှာ အထူးသတိထား၍ ကြည့်ရှုနေကြရသည်။ ချမ်းချမ်းအေးအေး နှင်းမှုန်ထဲတွင် တစ်ဦးနှင့်တစ်ဦး ကျောပေးကာ အခြားအဖွဲ့ကိုလည်းကောင်း ထွက်လာမည်လားဆိုသည့် ကျားသတ္တဝါကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း အထူးဂရုပြုနေကြရ၏။ အသံလည်းမထွက်ရဲသလို အမြင်လည်း မခံဝံ့သဖြင့် ကုပ်ကုပ်ကွေးကွေးနှင့်ပင် စောင့်နေကြရသည်။ ကျားကို မမြင်လိုက်ရဘဲ ထွက်သွား လွတ်သွားမည်ကို စိုးရိမ်နေကြရသည်။ တာမခန်အဖွဲ့ ရောက်လာစေချင်လှပြီ။

ရှစ်နာရီခန့်တွင် လေပြေများတိုက်ခတ်လာသဖြင့် နှင်းမြူများ ပျောက်ကွယ်သွားပြန်သည်။ နေရောင်ကို အတိအကျ မမြင်ရသေးသော်လည်း မြင်ကွင်းမှာ သဲကွဲလာသည်။ ပုန်းကွယ်စောင့်စားနေသူများမှာ ခိုက်ခိုက်တုန်မျှဖြစ်နေဆဲပင်။

အဝေးဆီမှ အသံဗလံများကြားရသည်။ တာမခန်အဖွဲ့ ချီတက်လာနေကြပြီ၊ ကြက်ခြေနီဦးတင်ဖေနှင့် တပ်ကြပ်ဆရာလဒွဲတို့က ထိုဆူညံသံများကြောင့် ကျားကြီးလန့်ပြေးမည် စိုးရိမ်ရသဖြင့် တောင်အောက်သို့ဆင်းကာ ကြိုဆိုရင်း သတင်းပို့ရသည်။

ဖုန်းဆိုးတောတောင်ခြေ၌ ခလရ (၈၆)မှ တာမခန် တပ်စခန်းမှူး ဗိုလ်ကြီးဇော်လွင်ဦးနှင့်အဖွဲ့ကို အင်အားတောင့်တင်းစွာ တွေ့ရသဖြင့် ဦးတင်ဖေတို့ အားတက်သွားရသည်။ ဗိုလ်ကြီးဇော်လွင်ဦးနှင့်အတူ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များမှာ လက်နက်အပြည့်အစုံဖြင့် ပါဝင်လာကြသည်။ ဗိုလ်ကြီးဇော်လွင်ဦးက ဦးတင်ဖေနှင့်ဆရာလဒွဲတို့၏ ရှင်းလင်းတင်ပြချက်ကို သေချာနားထောင်လျက်





"ဒါဆို ကျားကြီးက ဒီဖုန်းဆိုးထဲမှာ ရှိသေးတာပေါ့"

"ရှိတာ သေချာပါတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့အားလုံး လေ့လာပြီးပါပြီ"

"ကောင်းပြီ၊ ခင်ဗျားတို့ရဲ့ အဖွဲ့တွေကို သေသေချာချာ တစ်တွဲချင်းလိုက်ပြောပါ၊ အကာအကွယ်တွေမှာနေပါ၊ သတိထားကြည့်နေရပေမယ့် ခေါင်းထောင်ကြည့်ခြင်း၊ မတ်တပ်ရပ်ထကြည့်ခြင်း၊ သွားလာလှုပ်ရှားခြင်း မလုပ်ကြပါစေနဲ့၊ လုံးဝငြိမ်ငြိမ်နေပေးပါလို့ ထပ်ပြောပေးပါ၊ အထူးလည်း သတိထားပါလို့ ချက်ချင်းသွားသတိပေးလိုက်ပါ"

တစ်ဆက်တည်းပင် တပ်ဖွဲ့ဝင်များဘက်သို့လှည့်၍

"အားလုံးနားထောင်ကြ ကျားကြီးသောင်းကျန်းနေတာကြောင့် ပြည်သူလူထု တွေစိုးရိမ်နေကြတယ်၊ ဒီလိုပဲ တို့ရဲ့ စစ်ဗျူဟာမှူးကြီးနဲ့ မ-ယ-ကဥက္ကဋ္ဌလည်း အလွန်စိတ်ပူနေကြတယ်။ ကျားကြီးကိုရအောင် ကြိုးစားပါလို့ အကြိမ်ကြိမ် သတိပေးနေတယ်။ အခုတော့ ဒီကျားကြီးဟာ တောင်ပေါ်က ဖုန်းဆိုးတောထဲမှာ ပိတ်မိနေပြီ။ ဒါကြောင့် ဖုန်းဆိုးတောထဲကို ရင်ဘောင်တန်းဖြန့်ပြီး ဝင်ရောက်ရှင်းလင်းမယ်။ ရှင်းလား"

"ရှင်းပါတယ်"

တပ်ဖွဲ့ဝင်များ၏ အသံခပ်အုပ်အုပ်ထွက်ပေါ်လာသည်။

"သတိထားရမှာက သေနတ်ကို အရမ်းမအပ်ခတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဘဲ။ ကျားနဲ့ ထိပ်တိုက်တွေ့မှ ကျားကိုမြင်မှ သေချာပစ်ပါ။ ဘေးဘယ်ညာ လေးဘက် လေးတန်မှာ ဝိုင်းထားတဲ့လူတွေရှိတယ်။ အဲ့ဒါကို ဂရုစိုက်ပါ၊ ကျားကိုမြင်မှသာ သေချာပစ်ပါ။ နှစ်ယောက်တွဲ ရင်ပေါင်တန်းသွားပါ။ ဖုန်းဆိုးတောဆိုတော့ အောက်ခြေရှုပ်တယ်၊ သွားရခက်တယ်၊ ဖြည်းဖြည်းချင်းသွား။ ဖြည်းဖြည်းချင်းရှင်းမယ်၊ ငါတို့ရဲ့ အားသာချက်က ကျားကြီးဟာ အားမရှိတဲ့ ကျားပိန်ကြီး၊ ကျားအိုကြီးလို့ သိရတာပဲဖြစ်တယ်"

"ကဲ ဆရာကြီးထန်းဘူး၊ ဆရာကြီး ဒါဝိတို့က ရင်ပေါင်တန်း ရှင်းလင်းဖို့ စီစဉ်ပါ၊ ပြီးရင် ဖုန်းဆိုးတောကို တစ်ခါတည်း ဝင်ရှင်းမယ်။ ဒါပဲ"

ဤသို့နှင့် တပ်မတော်သားများသည် ဖုန်းဆိုးတောကို စတင်ရှင်းလင်းလေတော့သည်။

## ကျားကြီးနဲ့ ရင်ဆိုင်တွေ့ခြင်း

နံနက်(၉)နာရီခန့်တွင် နေမင်းသည် ထွက်စပြုလာသည်။ မြူနှင်းတို့မှာလည်း ပါးလျား၍ သွားသလို မြင်ကွင်းကား ရှင်းလင်းပီပြင်၍လာသည်။ ကျားကြီးအား ဝိုင်းရံထားသူအားလုံးမှာလည်း စည်းကမ်းတကျဖြင့် အသံမထွက် ငြိမ်သက်၍ စောင့်ဆိုင်းနေကြသည်။ အားလုံး၏ စိတ်ဓာတ်မှာလည်း တက်ကြွနေ





ကြသည်။ ဇန်နဝါရီလ (၄)ရက်နေ့မှစ၍ သောင်းကျန်းခဲ့သော ကျားဆိုးကြီးကို ဖမ်းမိစေချင်လှသည်။ ကျီးလန့်စာ စားနေကြရသဖြင့် ဤကဲ့သို့ ကြုံကြိုက်တဲ့အချိန်မှာ ကျားကြီးအား အလွတ်မပေးချင်ကြပါ၊ ယခုအခါမှာတော့ အင်နှင့် အားနှင့် ညီညီညွတ်ညွတ် ကျားဖမ်းပွဲ ဆင်နွှဲရလေပြီ။

နန်းနှင်းတိုင်း ဥက္ကဋ္ဌ ဦးကံညွန့်၊ အတွင်းရေးမှူး ကိုမိုးရဲဦး၊ ကျောင်းဆရာလေး ကိုသူရိန်၊ ကိုသိန်းတန်၊ ဆေးမှူးကိုမောင်မောင်၊ မောင်စန်းလွင်၊ ဆရာမပန်းရွှေစင်တို့က ရွာခံများဖြစ်၍ ဗိုလ်ကြီးဇော်လွင်ဦးတို့ အနီးတွင် လိုအပ်သလို စီစဉ်ပေးနေရသလို မိန်းမများ ကလေးများနှင့် သက်ကြီးရွယ်အိုများအား လုံခြုံရေးအတွက် ထိန်းသိမ်းနေကြရသည်။ သို့ဖြစ်၍ တစ်ရွာလုံး၏ အသံများ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ဗိုလ်ကြီးဇော်လွင်ဦးမှာကာဘိုင်သေနတ်ကို အသင့်ကိုင်၍ ဖုန်းဆိုးတောတစ်ခုလုံးအား မြှုံကြည့်နေရသည်။ ရဲဘော်များအားလုံး လက်နက်ကိုယ်စီဖြင့် ရင်ပေါင်တန်း၍ နေရာယူလိုက်ကြသည်။ တဖြည်းဖြည်းချင်း ရှေ့ကိုတိုး၍ ရှင်းလင်းကြရပေမည်။ ရဲတပ်ကြပ်ကြီးဦးမြင့်လွင်နှင့် ရဲတပ်သားအောင်ကျော်မိုးမှာ ပခုံးချင်းယှဉ်၍ ဖုန်းဆိုးတောထဲကို စတင်ဝင်ရောက်လေသည်။ ဘေးဘယ်ညာမှ နှစ်ယောက်တွဲဖြစ်သော အခြားအဖွဲ့များနှင့် ရင်ပေါင်တန်းဖြစ်စေရန် ခြေလှမ်းမကျော်မိစေရန်လည်း သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ များစွာ ကျော်လွန်သွားပါက မှားယွင်း၍ ပစ်ခတ်နိုင်သည်။ မတော်တဆ ကျည်ထိနိုင်ပေသည်။ အင်္ဂလိပ်ရိုင်ဖယ် (၃၀၃)သေနတ်အား မောင်းရင်းတွင် ကျည်အသင့်ထိုး၍ မောင်းတစ်ဝက်ဖိတ်ကာ အသင့်ထားရသည်။

မိုးကောင်းသား တပ်ကြပ်ကြီးကိုမြင့်လွင်နှင့် အောင်ကျော်မိုး၏ ညာဘက်နှစ်လံအကွာခန့်တွင် ဆရာကြီးထန်းဘူးနှင့်အတွဲရှိသလို ဘယ်ဘက်၌ တပ်ကြပ်ကြီး ဦးသန်းထွန်းနှင့် တပ်ကြပ် ကိုဇော်မိုးတို့အတွဲရှိနေသည်။ ဤသို့နှင့်ဖြန့်ခွဲ၍ စောနှင်းနေကြသည်။ ထူထပ်သော ဖုန်းဆိုးတောအား တိုးဝှေ့၍ ရှာဖွေနေကြပေပြီ။

ဘယ်ကိုရှောင်ပုန်းနေဦးမှာလဲ ကျားကြီးရေ

လူများကြားမှ အကြိမ်ကြိမ်ရှောင်ပုန်းနိုင်ခဲ့သော ကျားကြီး ဤတစ်ကြိမ်တွင်ကား လူများ၊ လက်နက်များကြားမှ ရှောင်ပုန်းနိုင်ပါမည်လား။

နန်းနှင်းလိုင်းရွာ သချိုင်းကုန်းမှ ဖုန်းဆိုးတောကြီးမှာ တံမြက်စည်းလုပ်သော ပြောင်စာပင်များ၊ ကိုင်းပင်များ၊ ကျာမနီခေါ် ဘီးစပ်ပင်များ စသော အလေ့ကျပေါက်သည့် ပေါင်းပင်၊ ချုံပင်၊ ဆူးရစ်ပင်များ၊ ထူပြောစွာပေါက်ရောက်နေကြသည်။ သက်ငယ်၊



သမန်း၊ ဆင်ငိုစသော မြက်ကြမ်းများကလည်း ဂတိုးမပေါက်နိုင်အောင် ထူထပ်လှသည်။ အချို့နေရာများတွင်လည်း လက်ခုပ်တစ်ဖောင်မျှမက မြင့်မားသော ကိုင်းပင်များ ပြောင်စာပင်များမှာ အုံလိုက်ကြီး စုဖွဲ့ပေါက်ရောက်နေကြသည်။ အောက်ခြေရှုပ်သော ဖုန်းဆိုးတောဖြစ်သဖြင့် လျှပ်ရှား၍ မလွယ်ကူပါ။ မည်သို့မျှအသံမထွက်စေသော်လည်း မရပါ။

လူတိုး၍မရသော်လည်း ကျားမှာ လှုပ်ရှားမှုနှင့် အသံများကြောင့် တစ်နေရာမှ တစ်နေရာသို့ အပင်ခြေရင်းများမှ ဝပ်တွား၍ ရွေ့လျားလျက်ရှိသည်။ ကျားကြီး၏ ဝပ်တွား၍ တိုးဝှေ့ရှောင်ရှားမှုက ညင်သာလှပေသည်။ တောင်ယာဟောင်း ဖုန်းဆိုးတောက တစ်မျှော်တစ်ခေါ်မျှပင် ကျယ်ဝန်းလှပေသည်။

ယနေ့ နေသာ သည်ဟု ဆိုရမည် နံနက် (၁၀)နာရီခွဲတွင် နေမင်းက ဝင်းဝင်းပပပေါ်ထွက်လာသည်။ ဖုန်းဆိုးတောနင်းသူများ ပတ်ပတ်လည်မှ စောင့်ကြည့်နေသူများအတွက် မြင်သာထင်သာဖြစ်သွားသည်။ မြင်ကွင်းကောင်းသွားပြီ။ ခါတိုင်းဆိုလျှင် နေ့ (၁၂)နာရီကျော်အထိ နှင်းမကွဲတတ်ချေ။ သို့သော်လည်း နေပူရှိန်နှင့်အတူ တောတိုးပင်ပန်းမှုများကြောင့် ချွေးများဖြိုင်ဖြိုင်ကျ၍လာသည်။ ဖုန်းဆိုးတောမှ ကျယ်ပြန့်လွန်းသဖြင့် တောနင်းသည်မှာ (၂)နာရီခန့်ပင် ရှိပြီဖြစ်သော်လည်း အဆုံးမသတ်နိုင်သေး။ ကျားကိုလည်း မတွေ့ရသေး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသန်းထွန်းမောနေပြီလား''

ရဲတပ်ကြပ် ကိုဇော်မိုးက ချွေးဒီးဒီးကျနေသည့် ရဲတပ်ကြပ်ကြီး ဦးသန်းထွန်းကို လေသံတိုးတိုးဖြင့် မေးလိုက်သည်။

ဦးသန်းထွန်းက တိုးညင်းစွာဖြင့်

''မောတာပေါ့ကွာ၊ မင်းလည်း ပင်ပန်းနေပြီ''

ဟုတ်ပေပြီ၊ နေပူပူတောတိုးနေရသဖြင့် ရဲတပ်ကြပ်ကိုဇော်မိုးမှာလည်း ချွေးများ ယိုစီး၍ ပင်ပန်းနေပေပြီ။ ရဲတပ်ကြပ်ကြီးဦးသန်းထွန်းနှင့် ရဲတပ်ကြပ်ကိုဇော်မိုးတို့မှာ ခင်မင်ရင်းနှီးသူများဖြစ်၍ အတူတွဲနေကြသလို မကြာမီကာလတွင် ရှေ့နေများဖြစ်လာကြမည့် ပုဂ္ဂိုလ်များလည်းဖြစ်ပေသည်။ ရှေ့နေလောကသို့ ဝင်ရောက်လုပ်ကိုင်ရန် စီစဉ်ထားပြီးဖြစ်သည်။

''ကျွတ် ... ကျွတ် ... ကျွတ်''

''ဝရော .. ဝရော .. ဖြော ဖြော''

ရှေ့ကိုက်တစ်ရာခန့်မှ တောတိုးသံ သဲ့သဲ့ကိုကြားရသည်။

''ဟောဟော .. အသံကြားတယ်''

''ဒါ ကျားဆိုးတောတိုးသံပဲ''

''အရမ်းမပစ်နဲ့နော်၊ ရှေ့ကိုက်သုံးရာပတ်လည်မှာ လူတွေ ရှိနေတယ်''

ရဲတပ်ကြပ်ကိုဇော်မိုးရော၊ ရဲတပ်ကြပ်ကြီးဦးသန်းထွန်းပါ ရိုင်ဖယ်များကို ပခုံးပေါ်ထောက်၍ အသင့်ချိန်ထားကြသည်။





ချုံဖျားလှုပ်ရှားမှု ခပ်မှုန်မှုန်က ဘယ်ဘက်သို့ ဦးတည်နေသည်။ ထင်တော့ မထင်ရှားလှ၊ မသေချာလှ၊

''တို့ရဲ့ ဘယ်ဘက်ကိုရွေ့နေတယ်ကွ''

''ကျွန်တော်တို့ဘယ်ဘက်မှာ ဘယ်သူ့အတွဲလဲ ဆရာကြီး''

ဦးသန်းထွန်းက အတန်ငယ်စဉ်းစားလျှက်

''တပ်က ဆရာကြီးတစ်ဦးပဲကွ''

ထိုအချိန်တွင် ရှေ့တူရူ ကိုက် (၃၀၀)ခန့်မှ ဖုန်းဆိုးတောကို ဝိုင်းရံထားသူတို့၏ သံပြိုင်အော်ဟစ်သံများ ဆူညံစွာပေါ်လာသည်။

''ဟေး .. ဟေး ... ဟိုး .. ဟိုး''

''ဝုန်း ... ဝုန်း .. ဗုံး .. ဗုံး''

အစီအစဉ်ပြောင်းလဲဟန်တူသည်။ ဝါးခေါက်သံ၊ သံပုန်းတီးသံများနှင့်အတူ ဆူညံစွာ အော်ဟစ်သံတို့က ကျယ်လောင်စွာ ဟိန်းထွက်လျှက်ရှိနေသည်။ ဗိုလ်ကြီးဇော်လွင်ဦး စီစဉ်လိုက်ခြင်းပင်၊ ဖုန်းဆိုးတော၏ လေးပုံ သုံးပုံကို ရှင်းလင်းနိုင်ပြီဖြစ်သော်လည်း ကျားကြီးကိုကား မတွေ့ရသေးပါ။သို့ဖြစ်၍ ရှေ့ဘက်မှ ကြိုပြီး ခြောက်သံပေးလိုက်ခြင်းဖြစ်၏။

အကွာအဝေး ကိုက်(၃၀၀)အတွင်း ကျားကြီးက ဝေးချာပေါက်ရှိနေကာ မြေဝပ်ရှောင်တိမ်းနေပုံရသည်။ ဖုန်းဆိုးတော



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားလျှင် လွတ်ထွက်သွားနိုင်သည်။ သေနတ်ကိုင်တောနင်းသူများနှင့် သေချာပေါက်တွေ့မှ ဖြစ်ပေတော့မည်။ အန္တရာယ်ကြီးသော်လည်း ထိပ်တိုက်ရင်ဆိုင်နည်းကိုသာ မလွဲမသွေ သုံးရပေမည်။

အသံများက ဆူညံစွာထွက်ပေါ်နေဆဲ။

သေနတ်ကိုင်တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ တောနင်းရှာဖွေ၍ ကျော်လွန်ခဲ့သော ဖုန်းဆိုးတောကို ရွာသားများ၊ ကျောင်းသားများက ဓား၊ လှံ၊ ဝါးချွန်များဖြင့် ရှင်းလင်းနေကြသည်။ မသက်သာသော ချုံပုတ် ဆူးချုံများကို လှံများ၊ ဝါးချွန်များနှင့် ထိုးစိုက်ခြင်း၊ ဓားများနှင့် ခုတ်ထစ်ဖျက်ဆီးခြင်းများ ပြုလုပ်နေကြသည်။ အားလုံး၏ စိတ်ထဲတွင် ကျားကြီးလွတ်သွားပြီဟု ထင်နေကြ၏။

သို့သော် ကျားကြီးသာ တကယ်ရှိနေသည်ဆိုပါက ကျားအတွက် နယ်က ကျဉ်းမြောင်းလာပေပြီ။ အချိန်မှာ နံနက် (၁၁)နာရီကျော်လာသည်။

တာမခန်တပ်စခန်းမှ တပ်ကြပ်ကြီးဦးခင်မောင်နှင့် တပ်သားဖိုးသားကြီးတို့လည်း ကျည်ထိုးထားသော သေနတ်များကို သတိနှင့်ကိုင်လျက် အများနည်းတူ ယှဉ်ပေါင်တန်း၍ တောနင်းတောရှင်းလာကြသည်။ သူတို့နှစ်ဦးမှာ စစ်သားကြီးများဖြစ်၍ ပင်ပန်းသည်ဟု မထင်ဘဲ တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်





လျက်ရှိသည်။

မကြာမီ ညာဘက်မှ တောတိုးသံ တရှဲရှဲကို ညင်သာစွာ ကြားလိုက်ရသလို ချုံပင်ဖျားအချို့ လှုပ်ရှမ်းသွားသည်ကို တွေ့လိုက်ရသည်။ ညာဘက်သို့ကြည့်လိုက်ရာ ရဲကြပ်ကြီးနှစ်ဦးက လက်မထောင်၍ပြရင်း လှုပ်ရှားမှုရှိရာ နေရာသို့ သေနတ်ပြောင်းများ ချိန်ထားကြသည်ကို တွေ့နေရသည်။

"သတိထားနေ"

"တစ်ခုခုပဲဆရာကြီး"

တပ်ကြပ်ကြီး ဆရာခင်မောင်နှင့် ရဲဘော်ဖိုးသားတို့က နှစ်ဦးသား နားလည်မှုယူလိုက်၏။ ဆရာကြီး ခင်မောင်က ကာဘိုင်သေနတ်၏ လုံခြုံရေးသော့ကို ပစ်ခတ်ရန် အသင့်ထားရှိလိုက်သလို ရဲဘော် ဖိုးသားကြီးကလည်း ဘီအေ(၆၃) မောင်းပြန်ရိုင်ဖယ်ကို ပစ်ခတ်ရန် အသင့်အနေအထားတွင် ထားလိုက်၏။ ထို့နောက် တဖြည်းဖြည်းချင်း ရွေ့လျားကာ ချုံပင်များအတွင်းသို့ တိုးဝင်နေလိုက်သည်။ ချုံများကြောင့် ဆရာကြီးခင်မောင်နှင့် ရဲဘော်ဖိုးသားတို့မှာ တစ်လံမျှ ကွာဝေးသွားသလို ဖိုးသားကြီးက လက်တစ်ကမ်းမျှ နောက်ကျကျန်ရစ်ခဲ့ပြန်သည်။ တပ်ကြပ်ကြီး ဆရာဦးခင်မောင်မှာ တပ်သားဖိုးသားကြီးကို တစ်ချက်စောင့်ငဲ့ကြည့်ရင်း တဖြည်းဖြည်း ရွေ့လျားတိုးသွားနေလေသည်။

"ဟေး ·· ဟေး၊ ဟိုး ··· ဟိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဗုန်း … ဗုန်း၊ အုန်း … အုန်း"

ရုတ်တရက် အရှေ့မှ အော်ဟစ်သံများ ထွက်လာသည်။ ဆရာကြီး ဦးခင်မောင်က အသံများကြောင့် တစ်ချက်တန့်ခနဲ ဖြစ်သွားသည်။ ရဲဘော် ဖိုးသားကြီးထံမှ 'အရေးထဲကွာ' ဟူသော စိတ်မရှည် ညည်းတွားသံ ထွက်ပေါ်လာ၏။ ဆောင်းတွင်းနေ ဖြစ်သော်လည်း နေမွန်းချိန်က ပြင်းသည်။ မွန်းတည့်ချိန်နီးမှသာ သဖြင့် ပိုဆိုးလာသလို ချွေးများကြောင့် ပို၍ပင်ပန်းလာသည်။ ကိုင်းရွက်များရှသဖြင့်လည်ပင်းနှင့် မျက်နှာမှာ စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။ ဘာမှ မစားရသေးသဖြင့် ဝမ်းဗိုက်က ဆာသလိုဖြစ်လာ၏။ ရေသောက်ဦးမှပဲ ဟု စိတ်ကူးရသော်လည်း ရှေ့ကို ဂရုစိုက်နေရသဖြင့် မသောက်ဖြစ်တော့။ အသံများဆက်လက် ထွက်ပေါ်နေဆဲပင်။

အော်ဟစ်သံများကြောင့် တပ်ကြပ်ကြီးဦးခင်မောင်သည် စိတ်မရှည်သလို ရှေ့သို့တိုးဝင်လိုက်၏ သေနတ်ကိုင်လက်က အနည်းငယ် လျော့ရဲသွားသည်။

ရှေ့သို့ ရုတ်တရက်အတိုး၊ မျက်လုံးကလည်းအကြည့်-

"ဟာ … ကျားကြီး"

စိတ်ထဲမှ အသံမထွက် ရေရွတ်မိခြင်းသာ။

စကောဝိုင်းလောက်ရှိသော ခေါင်းကြီးနှင့် မျက်လုံးပြူး ပြူးကြီးက တပ်ကြပ်ကြီးကို စိုက်ကြည့်နေသလို တပ်ကြပ်ကြီး





ကလည်း မထင်မှတ်သဖြင့် တစ်ချက်တွေသွားသည်။ ကျားကြီး နှင့် ဝါးတစ်ဖြန့်အကွာ သက်ငယ်နှင့် ဘီးစပ်များရောနှော၍ ပေါက်နေသော မုန်းဆိုးကွင်းပြင်သည် အန္တရာယ်ဇုန်တစ်ခုဖြစ်၍ သွားသည်။ ကျားကြီးက စတင်လှုပ်ရှားလိုက်သည်။

"ဝေါင်း … ဝုန်း"

ကျားကြီးသည် ကျယ်လောင်စွာ ဟိန်းသံပြု၍ တပ်ကြပ် ကြီးခင်မောင်ထံသို့ လျှင်မြန်စွာခုန်အုပ်လိုက်သည်။ ကျားကြီးအား မြင်တွေ့ချိန်၊ ခုန်အုပ်ချိန်မှာ တစ်ပြိုင်တည်းဖြစ်၍ မြန်ဆန်လွန်း သဖြင့် ဆရာကြီး ဦးခင်မောင်မှာ လန့်ဖျပ်ကာ ယိမ်းယိုင်သွား ရသည်။ သူ၏ ရုပ်တရက် ယိမ်းယိုင်လှုပ်ရှားသွားမှုကြောင့် ကျားကြီးမှာ ဘယ်ဘက်လက်ဖြင့် ဆရာကြီးဦးခင်မောင်ကို ဖြောင်းကနဲ လှမ်း၍ လိုက်ပုတ်ရာ ဆရာကြီးမှာ နောက်ပြန်ယိုင် လျက် ဖင်ထိုင်ကျသွားသည်။ တပ်ကြပ်ကြီးဦးခင်မောင်မှာ သတိ ကို လက်မလွှတ်စေဘဲ သစ်ပင်ငယ်တစ်ပင်အား ဆွဲကိုင်လျက် မှဆိုးဒူးထောက်ထိုင်ချလိုက်၏။

တွဲဖက်လည်း ဖြစ်သော တပည့်ဖြစ်သူ ရဲဘော်ဖိုးသား ကြီးသည် ကျားဟိန်းသံကြီးကို ရုပ်တရက်ကြားလိုက်ရသည်နှင့် ဂျီသရီး မောင်းပြန်ရိုင်ဖယ်အား အသင့်ကိုင်လျက် ဆရာကြီးဖြစ် သူထံ အပြေးအလွှား တောတိုး၍ သွားလိုက်ရသည်။ ခြုံများရှုပ် ထပ်သဖြင့် ဆရာကြီးထံ ချက်ချင်းမရောက်နိုင်ဘဲဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးသတိထား"

ကျားကြီးသည် ရှုပ်ထွေးနေသော ချုံကြားမှ ခေါင်းပြူ၍ ထွက်လာသည်။

"ဂါး ... ဂရား"

ထိုင်လျက်ရှိသော တပ်ကြပ်ကြီးအား ကျားကြီးသည် မာန်ဖီလိုက်ရင်း ခုန်၍အုပ်လိုက်သည်။

"ဝေါင်း"

တပ်ကြပ်ကြီး ခင်မောင်သည် ဒူးထောက်ထိုင်လျက်က ကာဘိုင်သေနတ်ကို အသင့်ချိန်၍ ကိုင်ထားပြီးဖြစ်သည်။ စစ်သားစိတ်၊ ယောကျာ်းစိတ်၊ ရဲရင့်စိတ်၊ အောင်နိုင်လိုသောစိတ် အသိ၊ သတိစိတ်တို့ကို စုစည်းလိုက်နိုင်ပြီဖြစ်သော ဆရာကြီးခင်မောင်သည် ကျားကြီးကို မကြောက်မရွံ့ ရင်ဆိုင်ရန် အသင့်ဖြစ်နေချေပြီ။

ကျားကြီးသည် မာန်သွင်း၍ ဟိန်းဟောက်သော အသံနက်ကြီးနှင့်အတူ အဝါ အနက်ဆင်း ခန္ဓာကိုယ်ကြီးမှာ လေပေါ်သို့ မြောက်တက်လာသည်။ အစွမ်းကုန် ဟပြဲနေသော ကျားပါးစပ်ကြီးမှာ အစွယ်ဖွေးဖွေးကြီးများနှင့်ဖြစ်တော့၏။

လေပေါ်တွင် ဝဲပျံနေသော ကျားပါးစပ်နှင့် မေးစေ့ ရင်အုပ်တို့အား အတိုင်းသား မြင်လိုက်ရသည်။ တပ်ကြပ်ကြီးသည် အသိကို သတိနှင့်ချုပ်ထိန်းကာ ညာဘက်လက်ညှိုးကို





အားကုန်ကွေး၍ သေနတ်မောင်းခလုတ်ကို ကွတ်ဆွဲလိုက်၏။ ကာဘိုင်သေနတ်ပြောင်းဝမှ ပြေးထွက်သွားသော ကျည်ဘူးများမှာ ကျားကြီး၏ မေးစေ့အောက်ရှိ လည်ပင်းနှင့် ရင်ဘတ်အတွင်းသို့ အတွဲလိုက် အတွဲလိုက် ထိမှန် ဝင်ရောက်သွားပါတော့သည်။

"ဒိုင်း ... ဒိုင်း .. ဒိုင်း"

ကာဘိုင်ကျည်ဆံများ အတွဲလိုက် ပစ်ခတ်ခြင်းခံရသော ကျားကြီးမှာ မြေပေါ်သို့ ဗိုင်းကနဲ ပြုတ်ကျသွားသည်။ ကျားကြီးမှာ မြေပြင်ပေါ်သို့ရောက်သည့်တိုင် အသက်မထွက်သေးဘဲ ဆက်လက်ရုန်းပြုရန် ကြိုးစားနေပြန်သည်။

"ဂီး .. ဂရား ... ဂါး"

တပ်ကြပ်ကြီးသည် ကြောင်ပြီး ခေတ္တခဏ ကြက်သေသေသွားသည်။

"ခြောက် ခြောက်"

ကျားကြီးက ဝမ်းလျားထိုးကာ ကိုက်ဆွဲလာသဖြင့် ကာဘိုင်သေနတ်ဖြင့် ထိုး၍ပစ်လိုက်သော်လည်း ကျည်မထွက်တော့ ကျည်ကုန်သွားပြီဖြစ်သည်။

ထိုစဉ်တွင်ပင် တပည့်ဖြစ်သူ ရဲဘော်ဖိုးသားက ချုံများကြားမှ တိုးဝှေ့ရောက်လာသည်။ ဝမ်းလျားထိုး၍ ကိုက်ဆွဲနေသော ကျားကြီးနှင့် ကျည်ဆန်ကုန်၍ နောက်ဆုတ်နောက်ဆုတ်ဖြစ်နေသော ဆရာကြီးကိုခင်မောင်ကို ဗြုန်းကနဲတွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျားကြီးသည် ဆရာကြီးနှင့် တစ်ဆောင်မျှပင် မဝေးတော့။

မြင်ကွင်းက ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသည်။

ကျားကြီးမှာ သွေးများဖြင့် ရွှဲစို အိုင်ထွန်းနေသလို ဆရာကြီးခင်မောင်မှာလည်း သွေးများဖြင့် ရွှဲနစ်နေသည်။ ရဲဘော်ဖိုးသားကြီးသည် ဘီအေ (၆၃) ကျိုသရီး မောင်းပြန်ရိုင်ဖယ်နှင့် ချိန်ထိုး၍ ပစ်လိုက်သည်။

"ဒိုင်း ... ဒိုင်း"

ဘီအေ(၆၃)မောင်းပြန် ရိုင်ဖယ်သည် အင်အားပြင်းထန်စွာဖြင့် ကျည်ဖူးများကို ခါထုတ်ပစ်လိုက်သည်နှင့် လှုပ်ရှားမာန်တက်နေသော ကျားကြီးလည်း တဆက်ဆက်ခါရမ်းကာ ငြိမ်သက်သွားတော့သည်။ ရဲဘော်ဖိုးသားကြီးက ကျားကြီးကို ပွဲသိမ်းပစ်ခတ်လိုက်ခြင်းသာဖြစ်သည်။ ကျားကြီးကား အသက်မရှိတော့။

ကျားဆိုးကြီးကား မိုက်ဇာတ်သိမ်းသွားပေပြီ။

"ဆရာကြီး၊ ဆရာကြီး ဘာဖြစ်သွားသေးလဲ"

"ဖိုးသားကြီး ငါဘာမှမဖြစ်ဘူးဟေ့၊ ကျားကြီးသေပြီလားဟေ့"

"သေသွားပြီဆရာကြီး"

"ရှူး..ရှူး.. ဝေး... ဝေး"





ရင်ပေါင်တန်းဖြန့်ကာ တောနင်းနေကြသော သေနတ်ကိုင် ရဲဘော်များ ခဏချင်းပင် စုဝေးရောက်ရှိလာကြသလို အော်သံများလည်း ဆူညံသွားပြန်သည်။

"ကျားကြီးသေပြီဟေ့"

"ကျားကြီးသေပြီ ... ကျားကြီးသေပြီ"

"ဟာ ..ဟုတ်လား"

"ပျော်တယ်ဟေ့ ... ပျော်တယ်ဟေ့"

"သွေးစုပ်ကျားကြီးသေပြီဟေ့"

အားလုံး အားလုံးပျော်မြူးသွားကြသည်။

၄-၁-၁၉၉၉ ခုနှစ် (လွတ်လပ်ရေးနေ့)ည (၈)နာရီခန့်မှစ၍ သောင်းကျန်းခဲ့သော ကျားဆိုးကြီးမှာ လူများစွာကို ဒုက္ခပေးခဲ့ရင်းမှ ယနေ့ (၉-၁-၁၉၉၉)နေ့ (၁၂)နာရီတွင် တပ်စခန်းရပ်သွားချေပြီ။ မိုက်ဇာတ်သိမ်းသွားချေပြီ။ (၆)ရက် (၅)ညခန့်သာ ကြာခဲ့သော်လည်း တာမခန်နယ်မြေဒေသအား တုန်လှုပ်ချောက်ချားအောင် ဒုက္ခပေးခဲ့သော သွေးစုပ်ကျားကြီး (ခေါ်) ကျားဆိုးကြီးကား ယခုတော့ မော်သူမော်သားတို့၏ တုန့်ပြန်မှုကို အသက်နှင့် ခန္ဓာဆုံးပါးသည်အထိ ခံစားရလေတော့သည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)
## ကျားဆိုးကြီးဇာတ်သိမ်း

မှန်းတည့် (၁၂)နာရီခန့်၌ ကျားဆိုးကြီးကို ပစ်သတ်ရရှိခဲ့သည်။ နန့်နှင်းလိုင်းရွာတွင် တပ်မတော်ရဲတပ်ဖွဲ့၊ ကြက်ခြေနီ မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာအဖွဲ့အစည်းများ၊ မော်နေအကျင်းသားများ၏ စုပေါင်းညီညွတ်မှု၊ ဝိုင်းဝန်းနှိမ်နင်းမှုဖြင့် ကျားဆိုးကြီးကို အောင်မြင်နိုင်ခဲ့သည်။ ကျားဆိုးကြီးမှာ (၅)ညနှင့် (၆)ရက်အတွင်း လူခြောက်ယောက်ကို ကိုက်ဆွဲ၍ ပြင်းထန်စွာဒဏ်ရာရစေခဲ့သည်။ အနီးအပါးရှိ လူထုအား အနှောင့်အယှက်ပေးကာ မော်ဒေသများကို လိုက်လံသောင်းကျန်းလာခဲ့သည်။ နေ့တွင် ပုန်းရှောင်၍ ညညကျမှထွက်ရှိလာကာ လူသွေးကို ကိုက်ဆွဲစုပ်မျိုခဲ့သည်။

ငှင်းကျားကြီးကား ထူးဆန်းလှပေသည်။

သို့သော် ကျားကြီးမှာ နတ်ကျားမဟုတ် သလို အရှင်ကြီးကျားလည်းမဟုတ်ချေ။ သို့သော်-

ကျားကြီးမှာ 'လက်တစ်ဖက်ပြတ်ဓားသမား' နှင့် အသွင်





တူသော 'လက်တစ်ဖက်ပြတ် ကျားကြီး' သာဖြစ်သည်။ အမြီးဖျားမှ နှာယောင်အထိ ရှစ်တောင်ခွဲရှိသော ကျားကြီးဖြစ်သဖြင့် ကိုးတောင်ကျားစာရင်းဝင် ကျားကြီးမျိုးသာဖြစ်သည်။ လူကြီးအတောင် ရှစ်တောင့်တစ်ထွာရှိသော ကျားကြီးမှာ အဘယ်ကြောင့် အင်အားခွေပျော့ကာ လူကိုခိုက်ချီ၍ မသွားနိုင်ပါသနည်း။ လူကိုသေဆုံးသည့်အထိ ဘာကြောင့်မကိုက်သတ်နိုင်ပါသနည်း။ နေ့တွင် ပုန်းရှောင်၍ ညပိုင်းမှ ဘာကြောင့်သောင်းကျန်းပါသနည်း။ ပဟေဠိမေးခွန်းများ သဲဖွယ်ဖြစ်ခဲ့ကြရ၏။

ကျားကြီးမှာ ခန္ဓာနယ်ဘက်မှ နယ်ကျွံလာခြင်းဖြစ် သလို လူမုဆိုးများ၏ ထောက်ချောက်ဖြစ်သော ဘီ(ခေါ်)သံညှပ်ဖြင့် ထောင်ချောက်မိခံရခြင်း ဖြစ်နိုင်ဟန်ရှိ၏။ ထောင်ချောက်မှ ရုန်းကန်ရင်း ဘယ်ဘက်လက်ကောက်ဝတ်မှ တိတိရိရိပြတ်ကျန်ခဲ့ခြင်းဖြစ်ပေမည်။ သံညှပ်ထောက်ချောက်မဟုတ်ပါကလည်း သေးမျှင်မာကြောသော သံမဏိစတီးကြိုးဖြင့်ဆိုပါက ပို၍ဆိုးပါသည်။ သံမျှင်မှာ ရှန်းလေအသားထဲ နစ်ဝင်လေမြင့် နောက်ဆုံးအဘယ်ဘက်လက်ကောက်ဝတ်မှာ ပြတ်၍ သွားခြင်းလည်းဖြစ်နိုင်ပါသည်။ သံနန်းကြိုးဖြင့် အလွန်မာကြောသော ကျောက်စိမ်းတုံးကြီးများကိုပင် ဖြတ်တောက်ခွဲစိတ်နိုင်သည်က သက်သေပင်။

ဘီသံညှပ်ထောက်ခြောက်မှာ အချင်း(၂)ပေ (၃)ပေ ကျယ်သော ညှပ်ကြီးများဖြစ်၍ လွှသွားနှင့် ငါးမန်းစွယ်များ



www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။ သစ်ခက် သစ်ရွက်မြေစာများဖြင့် ပုံဖျက်ထောင် ရသည်။ အမျိုးသမီးသုံး ဆံညှပ်သည့်ကလစ်သဘောမျိုးဖြစ်ပါ သည်။ ကျားကြီး၏ ဘယ်ဘက်လက်အား တိတိပပ ညှပ်မိခဲ့ဟန် လည်း ဖြစ်နိုင်သည်။ လက်တစ်ဘက်မဲ့ ကျားကြီးမှာ အနာရင်း၍ နေမကောင်းဖြစ်ကာ အားအင်ကုန်ခမ်းခြင်း၊ သွေးထွက်လွန်ကဲ ခြင်း၊ သားကောင်များကို လွယ်လွယ်ကူကူရှာ၍ မရခြင်းတို့ အပြင် တောတွင်းရှိ အင်အားကြီး တောတိရစ္ဆာန်ကောင်များ၊ တောခွေးအုပ်များ၊ လူမုဆိုးများ၏ အန္တရာယ်ကို ကြောက်ရခြင်း ကြောင့် ခြေဦးတည်ရာ ရှောင်ရှားသွားလာရင်းမှ ဖားကန့်နယ် တာမခန်မော်သို့ ရောက်လာခဲ့ခြင်းဖြစ်ပေမည်။

တောတိရစ္ဆာန်များ လျှင်မြန်စွာ ရှောင်ရှားနိုင်သဖြင့် လွယ်လွယ်တွေ့ရသော လူတို့ကို အစာအဖြစ် သတ်မှတ်ခြင်းပင် ဖြစ်ပေမည်။ လူအများမှာ အလုပ်ပင်ပန်း၍ ပေါ့ပေါ့လျော့လျော့ နေတတ်သလို အန္တရာယ်မရှိသော ဒေသမို့ သတိမမူနေကြရင်းမှ အားမရှိ ခါးချည့်နေသော ကျားဆိုး၏ သွေးစုပ်သော ဒဏ်ကို ခံကြရခြင်းပင်ဖြစ်သည်။

မနုဿမုဆိုးတို့၏ ထောင်ချောက်ကြောင့် ဘယ်ဘက် လက်ကောက်ဝတ် ပြတ်နေသော ကျားကြီးမှာ ခြေလက် သုံးချောင်းကိုသာ အားပြု၍ လှုပ်ရှားသွားလာနိုင်သဖြင့် လျင်မြန် ခြင်းမရှိတော့ချေ။ သားကောင်ငယ်များကိုပင် ဖမ်းယူမစားသောက်





နိုင်သဖြင့် အစာတော်မွတ်လာကာ လွယ်လွယ်ရှာတွေ့မြင်ရသော မော်တွင်းရှိ လူများကို ရန်ရှာခြင်းဖြစ်ပေမည်။ ကျားကြီးမှာ ရန်ပင်ရှာရသော်လည်း အားမရှိရှာသဖြင့် သွေးစုပ်ခြင်းဖြင့်သာ ကျေနပ်ရလေသည်။ သို့ဖြစ်၍ ကျားကြီးမျိုးဖြစ်နေသော်လည်း လူစု လူဝေးနှင့် လူသံတွေကို ကြောက်နေရပြန်သည်။

ရသမျှသော လူသွေးကို စုပ်မျိုရင်း အသက်ဆက်နေ ရရှာသော ကျားကြီးမှာ နေ့အခါတွင် တောင်ယာပျက်များ၊ ဖုန်းဆိုးတောကြီးများထဲတွင် ဝင်ရောက်ပုန်းပောင်းနေရသည်။ ယခုပုန်းပောင်းနေခဲ့သော နန့်နှင်းလိုင်းရွာမှ ဖုန်းဆိုးတောကြီးမှာ ကျယ်ဝန်း၍ ချုံပုတ်များ၊ ကိုင်းပင်များ အလွန်ထူထပ်သည်။ လမ်းကြောင်းမရှိဘဲ တိုးဝင်၍ မရသဖြင့် ကျားကြီးအတွက် လုံခြုံလှသော်လည်း လူအများအတွက်မူ အန္တရာယ်ကြီးလှသည်။

ယနေ့မှ ကျားဆိုးကြီးကိုမရလျှင် နောက်ပိုင်းတွင် ရက်လ ကြာလာသည်နှင့်အမျှ ပို၍ ဆိုးရွားလာနိုင်သည်။ ဤ သည်ကို တွေးမိကြ၍ လူအင်အား၊ လက်နက်အင်အားအား အားကိုး အသုံးပြုပြီး အန္တရာယ်ကြီးလှသော ဖုန်းဆိုးတောကြီးကို ပင်ပမ်းခံ ဝိုင်းရံရှာဖွေ၍ ရဲရဲရင့်ရင့် ဝင်ရောက်ပစ်ခတ်နိုင်ခဲ့ခြင်း သည်ပင် အံ့မခန်းရှိလှပါတော့သည်။

ကျားဆိုးကြီးနိဂုံး



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ရရှိလာသော ကျားကြီးကို ထမ်းပိုး၍ တာမခန်သို့ ပြန်လည်ရောက်ရှိချိန်တွင် အနီးအဝေးရှိ ရွာများ၊ မော်များမှ လူပေါင်းများစွာ အုန်းအုန်းကျွတ်ကျွတ် လာရောက်ကြည့်ရှုကြလေသည်။ တာမခန် တပ်စခန်းရှေ့တွင် စင်မြင့်ရှိ ခုံတန်းလျားပေါ်တင်၍ ကျားကြီးကို ပြသထားရာ အစောင့်အကြပ်များမသိအောင် ကျားနုတ်ခမ်းမွေးနုတ်သူများ၊ ကျားလက်သည်း လိုးယူသူများကြောင့် ကျားကြီးမှာ လူအုပ်ကြီးကြားတွင် နုတ်ခမ်းမွေးတစ်ပင်မှ မရှိတော့သော ကျားကြီးဖြစ်ရလေတော့သည်။

ပိုဆိုးသည်မှာ ကျားအမြီးတစ်မိုက်ခန့်ကို ဖြတ်ယူသွားသဖြင့် ပင်ပန်းမှုကြားမှ ဟာသအဖြစ် မှတ်ယူကြရပြန်လေသည်။

ဤသို့ဖြင့် (၅)ညနှင့် (၆)ရက်ကြာခန့် တာမခန်ကျောက်စိမ်းမော်တွင် သောင်းကျန်းရန်ပြုခဲ့သော 'သွေးစုပ်ကျားကြီး'မှာ စိတ်ကူးယဉ်ဆန်ဆန် အံ့မခန်း ရုပ်ချည်းပေါ်ပေါက်လာသလို ရုပ်ချည်းပင် နိဂုံးကမ္ပတ် အဆုံးသတ်သွားပါတော့သည်။

သို့သော် နောင်နှစ်ပေါင်းများစွာ ကြာလာသည့်အထိ ဤဂမ္ဘီရဆန်သော 'သွေးစုတ်ကျားကြီး' အကြောင်းကား တာမခန်ဒေသတွင် လက်ဆင့်ကမ်း၍ ပြောဆိုနေကြမည်သာဖြစ်ပါတော့သည်။





(၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၄ ရက် ည ရှစ်နာရီခန့်မှ ဇန်နဝါရီလ(၉)ရက်နေ့ ၁၂ နာရီအထိ ဖားကန့်တာမခန် ကျောက်စိမ်းမော်တွင် ဂမ္ဘီရဆန်စွာ ပေါ်ပေါက်ခဲ့သော 'သွေးစုပ်ကျားကြီး' ၏ တကယ့်ဖြစ်ရပ်မှန်ကို ရေးသားဖော်ပြခြင်းဖြစ်ပါသည်။)

သစ်ထူးအိမ်

ဦးကျော်ဝင်းမောင် (ဆရာကျော်ဇောဟိန်း)

၀၉၇၃၁၈၃၃၉၀

၁၆-၁၀-၂၀၁၄

၁၀/၁၀၂(ပ)/၁၆A/ယုဇန



www.burmeseclassic.com